
http://swanbros.blogspot.com



http://swanbros.blogspot.com

ဆရာချစ်စံဝင်း၏ (၇၉) အုပ်မြောက်စာအုပ်

# အညာအသွေး

## ချစ်စံဝင်း

http://swanbros.blogspot.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အရည်အသွေး | ၁၃ |
| ၂။ | အရည်သွေးလိုအပ်ခြင်း | ၁၄ |
| ၃။ | အရည်အသွေးမဲ့ခြင်းနှင့် ဆုံးရှုံးခြင်း | ၁၇ |
| ၄။ | စိုက်ပျိုးရေးခေတ်မှ စက်မှုခေတ်သို့ | ၁၈ |
| ၅။ | သတင်း အချက်အလက် ခေတ် | ၂၄ |
| ၆။ | အနာဂတ်ကို ငှားရမ်းနေထိုင်ခြင်း | ၂၈ |
| ၇။ | လူဦးရေ တိုးပွားမှု | ၂၉ |
| ၈။ | စဉ်ဆက်မပြတ် ဖြစ်စဉ်ကြီး | ၂၉ |
| ၉။ | အဘိဓာန်လာ အရည်အသွေး | ၃၁ |
| ၁၀။ | ၂၁ ရာစု၏ အရည်အသွေးဆိုင်ရာ အဓိပ္ပာယ် | ၃၅ |
| ၁၁။ | ရှေးအခါက အရည်အသွေး | ၃၉ |
| ၁၂။ | အက်ဒဝပ်ဒဲမ်းမင်း၏ အလုံးစုံအရည်အသွေး | ၃၉ |
| ၁၃။ | ဂျပန်တို့ဆရာ ဒဲမ်းမင်း | ၄၂ |
| ၁၄။ | စနစ်ပေါင်း အရည်အသွေး ထိန်းသိမ်းမှု | ၄၄ |
| ၁၅။ | အပြစ်အနာအဆာရှာဖွေသူ ပါရဂူ | ၄၇ |
| ၁၆။ | ချွတ်ယွင်းဖောက်ပြန်မှု သုံးည | ၄၈ |

၁၇။ ဒဲမ်းမင်း၏ အကြံပြုချက် ၆ ချက် ၅၀

၁၈။ ဒဲမ်းမင်း၏ မူ ၁၄ ချက် ၅၂

၁၉။ ဒဲမ်းမင်း၏ စက်ဝိုင်းပတ်နည်း ၅၃

၂၀။ ကိန်းဂဏန်း လျှာထားချက်များ ၅၅

၂၁။ အကြောက်တရားကို မောင်းထုတ်ပါ ၅၇

၂၂။ ခေါင်းဆောင်မှု ၅၉

၂၃။ ဈေးနှုန်းကို အခြေမခံပါနှင့် ၆၀

၂၄။ အလုပ်ခွင်သင်တန်း ၆၂

၂၅။ ဆုတံဆိပ် ချိုးမြှင့်ခြင်း ၆၃

၂၆။ ပညာပေး အစီအစဉ် ၆၅

၂၇။ ကြွေးကြော်သံနှင့် တွန်းအားပေးခြင်း ၆၆

၂၈။ အတွေးအမြင်သစ်ကို လက်ခံပါ ၆၈

၂၉။ အလုံးစုံ အရည်အသွေးနှင့် စီမံခန့်ခွဲမှု ၆၉

၃၀။ ပဲနီ၏စိတ်ကူး ၇ ရပ် ၇၂

၃၁။ ဂျပန်တို့၏ အရည်အသွေး
တည်ဆောက်ဟန် ၇၃

၃၂။ စိတ်ထား ၇၅

၃၃။ အပန်းဖြေ အနားယူမည့်ခေတ် ၇၆

၃၄။ အရည်အသွေးရှိသော ဝန်ဆောင်မှု ၇၈

၃၅။ မက်မောစရာကောင်းသော ဝန်ဆောင်မှု ၈၀

၃၆။ ဟိုတယ်ဝန်ဆောင်မှု ၈၂

၃၇။ အရည်အသွေးနှင့် မန်နေဂျာ ကဏ္ဍ ၈၃

၃၈။ အရည်အသွေးနှင့်ပတ်သက်၍

http://swanbros.blogspot.com


|  |  |  |
|---|---|---|
|  | ထင်ရှားသူများ | ၈၅ |
| ၃၉။ | မြန်မာနိုင်ငံနှင့် အရည်အသွေး | ၈၈ |
| ၄၀။ | သမိုင်းအစဉ်အလာနှင့် လူသား | ၉၀ |
| ၄၁။ | ကမ္ဘာ့အကြီးဆုံး ပုလဲပိုင်ရှင် | ၉၁ |
| ၄၂။ | မြန်မာတို့၏ အရည်အသွေး ချိုးနှိမ်ခံရခြင်း | ၉၂ |
| ၄၃။ | အရည်အသွေးထုတ်ဖော်ရမည့် ကဏ္ဍနှစ်ရပ် | ၉၃ |
| ၄၄။ | ဆရာပေါ်ဦးသက်၏ အယူအဆ | ၉၆ |
| ၄၅။ | သောမတ်(စ)ကာလိုင်း၏ စာအုပ် | ၉၈ |
| ၄၆။ | အရှင်ဇနာကာဘိဝံသ၏ ဝါဒ | ၉၉ |
| ၄၇။ | ရိုးသားမှုရှိမှ အကောင်းဆုံးရ | ၁၀၂ |
| ၄၈။ | အရည်အသွေးတည်ဆောက်ရာတွင် အဓိကလိုအပ်ချက် | ၁၀၃ |
| ၄၉။ | အလုပ်မှ လစ်လာသည့် လူငယ် | ၁၀၆ |
| ၅၀။ | ဆောင်ရမည့်သီလ | ၁၀၇ |
| ၅၁။ | ရစ်မသည် ဥကိုစောင့်သကဲ့သို့ | ၁၁၀ |
| ၅၂။ | ပန်းထိမ်တတ်ခင် ရွှေခိုးသင် | ၁၁၃ |
| ၅၃။ | ၂၁ ရာစု၏ ရင်းနှီးမြှုပ်နှံမှု | ၁၁၅ |
| ၅၄။ | လယ်တီဆရာတော်ကြီး၏ ဆုံးမစကား | ၁၁၇ |
| ၅၅။ | ကိုရီးယားနိုင်ငံ၏ |  |

၅၆။ ကိုရီးယားနိုင်ငံ၏
အရည်အသွေးတည်ဆောက်မှု ၁၂၀
၅၇။ သတ္တိရှိ သူတော်ကောင်း
လူတော်ပညာရှိ ၁၂၃
၅၈။ အရည်အသွေးရှိမှ မျိုးချစ်၍ရမည် ၁၂၅
၅၉။ အရည်အသွေးနှင့် စပ်ဆိုင်သော
ကိစ္စတစ်ရပ် ၁၂၇
၆၀။ အရီးတောင်း လက်ဖက် ၁၃၀
**ရည်ညွှန်း စာအုပ်စာတမ်းများ** ၁၃၅

# အရည်အသွေး

၁၉၈၁ ခုနှစ်၊ နှစ်ဦးကာလက ဖြစ်ပါသည်။ ဖို့ဒ် မော်တော်ကား ကုမ္ပဏီ၏ ဥက္ကဋ္ဌ အသစ်စက်စက် ဖြစ်သူ ဒေါ်နယ်အီးပီတာဆင်သည် သူ၏အခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ရင်း ကုမ္ပဏီ၏ သေရေးရှင်ရေး ကိစ္စတစ်ရပ်ကို စဉ်းစားနေပါသည်။ ထိုအချိန်တွင် ဒီးထရွိုက် မော်တော်ကားလုပ်ငန်း အမှုဆောင် အရာရှိအချို့သည် ဂျပန်ကားများ ဈေးကွက်၌ မိမိတို့ကားများထက် ဒီဇိုင်းပုံစံရော အရည်အသွေးပါ သာလွန်ကျော်တက်သွားခြင်းနှင့် ပတ်သက်၍ ဂျပန်နိုင်ငံသို့ သွားရောက်လေ့လာမှုပြုနေခြင်းကို ဖို့ဒ် မော်တော်ကား ကုမ္ပဏီဥက္ကဋ္ဌ အသစ် ဒေါ်နယ်အီးပီတာဆင်က သိထားပြီး ဖြစ်သည်။ ပီတာဆင်သည် ခေါင်းပူအောင်

http://swanbros.blogspot.com



အတော်အတန် စဉ်းစားပြီး ကမ္ဘာ၏ ဟိုမှာဘက်ခြမ်းတွင် ရှိနေသော ပုဂ္ဂိုလ်ကြီးတစ်ဦးကို မိမိတို့ကုမ္ပဏီသို့ ခေါ်ယူ ဆွေးနွေးရန် ဆုံးဖြတ်လိုက်၏။ ဆုံးဖြတ်ပြီးသည်နှင့် တစ်ပြိုင်နက် ထိုပုဂ္ဂိုလ်ကြီးအား ချက်ချင်းလည်း ခေါ်ယူလိုက်သည်။ ထိုကိစ္စသည် ဖို့ဒ်ကုမ္ပဏီ၏ စွန့်စားမှုတစ်ရပ်ဖြစ်သလို ဖို့ဒ်ကုမ္ပဏီအတွက် အနာဂတ်လည်း ဖြစ်၏။ ထိုမျှသာမက အမေရိကန်နိုင်ငံ၏ အနာဂတ်လည်း ဖြစ်၏။ ဖို့ဒ်ဥက္ကဋ္ဌသစ် ပီတာဆင်က လေးလေးနက်နက် တွေးတော၍ မိမိတို့ ကုမ္ပဏီ၏ အနာဂတ်အတွက် ဂျပန်နိုင်ငံမှ အဆောတလျင် ခေါ်ယူတွေ့ဆုံခဲ့သော ပုဂ္ဂိုလ်ကြီးမှာ အခြားသူမဟုတ်။ ယနေ့ကမ္ဘာတွင် အရည်အသွေးဆိုင်ရာ ပါရဂူကြီးအဖြစ် ထင်ရှားပြီး အရည်အသွေးဆိုင်ရာ ကမ္ဘာ၏ ကျေးဇူးရှင်ကြီးလည်းဖြစ်၊ ဂျပန်တို့၏ ဆရာသမားလည်းဖြစ်သော ဒဗလျူ အက်ဒဝပ် ဒဲမ်းမင်း **W. Edward Denming** ဆိုသော ပုဂ္ဂိုလ်ကြီးဖြစ်၏။

ဖို့ဒ်ကုမ္ပဏီက ဒဲမ်းမင်းကို ခေါ်ယူလိုက်ခြင်းသည် မိမိတို့ကုမ္ပဏီအတွင်းသို့ အလုံးစုံ အရည်အသွေးကို ခေါ်ယူတင်သွင်းလိုက်ခြင်း ဖြစ်သလို ထိုခေါ်ယူမှုသည် ဖို့ဒ်ကုမ္ပဏီအတွက်သာမက အနောက်ကမ္ဘာတစ်ခုလုံးအတွက် အလုံးစုံ အရည်အသွေးကို အရှေ့ကမ္ဘာမှ မှာယူတင်သွင်းလိုက်ခြင်းလည်း ဖြစ်၏

http://swanbros.blogspot.com



## အရည်အသွေးတို့၏ကမ္ဘာ

ယနေ့ကမ္ဘာသည် အရည်အသွေးကမ္ဘာဟု ဆိုရလောက်အောင် ကဏ္ဍအသီးသီး ကိစ္စအရပ်ရပ်တွင် အရည်အသွေးအကြောင်း ပြောဆိုနေကြသည်။ ထို့ပြင် ယနေ့ကာလသည် နေရာတကာတွင် ထုတ်လုပ်သောပစ္စည်းများ၊ ထုတ်ကုန်များ **PRODUCTS** အရည်အသွေးကောင်းရေး၊ ပေးအပ်သော ဝန်ဆောင်မှုအရပ်ရပ်တို့ **SERVICES** အရည်အသွေး ကောင်းမွန်ရေး၊ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စများ **MANAGEME-NT** အရည်အသွေးကောင်းရေး၊ အရည်အသွေးရှိသော ပြည်သူများ၊ အရည်အသွေးရှိသော ခေါင်းဆောင်များ ဖြစ်ပေါ်ရေးနှင့်အတူ အရည်အသွေးရှိသော ကမ္ဘာကြီးကို ထူထောင်နေသော အခါသမယလည်း ဖြစ်သည်။

ယနေ့ကမ္ဘာကြီးသည် အရည်အသွေး **QUALITY** ဟူသော စကားရပ်မျှနှင့် မတင်းတိမ် မရောင့်ရဲနိုင်ဘဲ အလုံးစုံအရည်အသွေးဟု ဆိုအပ်သော **TOTAL QUALITY CONTROL** အထိ ရည်မှန်းလုပ်ဆောင်နေသော အချိန်ကာလ ဖြစ်သည်။

ယခုလိုအချိန်မျိုးတွင် ကျွန်တော်တို့သည် အရည်အသွေးကို မေ့လျော့ထား၍မရ၊ အရည်အသွေးကို ဥပေက္ခာပြု၍မရ။ ဘက်စုံအရည်အသွေးကို တည်ဆောက်ရမည့် အချိန်အခါဖြစ်သောကြောင့် ဤအရည်အသွေး

http://swanbros.blogspot.com



ဆိုင်ရာ စာအုပ်ကို ရေးသားရခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် မျက်မှောက်ကာလနှင့် အလုံးစုံ အရည်အသွေးထိန်းသိမ်းရေးဆိုင်ရာ စာတမ်းကိုလည်း ရေးသားဖတ်ကြားမှုပြုခဲ့သည်။ အရည်အသွေးနှင့်ပတ်သက်သော ဆောင်းပါးများကိုလည်း ရေးသားခဲ့သည်။ ယင်းဆောင်းပါးများကိုလည်း ယခုစာအုပ်၏ နောက်ပိုင်းတွင် ဖော်ပြထားသည်။

## အရည်အသွေး လိုအပ်ခြင်း

ယနေ့ကမ္ဘာတွင် အရည်အသွေး လိုအပ်လျက်ရှိသည်ဆိုသောကိစ္စကို တင်ပြမည်ဟုဆိုပါက တစ်ကမ္ဘာလုံး သင်ခန်းစာရခဲ့သော ၁၉၈၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့က ဖြစ်ခဲ့သည့် ဖြစ်ရပ်တစ်ခုကို တင်ပြရန် လိုအပ်ပါသည်။ ထိုနေ့က အမေရိကန် အာကာသယာဉ် ချယ်လင်ဂျာ အာကာသအတွင်းသို့ လွှတ်တင်မည့် အစီအစဉ်ကို နိုင်ငံတကာမှ ကမ္ဘာ့ပြည်သူများနှင့်တကွ အမေရိကန် ပြည်သူတစ်ရပ်လုံးသည် အချို့က တီဗွီဖန်သားပြင်ပေါ်မှ စောင့်ကြည့်နေကြသလို အချို့သော အမေရိကန်ပြည်သူများက တိုက်ရိုက် မျက်မြင် စောင့်ကြည့်နေကြသည်။ ချယ်လင်ဂျာ လွှတ်တင်ခြင်းသည် အာကာသဆိုင်ရာ လေ့လာရေးအတွက် အရေးကြီးသော ကိစ္စရပ်ဖြစ်၍ ကမ္ဘာ့ပြည်သူများနှင့်အတူ ထောင်ပေါင်း

http://swanbros.blogspot.com



များစွာသော သိပ္ပံပညာရှင်တို့ကလည်း စောင့်ကြည့်နေကြ၏။

ချယ်လင်ဂျာ အာကာသယာဉ်ပေါ်တွင် အာကာသယာဉ်မှူး ခုနစ်ဦး လိုက်ပါသွားကြ၏။ အာကာသယာဉ်မှူးများသည်လည်း ယုံကြည်မှုအပြည့်၊ ပျော်ရွှင်မှုအပြည့်၊ ဂုဏ်ယူမှုအပြည့် တက်ကြွမှုအပြည့်နှင့် လိုက်ပါသွားကြခြင်းဖြစ်၏။ ထိုအထဲတွင် ကံကောင်းသူ ကျောင်းဆရာမ ခရစ်တာမက်ကောလစ်ဖ်လည်း ပါဝင်သည်။ ဆရာမမက်ကောလစ်ဖ်သည် ဤခရီးတွင် ပါဝင်ရန် ခက်ခက်ခဲခဲ အရွေးချယ်ခံခဲ့ရသူ ဖြစ်၏။

သတ်မှတ်ထားသောအချိန်သို့ ရောက်သောအခါ အမေရိကန် ချယ်လင်ဂျာ အာကာသယာဉ်ကြီးသည် ကမ္ဘာမြေပြင်၏ ဆွဲအားကို ဆန့်ကျင်၍ အာကာသထဲသို့ ငှက်ကြီးတစ်ကောင်ကဲ့သို့ စတင် ထိုးဝင် မြောက်တက်သွားသည်။ ထိုသို့ မြောက်တက်သွားပြီး ၇၃ စက္ကန့်မျှ အကြာတွင် အာကာသယာဉ်ကြီးသည် မမျှော်လင့်ဘဲ ပေါက်ကွဲသွားခဲ့ရာ အာကာသယာဉ်ပေါ်တွင် ပါသွားသော အဖိုးတန် ပညာရှင်ခုနစ်ဦး အသက်ဆုံးရှုံးခဲ့ရုံမျှသာမက လူသားတို့၏ အာကာသအတွင်းသို့ တက်လှမ်းရေး၊ အာကာသ သုတေသနပြုလုပ်ရေး၊ အာကာသဆိုင်ရာ စူးစမ်းလေ့လာရေး လုပ်ငန်းအရပ်ရပ်တို့သည် ချက်ချင်း ရပ်ဆိုင်းသွားသည်။

ချယ်လင်ဂျာ ပျက်ကျမှုကြောင့် အမေရိကန်တို့၏ အာကာသလေ့လာရေး လုပ်ငန်းအရပ်ရပ်သည် အချိန် အတန်ကြာ ရပ်ဆိုင်းခဲ့ရုံသာမက အာကာသယာဉ်၏ ဒီဇိုင်းပုံစံပေါင်း ၄၀၀ ခန့်ကို အသစ်ပြန်ရေးဆွဲခဲ့ရ၏။ အာကာသယာဉ်၏ အစိတ်အပိုင်းများစွာကို ပြင်ဆင်လဲလှယ်ခဲ့ရသည်။ အာကာသယာဉ်၏ အရေးကြီး အစိတ်အပိုင်း အများအပြားကိုလည်း ပြောင်းလဲပြင်ဆင် ခဲ့ရပေရာ ကုန်ကျစရိတ် အလွန်မှ များပြားလွန်းသည်။ ထိုပြင်ဆင်မှုအရပ်ရပ်အတွက် အမေရိကန်ဒေါ်လာ သန်းပေါင်း ၂ သိန်း ၄ သောင်းကျော်မျှ ကုန်ကျခဲ့သည်ဟု ဆိုပါ၏။ ထိုပြုပြင်မှုအရပ်ရပ်အတွက် နာဆာအဖွဲ့ သည် သုံးနှစ်တိုင်တိုင် အချိန်ယူခဲ့ရသည်။

ချယ်လင်ဂျာ ပေါက်ကွဲပျက်စီးရမှုကို သေချာစွာ လေ့လာသောအခါ ချယ်လင်ဂျာ၏ ခက်ခဲရှုပ်ထွေးသော နည်းပညာဆိုင်ရာ အစိတ်အပိုင်းတစ်ခုကို မူလကပင် သတိမမူဘဲ အလွယ်လုပ်ဆောင်ထားခဲ့သော အထောက် အထားတစ်ရပ်ကို ရှာဖွေတွေ့ရှိသည်။

လူ့သမိုင်းတွင် ချယ်လင်ဂျာ ပျက်ကျမှုကို အစ မ ကောင်းခဲ့၍ အနှောင်းမသေချာမှုအဖြစ် မှတ်တမ်း တင်ခဲ့ကြရပါ၏။ ချယ်လင်ဂျာ ပျက်ကျမှုသည် အရည် အသွေးထိန်းသိမ်းမှု **QUALITY CONTROL** နှင့် တင်းတိမ်နေ၍မရဘဲ အလုံးစုံ အရည်အသွေးထိန်းသိမ်း မှု **TOTAL QUALITYT CONTROL (TQC)** လိုအပ်နေ

http://swanbros.blogspot.com



သေးကြောင်း လူသားတို့ ရလိုက်ခဲ့သော သင်ခန်းစာကြီး တစ်ခုလည်း ဖြစ်ခဲ့သည်။ ချယ်လင်ဂျာကို အရည်အသွေးရှိရှိ တည်ဆောက်ခဲ့သည်မှာ အမှန်ဖြစ်၏။

သို့သော် အလုံးစုံ အရည်အသွေးစစ်ဆေးမှု **TQC** မရှိသဖြင့် တစ်နေရာရာတွင် ချို့ယွင်းမှုတစ်ခုခု ဖြစ်ပေါ်ခဲ့သောကြောင့် အာကာသယာဉ်ကြီး တစ်ခုလုံး ပျက်ကျရခြင်း ဖြစ်သည်။

## အရည်အသွေးမဲ့ခြင်းနှင့် ဆုံးရှုံးခြင်း

၁၉၈၄ ခုနှစ်က အိန္ဒိယနိုင်ငံ၊ ယူနီယံကာဘိုက်ကုမ္ပဏီ၏ ပိုးသတ်ဆေးထုတ်လုပ်သည့်စက်ရုံမှ ဓာတ်ငွေ့ပျံ့လွင့်မှု ဖြစ်ပွားခဲ့ရာ လူပေါင်း ၃၄၀၀ ထက်မနည်း သေဆုံးခဲ့ရပြီး ထိခိုက်ဒဏ်ရာရသူပေါင်းမှာ နှစ်သိန်းမျှရှိသည်။ ယင်းအထဲမှ ကြာရှည်လေးမြင့် ပြင်းထန်စွာ ဝေဒနာခံစားရသူပေါင်းသည် တစ်သောင်းခွဲမှ နှစ်သောင်းအတွင်းရှိသည်။ ထိုကိစ္စကြောင့် ကုမ္ပဏီသည် လျော်ကြေးငွေ ပေါင်စတာလင် သန်း ၄၂၀ လျော်ကြေးပေးခဲ့ရ၏။ ယူနီယံကာဘိုက်ကုမ္ပဏီ၏ ပိုးသတ်ဆေးစက်ရုံ ဓာတ်ငွေ့ပျံ့လွင့်မှု ဖြစ်ရခြင်း၏ အကြောင်းရင်းကို လေ့လာသောအခါ အရည်အသွေး ထိန်းသိမ်းကွပ်ကဲမှုအတွက် စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းကြောင့် ဖြစ်ရကြောင်း မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရ၏။

http://swanbros.blogspot.com



၁၉၈၇ ခုနှစ်က ဗြိတိသျှတို့၏ ကူးတို့သင်္ဘော **HERALD OF FREE ENTERPRISE** နစ်မြုပ်မှုတွင် လူပေါင်း ၁၉၃ ဦးသေဆုံးခဲ့ရသည်။ နစ်မြုပ်ရသည့် အကြောင်းရင်းကို လေ့လာသောအခါ အရှေ့တံခါးမ ကြီးပိတ်ရန် လစ်ဟင်းမှုကြောင့်ဖြစ်ကြောင်း သိရှိခဲ့ရ၏။

၁၉၈၉ ခုနှစ်၊ ဇွန်လ ၂၉ရက်နေ့က မြောက် ပင်လယ်ပြင်တွင် ပိုက်ပါအယ်လဖာ **PIPER ALPHA** ရေနံတွင်းတူးစင် မီးလောင်သဖြင့် လူပေါင်း ၁၆၉ ဦး အသက်ဆုံးရှုံးရသည့်ကိစ္စတွင်လည်း စီမံခန့်ခွဲမှု အရည်အသွေး အားနည်းခဲ့မှုကြောင့်ဖြစ်သည်ကို လေ့လာ တွေ့ရှိခဲ့ရ၏။ အရည်အသွေးထိန်းသိမ်းမှု၊ အလေးမထား မှုများကြောင့် ကမ္ဘာပေါ်တွင် အဆိုးဝါးဆုံးဖြစ်ရပ်များ ဖြစ်ပေါ်လာခဲ့ရသည်။

## စိုက်ပျိုးရေးမှ စက်မှုခေတ်သို့

ယနေ့ကမ္ဘာကြီးတွင် အရည်အသွေးသည် မျက် မှောက်ခေတ် ကမ္ဘာ့သမိုင်းရေးရာဆိုင်ရာအတွက် မရှိ မဖြစ် အရေးကြီးလိုအပ်ချက် **Historical Requirement** အနေဖြင့် တည်ရှိလျှက်ရှိ၏။ ကမ္ဘာ့သမိုင်းကို ပြန်လည်လေ့လာပါက လူ့သမိုင်းသည် နှစ်ပေါင်း ၆၀၀၀ကျော်ခဲ့ပြီဖြစ်၍ ကမ္ဘာပေါ်တွင် လူဦးရေကလည်း

http://swanbros.blogspot.com



သန်းပေါင်း ၆၀၀၀ ကျော်ခဲ့ပြီဖြစ်သည်။ နှစ်ပေါင်း ၆၀၀၀ မျှသော လူ့သမိုင်းကို

(က) စိုက်ပျိုးရေးခေတ်

(ခ) စက်မှုခေတ်နှင့်

(ဂ) အသိပညာခေတ် ဟူ၍ ခေတ် သုံးခေတ် ပိုင်းခြားနိုင်၏။

**စိုက်ပျိုးရေးခေတ်**သည် ကမ္ဘာဦးအစမှ ၁၈ရာစု လောက်အထိ ရှည်ကြာခဲ့သည်။

**စက်မှုခေတ်**သည် ၁၈ရာစုမှ ၂၀ရာစု အလယ် လောက်အထိ ရှည်ကြာကာ ယခု လူသားတို့ ရောက်ရှိ နေသောခေတ်မှာ အသိပညာခေတ် ဖြစ်၏။

**အသိပညာခေတ်** INFORMATION AGE ကို အမေရိကန်တို့သည် ၁၉၅၀ ပြည့်နှစ်အကျော် ကာလ ကပင် ဝင်ရောက်ခဲ့သည်ဟု ဆို၏။

စိုက်ပျိုးရေးခေတ်သည် အလွန်ပင်ရှည်ကြာခဲ့သည်။ စိုက်ပျိုးရေးခေတ်သည် စိုက်ပျိုးရေးလုပ်ငန်း ကို အခြေခံ သော အသက်မွေးဝမ်းကြောင်းမှုပြုသောခေတ် ဖြစ်ပြီး အလွန့်အလွန် နှေးကွေးစွာ ဖြစ်ပေါ်ခဲ့ပြီး ပေါက်တူးကို လူသားတို့ စတင်တွေ့ရှိ သောအချိန်လောက်မှ စ၍သာ တစ်စ တစ်စ ပိုမိုမြန်ဆန်လာခဲ့၏။ စိုက်ပျိုးရေးခေတ်က ပေါက်တူးကို တွေ့ရှိမှုသည် သူ့ခေတ်သူ့အခါက အယ်ဒီ ဆင်နှင့် အိုင်စတိုင်းတို့၏ သိပ္ပံဆိုင်ရာ တွေ့ရှိမှုများကဲ့သို့

http://swanbros.blogspot.com



အရေးကြီးသော တွေ့ရှိမှုကြီး ဖြစ်သည်။ ပေါက်တူးကို စတင်တီထွင်ဖန်တီးသော လူသား၏ အမည်ကိုကား လူ့သမိုင်းတွင် မှတ်တမ်းမတင်နိုင်ရှာခဲ့ပေ။ ပေါက်တူးသည် ကုတ်ပင်ဖြစ်၍ ပေါက်တူးတွေ့ရှိမှုသည် စက်မှုခေတ်ဦး လင်းရောင်ခြည်ဦးလည်း ဖြစ်သည်။

## စက်မှုခေတ်

ကမ္ဘာကြီးသည် ပေါက်တူးတွေ့ရှိသည်မှစ၍ စက်မှုခေတ်ကြီးထဲသို့ တဖြည်းဖြည်း ဝင်ရောက်လာခဲ့ပြီး ၁၇ရာစုဦးသည် စက်မှုခေတ်၏ အရုဏ်တက်ချိန်ဟု သတ်မှတ်ရပေမည်။

၁၆၄၃ တွင် ဘာရိုမီတာကို အီတလီမှ လည်းကောင်း၊
၁၆၅၀ တွင် လေမှုတ်စက်ကို ဂျာမနီမှ လည်းကောင်း၊
၁၆၅၇ တွင် နာရီချိန်သီးကို ဟော်လံမှ လည်းကောင်း၊
၁၇၈၃ တွင် ဘော်လုံးကို ပြင်သစ်ကလည်းကောင်း၊
၁၇၉၈ တွင် အရောင်ချွတ်ဆေးကို အင်္ဂလန်ကလည်းကောင်း၊
၁၈၂၃ တွင် ကွန်ပျူတာကို အင်္ဂလန်က လည်းကောင်း၊

http://swanbros.blogspot.com



၁၈၈၅ တွင် မော်တော်ဆိုင်ကယ်ကို ဂျာမနီက လည်းကောင်း၊
၁၉၀၃ တွင် လေယာဉ်ပျံကို အမေရိကန်က လည်းကောင်း၊
၁၉၀၇ တွင် ဟယ်လီကော်ပတာကို ပြင်သစ်က လည်းကောင်း၊
၁၉၂၇ တွင် ရုပ်ရှင်ပြစက်ကို အမေရိကန်က လည်းကောင်း၊
၁၉၃၀ တွင် ဂျက်အင်ဂျင်ကို အင်္ဂလန်ကလည်းကောင်း တီထွင်ခဲ့ကြသည်။ လေယာဉ်ပျံ စတင် ပေါ်ပေါက်လာခြင်းသည် အနှစ် ၁၀၀ပင် မပြည့်သေးဘဲ ၉၈ နှစ်သာ ရှိသေးသည်ကို တွေ့ရှိရသည်။

သို့သော် ၉၈ နှစ်အတွင်း ကမ္ဘာ့ကောင်းကင်ယံ တစ်ခုလုံးသည် လေယာဉ်ပျံများနှင့် ပြည့်နှက်နေတော့၏။ ၁၉၀၀ ပြည့်မှ ၂၀၀၀ ပြည့်နှစ်ကြား၊ စက်မှုထွန်းကားမှုသည် အံ့မခန်းနိုင်လောက်အောင် မြန်ဆန်တိုးတက်မှု ဖြစ်ပေါ်ခဲ့သည်။ လေယာဉ်ပေါ်ပေါက်မှုသည် အနှစ် ၁၀၀ မျှပင် မရှိသေးသော်လည်း ဥရောပ၊ အမေရိကန်နှင့် အာရှတိုက်မှ လေဆိပ်တိုင်းလိုလိုတွင် ၂ မိနစ်တိုင်းတွင် တစ်ကြိမ် လေယာဉ် အဆင်းအတက် ရှိသည်။

http://swanbros.blogspot.com



ကျွန်တော်သည် ဥရောပတိုက်သို့ ပထမဆုံးအကြိမ် သွားရောက်စဉ်က ဖြစ်သည်။ ကျွန်တော်စီးလာသော မလေးရှားအဲယားလိုင်းမှ ၇၄၇ လေယာဉ်ကြီးသည် ကွာလာလမ်ပူမှ လန်ဒန်သို့ ၁၆ နာရီမျှ မနားဘဲ မရပ်ဘဲ ပျံသန်းလာခဲ့ပြီး လေယာဉ်စီး ခရီးသည်များ စိတ်အားထက်သန်စွာ ရောက်လိုနေကြသော လန်ဒန် အပြည်ပြည်ဆိုင်ရာ ဟီးသရိုးလေဆိပ်သို့ ရောက်ရှိပါပြီဟု သက်ဆိုင်ရာက ကြေညာ၏။

ထိုအခါ ကျွန်တော်က လေယာဉ် ဆင်းတော့မည် ဟု ထင်မှတ်ကာ ထိုင်ခုံခါးပတ်ကို ပြင်ဆင်ပတ်ပြီး စောင့်နေသော်လည်း လေယာဉ်က တော်တော်နှင့် မဆင်းပါ။ ထို့ကြောင့် လေယာဉ်ပျံသန်းမှု အခြေအနေကို ကျွန်တော့်ရှေ့ရှိ တီဗွီဖန်သားပြင်ပေါ်၌ ကြည့်လိုက် သောအခါ လေယာဉ်သည် လန်ဒန်မြို့၏ ကောင်းကင်ယံ တွင် တစ်ပတ်ပြီးတစ်ပတ် ပျံဝဲနေသည်ကို တွေ့ရှိရ၏။ လေယာဉ်သည် မိနစ် ၄၀ လောက်အထိပင် ပျံဝဲနေရ ဟန် ရှိ၏။ ဘာကြောင့် လေယာဉ်မဆင်းသေးဘဲ လန်ဒန်မြို့ ကောင်းကင်ယံမှာ ပတ်နေရပါသလဲ။ လန်ဒန်ကို ကောင်းကင်ယံက တမင်ပြသလို၍ ပျံဝဲနေ တာလားဟု မေးတော့၊ မဟုတ်ဘူး။ မိမိတို့ရှေ့က ရောက်နှင့်နေသော လေယာဉ်များ ဆင်းလို့မပြီးသေး၍ လေယာဉ်ပျံဝဲပြီး စောင့်နေရတာ’ ဟု ဆို၏။

http://swanbros.blogspot.com



နာမည်ကြီး ဟီးရိုးလေဆိပ်နှင့် မလှမ်းမကမ်းတွင် ဂက်ဝှစ်ချ် ဆိုသော အလွန်အလုပ်များသည့် လေဆိပ်တစ်ခုလည်း ရှိသေးသည်။ အနီးအနားတွင် အခြားလေဆိပ် အများအပြားရှိ၏။ သို့သော် ဆင်းသက်ရန်နေရာ မရှိလောက်အောင် (ဝါ) လေထဲ၌ မိနစ် ၄၀ ခန့် ဝဲပျံစောင့်ဆိုင်းနေရသည့် အခြေအနေမှာ ကောင်းကင်ယံတွင် လေယာဉ်များ မည်မျှ များပြားနေကြောင်း သက်သေပြချက်ပင် ဖြစ်သည်။

ကျွန်တော် ဆိုလိုသည်မှာ လွန်ခဲ့သော အနှစ် ၁၀၀ က ရိုက်ညီနောင်သည် လေယာဉ်ကို တီထွင်ဆဲသာ ဖြစ်၏။ သို့သော် အနှစ် ၁၀၀ အတွင်း ကမ္ဘာ့ကောင်းကင်ယံတွင် လေယာဉ်များ ပြည့်နှက်၍နေ၏။ ယနေ့လူသားသည် လေယာဉ်လူသားဟု ဆိုရလောက်အောင် လေယာဉ်ပျံခရီးစဉ် ယဉ်ကျေးမှု ထွန်းကားလျက်ရှိ၏။ ကမ္ဘာ့ကောင်းကင်ယံတစ်ခုလုံးကိုလည်း ခေတ်သစ်လူသားသည် လေယာဉ်ဖြင့် စိုးမိုးထားလျက်ရှိနေသည်။ စက်မှုခေတ်ကြီးသည် အနှစ် ၁၀၀ မှ ၂၀၀ အတွင်း အလွန့်အလွန် လျင်မြန်စွာ တိုးလာခြင်းကို သဘောကိုး ဆောင်နေခြင်းဖြစ်သည်။ ယနေ့လူသားသည် ကမ္ဘာ့ကောင်းကင်ယံကိုသာမက အာကာသကိုပါ စိုးမိုးအနိုင်ယူရန် ကြိုးစားလျက်ရှိ၏။ ယနေ့ခေတ်သည် လေယာဉ်ခေတ် ဝေဟင်ခေတ်မှသည် အကာသခေတ်အတွင်းသို့ တိုးဝင်နေသည်။ ရုရှားနိုင်ငံမှ ၂၀၀၁ ခုနှစ်၊

http://swanbros.blogspot.com



ဧပြီလ ၂၈ ရက်နေ့က လွှတ်တင်ခဲ့သော ဆိုယုဇ် ဒုံးပျံ ယာဉ်နှင့်အတူ အမေရိကန်ပြည်ထောင်စုမှ သန်းကြွယ် သူဌေးကြီး ဒင်းနစ်တီတိုက ရုရှအာကာသ အေဂျင်စီသို့ ဒေါ်လာ သန်း ၂၀ လှူခဲ့ရ၏။ သဘောမှာ အာကာသ သို့ ပိုက်ဆံရှိလျှင် လက်မှတ်ဝယ်ပြီး သွားနိုင်တော့မည့် သဘော ဖြစ်ပါ၏။

ယနေ့ကမ္ဘာသည် ဤမျှ မြန်ဆန်စွာ တိုးတက် ပြောင်းလဲလာမှုကို ကျေနပ်နိုင်ခြင်းမရှိသေးဘဲ စက်မှု ခေတ်မှ သတင်းအချက်အလက်ခေတ်အတွင်းသို့ ဝင် ရောက်လာပြန်သည်။

## သတင်း အချက်အလက် ခေတ်

ယနေ့ကမ္ဘာကို 'ချိတ်ဆက်ထားသော မြေကမ္ဘာ' **WIRED WORLD** ဟုလည်း ခေါ်ကြ၏။ ယနေ့လူသား တို့ နေထိုင်သော အိမ်ရာများသည်လည်း ရိုးရိုးအိမ်ရာ များ မဟုတ်ဘဲ အသိဉာဏ်ရှိသော အိမ်ရာများ **INTELLIGENT BUILDING** ဖြစ်ကြ၏။ အသိဉာဏ်ရှိ သော အိမ်ဆိုသည်မှာ လူသားတို့သည် ၂၁ ရာစုတွင် မိမိတို့၏ နေအိမ်များကို တယ်လီဖုန်း၊ ဖက်(စ)၊ အင်တာနက်၊ အီးမေ(လ်)၊ တီဗွီလိုင်းများ၊ လျှပ်စစ်လိုင်း များ တပ်ဆင်ထားကြရာ ယနေ့ကမ္ဘာသည် လူသား များသာ အသိဉာဏ်ရှိသည်မဟုတ် သူတို့နေထိုင်ရာ

http://swanbros.blogspot.com



နေအိမ်အဆောက်အအုံများသည်လည်း အသိဉာဏ်ရှိနေကြပြီ ဖြစ်သည်။ လူတို့နေထိုင်ရာ အိုးအိမ် အဆောက်အအုံများသည် ဆက်သွယ်မှုကွန်ယက်များနှင့် ပြည့်နေသည်။ တစ်ဆက်တည်း လူသားတို့နေထိုင်ရာ ကမ္ဘာကြီးတစ်ခုလုံးမှာလည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ ကမ္ဘာတိုက်ကြီး တစ်ခုနှင့်တစ်ခုပျံ့သန်းနေသော လေယာဉ်တစ်စင်းမှတစ်စင်း ကွန်ယက်များနှင့် ဆက်သွယ်ထားပြီးဖြစ်၍ ဤကမ္ဘာကြီးကို 'ချိတ်ဆက်ထားသော မြေကမ္ဘာ' **WW** ဟု ခေါ်ဆိုခြင်းဖြစ်သည်။ လူသားတို့သည် ချိတ်ဆက်ထားသော ကမ္ဘာကြီးကို ၂၀ ရာစု အတွင်းကပင် ဖန်တီးထားခြင်းဖြစ်၍ ၂၁ ရာစုတွင် ချိတ်ဆက်မှုသည် ပိုမိုကြီးမား များပြားလာပေတော့မည်။

၁၉၉၀ ပြည့်နှစ်က ကမ္ဘာပေါ်တွင် အင်တာနက် တပ်ဆင်မှုသည် တစ်သန်းခန့်သာ ရှိသေးသော်လည်း ၂၀၀၀ ပြည့်နှစ်တွင် သန်း ၇၀ မျှ ရှိလာခဲ့ပြီး ၂၁ ရာစု အစတွင် သန်း ၇၀၀ အထိ ရှိလာမည်ဟု ခန့်မှန်းထားကြ၏။ အင်တာနက်များ၏ အစွမ်းအစမှာလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုထက်မြက်လာ၏။

ရှေးအခါက ကမ္ဘာပေါ်တွင် သမုဒ္ဒရာကြီးများ ခြားနားနေမှုသည် အကြီးအကျယ် အဟန့်အတား ဖြစ်ခဲ့သော်လည်း သမုဒ္ဒရာသည် ယနေ့ကမ္ဘာအပေါ် ဘာ အဟန့်အတားမှ လုပ်နိုင်စွမ်းမရှိတော့သဖြင့် ဤကမ္ဘာ

http://swanbros.blogspot.com



ကြီးအား 'ရွာကမ္ဘာ' **GLOBAL VILLAGE** ဟု ခေါ်ဆို လာခြင်းဖြစ်၏။ ဤအခြေအနေများသည် ယနေ့ကမ္ဘာ သည် အရည်အသွေးဆိုင်ရာ ခေတ်ကြီးဆီသို့ အဆက် မပြတ် သွားနေသည်ဆိုသော အချက်ကို ပြဆိုနေခြင်း ဖြစ်ပါ၏။

မလေးရှားနိုင်ငံသည် မိမိနိုင်ငံအား ခေတ်မီတိုးတက် သောနိုင်ငံအဖြစ် တည်ဆောက်ရာတွင် ကြီးကျယ်သော မီဒီယာစခန်းကြီး **MULTI-MEDIA SUPER CORRI-DOR** ကို တည်ဆောက်မည်ဟု ကြေညာခဲ့ရာ စင်ကာပူ နိုင်ငံသည်ပင်လျှင် လန့်ဖျပ်သွားခဲ့၏။ တရုတ်နိုင်ငံသည် ငွေအမြောက်အမြား အကုန်အကျခံကာ ဆက်သွယ်ရေး အခြေခံဇုန်များ၊ကော်ရစ်ဒါများကို တည်ဆောက်လျက် ရှိ၏။

၂၁ ရာစုတွင် ဆက်သွယ်ရေးကော်ရစ်ဒါ မရှိဘဲ ဘယ်နိုင်ငံမှ မကြီးပွားနိုင်ပါ။ ကမ္ဘာမြေပေါ်တွင်သာမက လေထဲ၌ ပျံသန်းလျက်ရှိသော လေယာဉ်များပေါ်မှပင် ဆကသွယ်နိုင်သော ကွန်ပျူတာ ဆက်သွယ်ရေး ကွန် ယက်စနစ်များကို တပ်ဆင် အသုံးပြုနေကြပြီဖြစ်၏။

မကြာမီ လူသားတို့သည် အလွန်အားကောင်းသော ဆက်သွယ်ရေးစနစ်များကို အသုံးပြုကာ ကမ္ဘာ့မည်သည့် နေရာတွင်မဆို ရောက်ရှိနေသည့် မိမိတွေ့ဆုံလိုသော သူကို ဖန်သားပြင်ပေါ်မှတဆင့် အလွယ်တကူ တွေ့ဆုံ

http://swanbros.blogspot.com



စကားပြောနိုင်မည့် အခြေအနေသို့ ရောက်ရှိလာမည် ဖြစ်၏။ တစ်နည်းဆိုရသော် လူသားတို့ တီထွင်ထားကြသော ဆက်သွယ်ရေးစနစ်များသည် ကမ္ဘာပေါ်တွင် အပ်ပျောက်သည်ကိုပင် ရှာဖွေပေးနိုင်ကြတော့မည်။

ကွန်ပျူတာ တယ်လီဗေးရှင်းဖြင့် ဈေးဝယ်ခြင်း၊ ဆေးကုခြင်း၊ ပညာသင်ခြင်း၊ စည်းဝေးဟောပြောခြင်းများလည်း ပြုလုပ်လာကြမည် ဖြစ်သကဲ့သို့ အစည်းအဝေးများကို လူအချင်းချင်း တွေ့ဆုံဆွေးနွေးရန် မလိုဘဲ ဗွီဒီယိုကွန်ဖရင့်ဇင်းများ ပြုလုပ်လာကြပေလိမ့်မည်။

၂၁ ရာစုတွင် သတင်းအချက်အလက်ဆိုင်ရာ အသိပညာပေါက်ကွဲမှုကြီး ဖြစ်လာကာ ယင်းဖြစ်ပေါ်မှုကိစ္စ အရပ်ရပ်သည် အလွန်လျင်မြန်လာမည်ဖြစ်၏။ စိုက်ပျိုးရေးခေတ်က ပြုပြင်ပြောင်းလဲမှုတစ်ရပ်သည် အနှစ်ထောင်နှင့်ချီ၍ ကြာခဲ့သည်။ စက်မှုခေတ်တွင် ပြုပြင်ပြောင်းလဲမှုတစ်ရပ်သည် ဆယ်စုနှစ်တစ်ခုမျှ ကြာခဲ့သော်လည်း ၂၁ ရာစု ပြုပြင်ပြောင်းလဲမှုများသည် တစ်ရက်တစ်ကြိမ်၊ တစ်နှစ်လျှင်တစ်ကြိမ် ပြောင်းလဲလာကြမည် ဖြစ်သည်။ထိုကဲ့သို့သော အပြောင်းအလဲ လျင်မြန်လွန်းသော ကမ္ဘာတွင် မိမိတို့ကိုယ်တိုင်၊ မိမိတို့ထုတ်လုပ်သော ပစ္စည်း၊ မိမိတို့နှင့်ပတ်သက်သောအရာဟူသမျှသည် အရည်အသွေးမရှိပါက ထိုပုဂ္ဂိုလ်၊ ထိုကုမ္ပဏီ၊ ထိုလူ့အဖွဲ့အစည်းသည် ခေတ်ကို လိုက်မမီတော့ဘဲ

http://swanbros.blogspot.com



နောက်ကျ ကျန်ရစ်မည်မှာ မုချဖြစ်သည်။ ထို့ကြောင့် ၂၁ ရာစုတွင် အရေးကြီးဆုံး အချက်တစ်ခုမှာ မိမိတို့ ကိုယ်မိမိတို့၊ မိမိတို့နိုင်ငံကိုမိမိတို့ အရည်အသွေးရှိအောင် ကြိုတင်တည်ဆောက်ထားရေးပင် ဖြစ်သည်။

## အနာဂတ်ကို ငှားရမ်းနေထိုင်ခြင်း

လူသားတို့နေထိုင်ရာ ကမ္ဘာကြီးသည် မည်မျှ မြန်ဆန်စွာ ပြောင်းလဲနေသနည်းဟုဆိုပါက ကျွန်တော်တို့ပတ်ဝန်းကျင်သည် မိဘဘိုးဘွားများခေတ်နှင့်မတူ၊ လုံးဝ ကွဲပြားခဲ့ပြီဖြစ်၍ ကျွန်တော်တို့သည် ပစ္စုပ္ပန်တွင် နေထိုင်ခွင့် မရတော့ဘဲ အနာဂတ်ကို ငှားယူနေထိုင်ကြတော့မည် ဟု အော်(လ) ဗင်-တော့ဖလ်က သူ၏ **FUTURE SHOCK** ဟူသော စာအုပ်တွင် ဆိုခဲ့သည်။

တော့ဖာလ်က 'အနာဂတ်သည် ကျွန်ုပ်တို့ထံသို့ ပြေးလာ ဝင်ဆောင့်လျက်ရှိသည်။ အနာဂတ် ပြေးလာ ဝင်ဆောင့်မှုကို ရပ်တန့်သွားအောင် ကျွန်ုပ်တို့ ဘာမျှ မလုပ်နိုင်တော့။ မျက်မှောက်ပစ္စုပ္ပန် အဖြစ်အပျက်များနှင့် ကျွန်ုပ်တို့ အကျွမ်းတဝင် မရှိမီမှာပင် အနာဂတ်က ပြေးလာဝင်ဆောင့်လျက်ရှိ၏။ ထို့ကြောင့် အခြေအနေသစ်တစ်ခုတွင် ရင်းနှီးမှု၊ လိုက်လျောညီထွေမှု မဖြစ်ခင် နောက်အသစ် အခြေအနေတစ်ရပ်ဆီသို့ တွန်းပို့ခြင်းကို ခံနေကြရသည်' ဟု ဖော်ပြထားပါသည်။

http://swanbros.blogspot.com



## လူဦးရေ တိုးပွားမှု

၂၁ ရာစုတွင် ကမ္ဘာ့လူဦးရေလည်း တိုးတက်လာမည် ဧကန်။ ၂၀၂၀ခုနှစ်တွင် ကမ္ဘာပေါ်တွင် လူဦးရေသန်း ၇၇၀၀ ရှိလာမည်ဟု ခန့်မှန်းထားကြ၏။ လူဦးရေ များလာသည်နှင့် စီးပွားရေးလုပ်ငန်း ပမာဏသည်လည်း တိုးပွားလာမည်။ ကမ္ဘာ့ဝန်ဆောင်မှုပမာဏသည် လာမည့်အနှစ် ၂၀ အတွင်း နှစ်ဆတိုးလာမည်။ ကမ္ဘာ့လူနေမှုအဆင့်အတန်းသည်လည်း သုံးပုံနှစ်ပုံ တိုးတက်လာမည်ဟု ဆို၏။ ဆင်းရဲမွဲတေသော နိုင်ငံများကလည်း မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြိုင်အဆိုင် ကြိုးစားလာကာ ခေတ်မီနည်းပညာများကိုလက်ခံ သင်ယူ ကျင့်သုံးလာကြရမည်။ ကမ္ဘာနှင့်အဝှမ်းရင်းနှီးမြှုပ်နှံမှု အပြောင်းအရွှေ့များသည် အလွန်လျင်မြန်လာပြီး အမြတ်အစွန်းနည်းရာမှ များရာသို့ ရုတ်ခြည်းပြောင်းရွှေ့ ကြမည်ဖြစ်ရာ မိမိတို့ ရင်းနှီးငွေကို ဘယ်နေရာတွင် မြှုပ်နှံ မည်၊ မိမိတို့ ထုတ်ကုန်ကို ဘယ်နေရာတွင် ရောင်းချမည်ဆိုသော အချက်ကို မျက်စိတောင်းမျှောက်ကြည့်နေရာမှ တော်ကာကျပေလိမ့်မည်။

## စဉ်ဆက်မပြတ် ဖြစ်စဉ်ကြီး

၂၁ ရာစုတွင် အထွေထွေဖွံ့ဖြိုးမှုနှင့် စီးပွားရေးကဏ္ဍကျယ်ပြန့်မှုသည် ‘စဉ်ဆက်မပြတ် ဖြစ်စဉ်ကြီး’ **CONTINUITY** ဖြစ်နေမည်ဖြစ်ရာ အရာရာကို တစ်ရံ

http://swanbros.blogspot.com



မလပ် စောင့်ကြည့်နေနိုင်မှ တော်ကာကျမည်။ မိမိတို့၏ သတင်းဆက်သွယ်ရေးစက်ကို ခေတ္တပိတ်ထားလိုက်လျှင်ပင် မိမိ၏ ဖောက်သည်များ ဘယ်သို့ရောက်သွားတော့မှန်း မသိလိုက်ရသည့် အဖြစ်အပျက်မျိုးနှင့် ကြုံလာရနိုင်သည်။ ဆင်းရဲသောနိုင်ငံများကလည်း စက်မှုလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာကြမည် ဖြစ်သဖြင့် ၂၁ ရာစုတွင် ကုန်ကြမ်းလိုအပ်ချက်ကလည်း များပြားလာမည် ဖြစ်၏။ စီးပွားရေးပြိုင်ဆိုင်မှုများကလည်း ကြီးထွားလာမည်ဖြစ်၏။ စီးပွားရေး အပြိုင်အဆိုင်များလွန်း၍ ထုတ်ကုန်များကို စားသုံးသူက ခေါင်းခေါက် ရွေးချယ်မှုများ ရှိလာမည်။ စားသုံးသူတို့ အသာစီးရမှုရှိပြီး မိမိတို့ထုတ်ကုန်များ အရည်အသွေးညံ့ပါက ဈေးကွက်သို့ပင် မဝင်ရောက်နိုင်သော အနေအထားသို့ ရောက်ရှိလာနိုင်သည်။

စားသုံးသူများသည်

(က) ဈေးနှုန်းချိုသာမှု

(ခ) အမျိုးအစားကောင်းမွန်မှု

(ဂ) အပိုပစ္စည်း ရလွယ်မှု

(ဃ) ပျက်စီးလျှင် ပြင်ဆင်ရန် စိတ်မပူရမှု

စသည့် အချက်များကိုပါ စဉ်းစား ရွေးချယ်လာရပေတော့မည်။ စားသုံးသူများသည် ၂၁ ရာစုတွင် ယခုထက်လည်း ပိုမို၍ တောင်းဆိုမှုများ များပြားလာ

http://swanbros.blogspot.com



နိုင်သည်။ ထို့ကြောင့် ကုန်ထုတ်လုပ်သူများ၊ ဝန်ဆောင်မှုပေးသူများသည် ပြင်းထန်သော အပြိုင်အဆိုင်များနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။ ၂၁ ရာစုတွင် မိမိတို့ကိုယ်တိုင် မိမိတို့ထုတ်လုပ်သော ပစ္စည်းနှင့် မိမိတို့ပေးအပ်သော ဝန်ဆောင်မှုအရပ်ရပ်သည် အရည်အသွေး မရှိပါက စားသုံးသူတို့သည် မိမိထက်သာသော ဖောက်သည်များ ထံသို့ မဖိတ်ခေါ်ဘဲ သွားကြမည့်ကိစ္စမှာ မလွဲမသွေ ဖြစ်လာမည့်ကိစ္စသာလျှင် ဖြစ်ပါသည်။

## အဘိဓာန်လာ အရည်အသွေး

ကျွန်တော်သည် ၂၁ ရာစု၏ အရည်အသွေးခေတ်ကြီးကို ကြိုတင်တွေးတောကာ ဤစာအုပ်ငယ်ကို ရေးသားခြင်း ဖြစ်ပါသည်။ အရည်အသွေးဟူသော စကားရပ်မှာ အင်္ဂလိပ်ဘာသာဖြင့် **QUALITY** နှင့် ပတ်သက်၍ **WEBSTER'S NEW ENCYCLOPEDIC DICTIONARY** တွင်

- **Peculiar and essential character**
- **Degree of excellence. GRADE**
- **Usually high social status**

ဟု ဖွင့်ဆိုထားသည်။

**THE AMERICAN HERITAGE DICTIONARY** တွင်

http://swanbros.blogspot.com



**- The essential character of something**

**- Superiority of kind,**

**- Degree or grade of excellence,**

**- The positive or negative character of a proposition,**

ဟု အဓိပ္ပာယ် ဖွင့်ဆိုထားသည်။ ယင်းအဘိဓာန်တွင်ပင် **QUALITY CONTROL** ဆိုသော စကားရပ်ကို **A system for ensuring the maintenance of proper standards in manufactured goods.** ဟု ဆို၏။ **OXFORD ADVANCED LEARNER'S DICTIONARY** တွင်

**a - Goodness or worth**

**b - Aim to produce superior goods**

**c - Distinguishes a person or thing**

က - ကောင်းခြင်း (သို့မဟုတ်) အဖိုးထိုက်တန်ဖြစ်ခြင်း

ခ - သာလွန်ကောင်းမွန်သောပစ္စည်း ထုတ်လုပ်ရန် ရည်မှန်းခြင်း၊

ဂ - ထင်ရှားပေါ်လွင်သည့် လူပုဂ္ဂိုလ် သို့မဟုတ် ပစ္စည်းဟူ၍

အဓိပ္ပာယ် ဖွင့်ဆိုထားသည်။

ယနေ့ကမ္ဘာတွင် ဖွင့်ဆိုသော အရည်အသွေးဟူသည့် စကားရပ်သည် အဘိဓာန်များလာ **QUALITY** ဆိုသော

http://swanbros.blogspot.com



စကားရပ်ထက် များစွာ ကျယ်ဝန်းမှုရှိလာသည်။ အရည်အသွေးရှိသော ပစ္စည်းများကို လူတို့သည် ရှေးအခါကပင် မက်မက်မောမော ရှိခဲ့ကြသည်။ အရည်အသွေးရှိသော ပစ္စည်းဟု ဆိုပါက ကျွန်တော်တို့သည် အောက်ပါပစ္စည်းများကို ကြားယောင် မြင်ယောင်ကြစမြဲ ဖြစ်ပါ၏။ ယင်းတို့မှာ

(က) **ရေမွှေး**

- **CHANEL** ရှေနယ်၊
- **TOMMY HILFIGER** တိုမီ ဟီ(လ်) ဖစ်ဂါ
- **Poison** ပွိုင့်ဆင်၊
- **OPIUM** အိုပီရင်
- **HUGO-BOSS** ဟူဂိုဘော့(စ)
- **NAUTICA** နော့တီကာ

(ခ) **အရက်**

- စကော့တလန်ဖြစ် **BLUE LABEL, GOLD LABEL**

(ဂ) **မော်တော်ကား**

- **MERCEDES** မာစီဒီး
- **ROLLS ROYCE** ရိုးရွိုက်စ်
- **CADILLAC** ကားဒလစ်
- **VOLVO** ဗော်ဗို
- **JAGUAR** ဂျာဂွါ

http://swanbros.blogspot.com



(ဃ) **နာရီ**

- **ROLES** ရိုးလက်
- **TAGHEUER** တက်ဗွီလာ
- **GENEVE** ဂျနီဗွီး

(င) **ဘဏ်လုပ်ငန်း**

- **SWISS BANK** ဆွစ်ဇလန်ဘဏ်လုပ်ငန်း

(စ) **မျက်မှန်**

- **WEISS** ဝီး(စ)
- **SHISHEDO** ရှီရှဲဒိုး
- **VALENTINO** ဗယ်လင်တီးနိုး

(ဆ) **အဝတ်အထည်**

- **WOOL WORTH** ဝုဝုဒ်
- **MARKS & SPENCER** မတ်အင်စပင်ဆာ
- **ST. MICHAEL**

  စိန်မိုက်ကယ်ထုတ် အဝတ်အထည်များ

(ဇ) **အလှကုန်ပစ္စည်း**

- **REVLON** ရေဗလွန်
- **MAX-FACTOR** မက်(စ်)ဖက်တာ

(ဈ) **ဟိုတယ်**

- **SHANGRILA** ရှင်ဂရီးလား
- **HILTON** ဟယ်တန် စသည်တို့ဖြစ်သည်။

http://swanbros.blogspot.com



သာမန်အားဖြင့်ကြည့်ပါက အထက်ဖော်ပြပါ (က) မှ (ဈ) အထိ ပစ္စည်းများသည် ပစ္စည်းအကောင်းစားများ ဖြစ်ကြသည်။ ထိုပစ္စည်းများအားလုံးသည် ပစ္စည်း ကောင်းသလို ဈေးလည်းကောင်းကြသည်။

ယနေ့အရည်အသွေးဆိုသော စကားရပ်တွင် စာသုံး သူအလိုကျ ဟူသော စကားရပ်သည် ရှေ့တန်းရောက် လျက်ရှိ၏။ အရည်အသွေးကို စားသုံးသူများက ဆုံးဖြတ် ကြမည်ဖြစ်ရာ (က)မှ (ဈ)အထိ ပစ္စည်းများသည် အကောင်းစား ထိပ်တန်းဝင်ပစ္စည်းများ ဖြစ်သော်လည်း ဈေးနှုန်းသည် စားသုံးသူအများစု၏ အလိုကျ မဟုတ် နိုင်။ ပစ္စည်းများသည် တန်ဖိုးကြီးမားလွန်းသောကြောင့် ဝယ်ယူသုံးစွဲနိုင်သူ အရေအတွက် နည်းပါးလွန်းမည်။ ဝယ်ယူသုံးစွဲသူ အရေအတွက် နည်းလွန်းလျှင် ရောင်းရ သည့် ပစ္စည်းအရေအတွက်ကလည်း နည်းလွန်းမည်။ ထိုအခါ လုပ်ငန်းအမြတ် အစွန်းသည်လည်း နည်းလွန်း သွားပေရော့မည်။

## ၂၁ ရာစု၏ အရည်အသွေးဆိုင်ရာ အဓိပ္ပာယ်

၂၁ ရာစုတွင် အရည်အသွေးဆိုသော စကားရပ် သည် အဘိဓာန်ပါ စကားရှင်းလင်းချက်လောက် မဟုတ် တော့ပေ။ အရည်အသွေးဆိုသော စကားအဓိပ္ပာယ်တွင် စားသုံးသူအလိုကျဆိုသော စကားရပ် ထည့်သွင်း ဖွင့်ဆို

http://swanbros.blogspot.com



ရန် လိုအပ်လာသည်။ ထို့ကြောင့် အရည်အသွေးဆိုသော စကားရပ်သည် ပိုမိုကျယ်ဝန်းသော၊ ပိုမိုနက်ရှိုင်းသော အဓိပ္ပာယ်များ ရှိလာသည်။ ပိုမိုကျယ်ဝန်းလာသော အဓိပ္ပာယ်များနှင့်အညီ အရည်အသွေးဆိုသောစကားရပ် ဖြင့် ကုန်ပစ္စည်းထုတ်ဝေမှ ဈေးကွက်တွင် ကျွန်တော်တို့ မျက်နှာသာရကြမည် ဖြစ်ပါ၏။ ခေတ်သစ်ကုန်ပစ္စည်း များ မျက်နှာသာရကြမည် ဖြစ်ပါ၏။ ခေတ်သစ် ကုန် ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများတွင် စားသုံးသူသာ မက ကုန်ပစ္စည်းများကို ထုတ်လုပ်သည့် အလုပ်သမားများ ၏ ဘဝကိုပါ စဉ်းစားလာကြ၏။

ဆိုရှယ်လစ်ကုန်ထုတ်လုပ်မှုစနစ် ပေါ်ပေါက်လာ ခြင်းသည် ၁၈ ရာစုနှစ်က ကုန်ထုတ်လုပ်မှုများတွင် အလုပ်သမားရေးရာကိစ္စများကို ထည့်သွင်းစဉ်းစားမှု မပြုသောကြောင့် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ ယနေ့ကာလ အရည်အသွေးရှိသော ကုန်ပစ္စည်းများ ထွက်ပေါ်လာရေးကိစ္စတွင် အလုပ်သမားရေးရာများကို ကုန်ထုတ် လုပ်မှု၏ အရေးကြီးသောကိစ္စရပ်များအနေနှင့် အလေးထား ထည့်သွင်း စဉ်းစားလာရပေမည်။

ကုန်ထုတ်လုပ်မှုများတွင် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဟူ၍ ရှိရာ ကုန်ထုတ်လုပ်သူတို့၏ ရုပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များ ကိုသာမက စိတ်ပိုင်းဆိုင်ရာကိစ္စများကိုလည်း စဉ်းစား ရန် လိုအပ်သည်ဟု အဆိုပြုမှုများ ရှိလာခဲ့ပါသည်။

http://swanbros.blogspot.com



အရည်အသွေးဆိုင်ရာ သဘောထားနှင့် ပတ်သက်၍ မန္တလေးမှ ထိပ်တန်း အကောင်းစား ဖိနပ်လုပ်ငန်း တစ်ခုကို တင်ပြလိုပါသည်။ ဖြစ်သည်။ ထိုဖိနပ်၏ အဓိက ကောင်းခြင်းမှာ ခိုင်ခံ့မှုဖြစ်၏။ စာသုံးသူ၏ လိုအပ်ချက်တွင် ခိုင်ခံ့မှုလည်း ပါဝင်သည်။ ထို့ကြောင့် ထိုဖိနပ်ကို အရည်အသွေးရှိသော ဖိနပ်ဟု တစ်ဖက်မှ ဆိုနိုင်သည်။

ကတ္တီပါခင်း ယင်းဖိနပ် တစ်ရန်၏ ဈေးမှာ တစ်ထောင်ကျော်နေ၏။ သို့သော် ကတ္တီပါခင်း အခြား တံဆိပ် ဖိနပ်တစ်ရန်၏ ဈေးမှာ ၆၀၀ ကျပ် ဖြစ်နေ၏။ စားသုံးသူသည် ဈေးချိုမှု၊ အဖိုးနှုန်း သက်သာမှုကို လိုလားသည့် စားသုံးသူ၏ ဈေးနှုန်းဆိုင်ရာဆန္ဒနှင့် ပတ်သက်လျှင် အဖိုးနှုန်း နှစ်ဆခန့် ဖြစ်နေခြင်းကို စားသုံးသူက မပေးလိုပါ။ ထို့ကြောင့် ဈေးနှုန်းဆိုင်ရာ အရည်အသွေးနှင့် ဆိုပါက ထိုဖိနပ်သည် တန်ဖိုး တစ်ထောင်ကျော်ရှိနေ၍ ဈေးနှုန်းဆိုင်ရာ အရည်အသွေး အားနည်းသည်ဟု ဆိုရပေမည်။

အခြားဖိနပ်က ၆၀၀ ကျော် ဆိုပါက ဖိနပ်နှစ်ရန် ရနိုင်သည်။ ထိုဖိနပ်ကို ဝယ်ရန် ဝယ်သူသည် သူ၏ အိမ်ဆိုင်သို့ သက်သက် သွားဝယ်ရသည်။ ဤကိစ္စကို

http://swanbros.blogspot.com



စားသုံးသူက ဆောင်ရွက်ရန် အခက်အခဲရှိသည်။ ထို့ကြောင့် လွယ်လင့်တကူ ဝယ်ယူရရှိနိုင်မှုတွင်လည်း ထိုဖိနပ်က အရည်အသွေးမမီဘဲ ရှိပါ၏။

တစ်ဖန် ထိုဖိနပ် ကတ္တီပါခင်းကို ဝယ်ယူလိုပါက မိမိခြေထောက်နှင့် တော် မတော် စီးကြည့်ခွင့်မရ။ ဆိုင်ရှင်က ခွင့်မပြု။ အခြားသားရေခင်း ဖိနပ်များကိုသာ စီး၍ တော် မတော် တိုင်းကြည့်ရသည်။ အဘယ်ကြောင့်ဆိုသော် ကတ္တီပါခင်းဖိနပ်တွင် ခြေရာထင်သွားမည်စိုးသောကြောင့်ဟု ဆို၏။ ထိုအခါ ဝယ်သူက ဖိနပ်ကို စီးကြည့် စွပ်ကြည့်ရုံဖြင့် ခြေရာ ထင်လေသလားဟု ထင်မှတ်ရုံသာမက ထိုဖိနပ်ရောင်းချမှုပုံစံ၏ ဝန်ဆောင်မှုကို စားသုံးသူက စိတ်ညစ်လာနိုင်၏။ ထို့ကြောင့် ထိုဖိနပ်သည် မားစီးဒီး(စ) ကားဝယ်စီးရသလို ခိုင်တော့ခိုင်ပါရဲ့၊ ဈေးကကြီး၊ အပြောကမခံ၊ အလွယ်တကူလည်း ဝယ်၍ မရခြင်းသည် အလုံးစုံ အရည်အသွေးပြည့်ဝသောဖိနပ်ဟု မဆိုသာဘဲ ရှိနေ၏။

ထို့ကြောင့် အလုံးစုံအရည်အသွေးဆိုသော အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် စားသုံးသူ စိတ်တိုင်းကျဟူသော အချက် ပါဝင်မှ အလုံးစုံအရည်အသွေး စာရင်းဝင်၍ ဈေးကွက်တွင် အောင်ပွဲရနိုင်မည်။

http://swanbros.blogspot.com



## ရှေးအခါက အရည်အသွေး

ရှေးအခါက ပစ္စည်းများကို ထုတ်လုပ်ရာတွင် နည်းပညာ အတတ်ပညာ အရပ်ရပ်ကို အသုံးပြု၍ ပစ္စည်းကို ထုတ်လုပ်တတ်ကြသည်။

ဥပမာ မော်တော်ကား၊ ရေခဲသေတ္တာ၊ ဗွီဒီယို၊ ရေဒီယို၊ ကင်မရာ၊ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်း စသည်တို့ဖြစ်သည်။ ပစ္စည်းများကို ထုတ်လုပ်ပြီး ထွက်ရှိလာသမျှသော ပစ္စည်းများကို မစစ်မဆေးဘဲ မည်သူမျှ ဈေးကွက်သို့ မပို့ကြ။ ထုတ်လုပ်ပြီးပစ္စည်းများကို တစ်ခုချင်း အရည်အသွေး မီ မမီ စမ်းသပ်စစ်ဆေးပြီးကာမှ အရည်အသွေးရှိသော ဈေးကွက်ဝင် တန်းဝင်ပစ္စည်း တစ်ခုချင်းကိုမှ ဈေးကွက်သို့ ပို့ကြ၏။ ဒေါင်ဒေါင်မြည် စစ်ဆေးထားသောကြောင့် ဈေးဘက်သို့ ရောက်ရှိလာသော ပစ္စည်းများသည် အရည်အသွေးမီသောပစ္စည်းများသာ ဖြစ်၏။ အရည်အသွေးမမီသော ပစ္စည်းဟူသမျှကို ဈေးကွက်သို့မပို့ဘဲ ဖျက်ဆီးပစ်လိုက်ကြ၏။ ဤသည်ကို အရည်အသွေးထိန်းသိမ်းခြင်းဟု အမည် မှည့်ခေါ်ခဲ့ကြသည်။

## အက်ဒဝပ်ဒဲမ်းမင်း၏ အလုံးစုံ အရည်အသွေး

ဒုတိယကမ္ဘာစစ်ကြီး ပြီးသောအခါ အမေရိကန်နိုင်ငံသား ဒဗလျူ အက်ဒဝပ် ဒဲမ်းမင်း **W EDWARD**

http://swanbros.blogspot.com



**DENMING** ဆိုသူ ပုဂ္ဂိုလ်ကြီးတစ်ဦး ပေါ်ပေါက်ခဲ့သည်။ ဒဲမ်းမင်းသည် စာရင်းအင်းပညာရှင်တစ်ဦး ဖြစ်သော်လည်း အရည်အသွေးထိန်းချုပ်မှုကို စိတ်ဝင်စားခဲ့၏။ ဒဲမ်းမင်းက

'အရည်အသွေးကောင်း ပစ္စည်းများကို ထုတ်လုပ်ရာတွင် ယခင်ကလို အရည်အသွေးညံ့ပစ္စည်းများကိုသာ ဖယ်ထုတ်ခြင်းလုပ်ငန်းသည် ခေတ်မမီတော့။ ထိုအယူအဆဟောင်းကို ဖယ်ရှားပစ်ရမည်။ အပြီးသတ်အဆင့်ကျမှ အရည်အသွေးကို စိစစ်ခြင်းဖြင့် ခေတ်သစ်လိုလားချက် အရည်အသွေးကို မရရှိနိုင်။

တယ်လီဖုန်းကဲ့သို့သော ရှုပ်ထွေး သိမ်မွေ့သည့် ပစ္စည်းကိရိယာများကို ထုတ်လုပ်သောအခါ နောက်ဆုံးအဆင့်ကျမှ စစ်ဆေးခြင်းသည် အကျိုးမရှိတော့။ နောက်ဆုံးအဆင့်မှ တယ်လီဖုန်းကို စစ်ဆေးလျှင် အပြစ်အနာအဆာနှင့် ချွတ်ယွင်း ဖော်ပြန်မှုကင်းသောပစ္စည်း အလွန်နည်းသွားမည်ဖြစ်သည်။ နောက်ဆုံးမှ စစ်ဆေးသည့်အလုပ်ကို ရှောင်၍ ရှေးဦးအဆင့်ဆင့်ကပင် စစ်ဆေးမှုပြုလုပ်ရန် လိုသည်။ အရည်အသွေးစစ်ဆေးမှု အလိုအပ်ဆုံးမှာ လုပ်ငန်းစတင်သည့်အဆင့်မှစ၍ အကောင်းဆုံး အမှန်ဆုံးဖြစ်အောင် စီမံ ဆောင်ရွက်ရမည်။ ကုန်ပစ္စည်းဒီဇိုင်းပုံစံ ထုတ်လုပ်သည့်အဆင့်မှာပင် အရည်အသွေးကို စဉ်းစားလုပ်ဆောင်ရမည်။

http://swanbros.blogspot.com



အလုပ်သမား သို့မဟုတ် ကျွမ်းကျင်သူ ပညာရှင်သည် ထုတ်လုပ်မှုလုပ်ငန်းကို အချိန် အတိုင်းအတာတစ်ခုဖြင့် မှန်မှန်စစ်ဆေးနေရမည်။ ထုတ်လုပ်မှု ကုန်ပစ္စည်း နမူနာများကို အုပ်စုတစ်စုစီမှ အချိန်မီ ထုတ်ယူစစ်ဆေးရမည်။

ရှေးဟောင်းကုန်ပစ္စည်းထုတ်လုပ်မှုများတွင် အလုပ်သမားတို့၏ တာဝန်ဝတ္တရားနှင့် သူတို့၏ အခြေအနေများကို လျစ်လျူရှုခဲ့မှုများ ရှိခဲ့သည်။ ခေတ်ဟောင်းကုန်ပစ္စည်းထုတ်လုပ်မှုနည်းများက အလုပ်သမားများကို စက်ရုပ်ဆန်ဆန် သဘောထားခဲ့ကြသည်။ ယင်းလုပ်ဆောင်မှုများသည် ခေတ်မမီတော့၍ စွန့်ပစ်ကြရမည်။

ထုတ်ကုန်များ၏ အရည်အသွေးဆိုသည်မှာ သုံးစွဲသူ ဖောက်သည်တို့၏ လိုအပ်ချက်ပါမှ အဓိပ္ပာယ်ရှိသည်။ ထုတ်လုပ်မည့် ကုန်ပစ္စည်းနှင့် သုံးစွဲသူကို သတ်မှတ်ပြီး မှသာ ထုတ်လုပ်နည်းစဉ်ကို သတ်မှတ်နိုင်သည်’

စသော အတွေးအခေါ်များကို ဒမ်းမင်းသည် သူ၏ဆရာဖြစ်သူ ဝေါ်တာရှီဝှတ်နှင့်အတူ အမေရိကန်နိုင်ငံတွင် ဖြန့်ချိဟောပြောခဲ့ကြ၏။ သို့သော် စိတ်ဝင်စားသူနည်းပါးပြီး ဒမ်းမင်း၏ နည်းများသည် ကုန်ကျစရိတ်များဖို့သာဖြစ်မည်ဟုဆိုကာ အမေရိကန်တို့သည် ဘာသိဘာသာ နေခဲ့ကြ၏။ ထို့ကြောင့် ဒမ်းမင်းသည် မိမိ၏

http://swanbros.blogspot.com



အယူအဆများကို ကမ္ဘာ့အရှေ့ဖျားတွင် ဖြန့်ချိရန် ဆုံးဖြတ်ခဲ့၏။

## ဂျပန်တို့၏ ဆရာဒဲမ်းမင်း

ဒဲမ်းမင်းသည် ဂျပန်နှင့်စိမ်းသူမဟုတ်။ ၁၉၄၇ ခုနှစ် ဂျပန်လက်နက်ချပြီး ၂ နှစ်အကြာတွင် သူ့အား ဗိုလ်ချုပ်ကြီးမက်အာသာက ဆင့်ခေါ်၍ ဂျပန်နိုင်ငံသို့ စတင် ရောက်ခဲ့ဖူးသည်။ ဂျပန်နှင့်မစိမ်းသော ဒဲမ်းမင်း သည် မိမိ၏ အလုံးစုံအရည်အသွေး နည်းပညာကို ဂျပန်တွင် ဖြန့်ချိရန် စိတ်ကူးပြီး ဂျပန်သို့ ထွက်လာခြင်း ဖြစ်၏။ ဂျပန်သည် စစ်ဘေးစစ်ဒဏ်ခံခဲ့ရ၍ ဂျပန်သို့ ဒဲမ်မင်း စရောက်ချိန်တွင် စစ်ပြီးစ ပြန်လည်ထူထောင် ရေး စတင်ပြုလုပ်နေချိန်ဖြစ်၏။ ဒဲမ်မင်းသည် မိမိ၏ အယူအဆကို ဟောပြောပွဲများပြုလုပ်၍လည်းကောင်း၊ စာတမ်းများရေး သား၍လည်းကောင်း၊ ဆွေးနွေးပွဲများ ပြုလုပ်၍လည်းကောင်း ဖြန့်ချိခဲ့ရာ ဂျပန်တို့သည် ဒဲမ်မင်း၏ အယူအဆသစ်ကို လက်ခံကာ မိမိတို့နိုင်ငံ ကို ပြန်လည်ထူထောင်ရေး ပြုလုပ်ခဲ့သည်။

ဒဲမ်းမင်းသည် မိမိ၏အရည်အသွေးဆိုင်ရာ အယူ အဆကို ဖြန့်ချိရုံသာမက အရည်အသွေးကို ဖော်ညွှန်း သော နိုင်ငံတကာစံချိန်မီ စီမံခန့်ခွဲမှုပညာကိုလည်း ဂျပန်တို့အား သင်ကြားပေးခဲ့၏။ ဒဲမ်းမင်း၏ သင်

http://swanbros.blogspot.com



ကြားမှုများကြောင့် ဂျပန်နိုင်ငံ၏ စက်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း အရပ်ရပ်သည် စနစ်တကျ ကြီးထွားလာခဲ့၏။

၁၉၇၀ ပြည့်နှစ်နှင့် ၈၀ ပြည့်နှစ် ကာလများသို့ ရောက်ရှိလာသောအခါ ဂျပန်တို့၏ ထုတ်လုပ်မှုသည် အမေရိကန်တို့ထက် သာလွန်လာခဲ့တော့၏။ ထိုအခါ အမေရိကန်များသည် ဂျပန်တို့က မိမိတို့ထက် ဘာကြောင့် သာလွန်လာရသည်ကို စဉ်းစား၍မရနိုင်လောက်အောင် ဖြစ်လာသည်။

အမေရိကန်လေ့လာရေးအဖွဲ့များက သွားရောက်၍ ဂျပန်တို့၏ထုတ်လုပ်မှုကို လေ့လာသောအခါ ထိုအဖွဲ့တို့က ပထမပိုင်းတွင် ဂျပန်တို့၏ ထုတ်လုပ်မှုသာလွန်သွားခြင်းသည် ဂျပန်နိုင်ငံတွင် လုပ်ခဈေးနှုန်းသက်သာခြင်းကြောင့် ဖြစ်သည်ဟု အဖြေထုတ်ခဲ့၏။ သို့သော် ဂျပန်နိုင်ငံ၏ အလုပ်သမား လုပ်ခများသည် မကြာမီ အမေရိကန်၏ လုပ်ခများကို ရင်ပေါင်တန်းလာသောအခါ ယင်းတို့၏ ပထမထင်မြင်ချက် မှားသည်ကို သိရှိလာပြီး ထပ်မံလေ့လာသောအခါ ဂျပန်နိုင်ငံတွင် စက်ရုံများ လျင်မြန်စွာ တိုးပွားလာခြင်းနှင့် နောက်ဆုံးပေါ် ခေတ်မီထုတ်လုပ်မှုပစ္စည်းများကို အသုံးပြုလာခြင်းကြောင့် ဂျပန်တို့က ပိုမိုသာလွန်ခြင်းဖြစ်သည်ဟူသော ကောက်ချက်ကို ပြောင်း၍ ချခဲ့ကြပြန်၏။

http://swanbros.blogspot.com



တစ်ဖန် ဂျပန်လေ့လာသူတို့သည် ယန်းငွေ ဈေးပေါသောကြောင့် ဂျပန်မော်တော်ကား အရောင်းသွက်ခြင်းဖြစ်သည်ဟု ရေလိုက်လွဲစွာဖြင့် ကောက်ချက်ချခဲ့ပြန်၏။

သို့သော် မကြာမီ ဂျပန်ယင်းငွေသည် အမေရိကန်ဒေါ်လာကို ယှဉ်ပြိုင်နိုင်အောင် တန်ဖိုးမြင့်လာသောအခါတွင်မှ ဖို့ဒ်မော်တော်ကားကုမ္ပဏီကဲ့သို့သော ကုမ္ပဏီကြီးက ဒဲမမ်းမင်းကို သတိရလာကြခြင်း ဖြစ်၏။

၁၉၈၁ ခုနှစ်၏ အေးချမ်းလှသော ဖေဖော်ဝါရီလတွင် ဒဲမ်းမင်းနှင့် ဖို့ဒ်အမှုဆောင် အဖွဲ့ဝင်သုံးဆယ်တို့တွေ့ဆုံ ကြရာမှ ဖို့ဒ်ကုမ္ပဏီသည် မိမိတို့ကုမ္ပဏီကို ဒဲမ်းမင်း၏ အကြံပေးချက်များနှင့်အညီ ပြောင်းလဲလုပ်ဆောင်ရန် သဘောတူမှုသည် အနောက်ကမ္ဘာအတွက် အလုံးစုံ အရည်အသွေးထိန်းသိမ်းရေး **TOTAL QUALITY CONTROL** ခေတ်ထဲသို့ အစပြုဝင်ရောက်လာမှုပင် ဖြစ်ပါ၏။

## စနစ်ဟောင်း အရည်အသွေး ထိန်းသိမ်းမှု

စနစ်ဟောင်းက အရည်အသွေး ထိန်းသိမ်းမှုဆိုသည်မှာ မော်တော်ကား အစင်း ၁၀၀၀ ထုတ်လုပ်ရာတွင် ကားအစင်း ၁၀၀၀ စလုံး ထုတ်လုပ်၍ ပြီးသောအခါတွင်မှ ယင်းအထဲမှ ဒေါင်ဒေါင်မြည် ကားများကို ရွေး

http://swanbros.blogspot.com



ထုတ်၍ ဈေးကွက်သို့ ပို့ဆောင်ရောင်းချသော စနစ်ဖြစ်၏။ ထိုကဲ့သို့ ရွေးထုတ်ရာတွင် အစင်း ၁၀၀၀ ထဲမှ တစ်ခါ တစ်ရံ အစီး ၃၀၀ လောက်တွင် ချွတ်ယွင်းမှုရှိပြီး အစီး ၇၀၀ လောက်သာ ဒေါင်ဒေါင်မြည် ရရှိ၏။ ကားအစီး ၁၀၀၀ ၏ ထုတ်လုပ်မှုစရိတ်သည် သိန်း ၁၀၀၀ ဟု ဆိုပါက ကားတစ်စီး၏ ကုန်ကျစရိတ်သည် $\frac{၁၀၀၀}{၇၀၀}$ သိန်း=၁.၄သိန်းဖြစ်ပေရာ ဈေးကွက်တွင် ကား တစ်စီးလျှင် ၂ သိန်းနှင့် တင်ပို့ရောင်းချ၏။ ထို့အတွက် ကားတစ်စီးလျှင် အမြတ်ငွေ ဒသမ ၆သိန်း ဖြစ်၏။

ဒဲမ်းမင်း၏ အလုံးစုံ အရည်အသွေးစနစ်ဖြင့် ကားအစီး ၁၀၀၀ ကို ထုတ်လုပ်ရာတွင် မူလ ဒီဇိုင်း ဆွဲစဉ်မှစ၍ ကုန်ကြမ်းပစ္စည်းဝယ်ယူမှု ပုံလောင်းမှု၊ တပ်ဆင်မှုအဆင့်တိုင်းတွင် အရည်အသွေးစစ်ဆေးမှုတို့ ပုံမှန်ဝင်ရောက်သောအခါ ကုန်ကျစရိတ်သည် ကား အစီး ၁၀၀၀ အတွက် သိန်း ၁၁၀၀ သာ ကုန်ကျ၏။

သို့သော် နောက်ဆုံးအဆင့် ဈေးကွက်သို့ ထုတ်ရန် ကားများကို စစ်ဆေးသောအခါ ကားအစီး ၉၉၉ စီး အကောင်းပကတိ ရရှိ၏။ ထို့ကြောင့် ကားတစ်စီးစီ၏ ကုန်ကျစရိတ် တွက်ချက်သောအခါ $\frac{၁၁၀၀}{၉၉၀}$ သိန်း = ၁.၁ သိန်းသာ ကျသည်။

ထို့ကြောင့် အမြတ် ဒသမ ၆သိန်းယူ၍ ဈေးကွက် သို့ တင်ပို့ရောင်းချရာ ဈေးကွက်တွင် ကားတစ်စီး

http://swanbros.blogspot.com



ဈေးနှုန်းသည် ၁.၇ သိန်းသာ ကျသောကြောင့် ဂျပန်ကားများသည် အမေရိကန်ကားများထက် မယှဉ်နိုင်လောက်အောင် ဈေးချိုနေခြင်းဖြစ်သည်။

ယနေ့ကမ္ဘာတွင် အလုံးစုံ အရည်အသွေးခေတ်ကြီးစတင်၍နေပြီဖြစ်သည်။ ယနေ့ကမ္ဘာ၏ အရှေ့တွင်ရော အနောက်တွင်ပါ ပစ္စည်းထုတ်လုပ်ရာတွင် အရည်အသွေးမှ အရည်အသွေးဖြစ်နေကြပြီဖြစ်၏။ ကုန်ပစ္စည်းထုတ်လုပ်မှု စတင်စိတ်ကူးစဉ်ကပင် အရည်အသွေးကို ထည့်သွင်းစဉ်းစားပြီး ကုန်ပစ္စည်းထုတ်လုပ်မှုအဆင့်တိုင်းတွင် စစ်ဆေးမှုပေတံများ ထားရှိလုပ် ဆောင်လာရသောရာနှုန်းပြည့် အရည်အသွေးရှိမှုခေတ်ကြီးသို့ ရောက်ရှိနေပြီဖြစ်၏။

အရည်အသွေးကို နိုင်ငံတကာ အသိအမှတ်ပြုစံချိန်စံညွှန်း **International Standard Of Organization ISO** ဖြင့် သတ်မှတ်ကြသည်။ **ISO** ဆိုသည်မှာ နိုင်ငံစုံမှ ပစ္စည်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းတစ်ပြေးညီဆောင်ရွက်ရန် သတ်မှတ်ထားသော စံချိန်စံညွှန်းဖြစ်သည်။ ဗြိတိသျှ စံချိန်စံညွှန်း ၅၇၅၀ ကို **ISO 9000** ဟု အများသဘောတူ သတ်မှတ်၍ အရည်အသွေးလက်ဆွဲ အချက် ၂၀ နှင့် ကိုက်ညီအောင်ထုတ်လုပ်နိုင်လျှင် **ISO 9001** သတ်မှတ်၍ တစ်ခုလျော့လျှင် **ISO 9002** ဖြစ်သည်။

http://swanbros.blogspot.com



ဟိုတယ်များနှင့် ပတ်သက်၍လည်း ကြယ်ငါးပွင့်ဟိုတယ်၊ ကြယ်လေးပွင့်ဟော်တယ်ဟုဆိုကာ အရည်အသွေးကို သတ်မှတ်ထားကြရာ ယနေ့ကမ္ဘာသည် အရည်အသွေးကမ္ဘာဟု ခေါ်ဆိုရလောက်အောင် အရည်အသွေးသည် ရေပန်းစားလျက်ရှိနေလေပြီ။

## အပြစ် အနာအဆာ ရှာဖွေသူ ပါရဂူများ

ယနေ့ကမ္ဘာတွင် အရည်အသွေးနှင့်ပတ်သက်သော အယူအဆသစ်များ၊ နည်းသစ်များ၊ အတွေ့အကြုံသစ်များနှင့်ပိုမိုတိကျကောင်းမွန်သော အရည်အသွေးဖော်ထုတ်ရေးစနစ်များကို အသုံးပြုလျက်ရှိပါ၏။

'အခုလို ဈေးကွက်ခေတ်စားလာပြီး ဈေးကွက်မှာ သဲသဲမဲမဲ ပြိုင်ဆိုင်မှုရှိနေတဲ့အချိန်မှာ အရည်အသွေး မရှိရင် ဈေးကွက်နားကို ဘယ်လိုရပ်ပြီး ကပ်လို့ရမှာလဲ'

ဟု ဆိုသူများလည်း ရှိ၏။

'အရည်အသွေးရှိတဲ့ ပစ္စည်းကို ဖော်ထုတ်ရာမှာ ပစ္စည်းထုတ်လုပ်မှု အစဉ်တစ်လျှောက်လုံးမှာ အားနည်းမှု၊ ဖောက်ပြန်မှုတွေကို အမြဲရှာနေရမယ်။ ပစ္စည်းထုတ်လုပ်မှု ဖြစ်စဉ်တစ်လျှောက်မှာရှိတဲ့ ချွတ်ယွင်းမှုအရပ်ရပ်ဟာ အရည်အသွေးရဲ့ အနီးကပ်ဆုံးရန်သူပဲ။ ထုတ်လုပ်မှုအစဉ်တစ်လျှောက်က မည်သည့်ချွတ်ယွင်း

http://swanbros.blogspot.com



ချက်ကိုမဆို အမြဲ ရှာဖွေပြီး အမြဲ ဖယ်ရှားနေရမယ်။ ချွတ်ယွင်းဖောက်ပြန်မှုဟာလည်း တစ်နေရာမှာမဟုတ် တစ်နေရာမှာ ရှိနေတတ်သည်။ စက်ရုံအလုပ်ရုံ ဟိုတယ် လုပ်ငန်းဌာနများမှာ အပြစ်ရှာဖွေရေး ပါရဂူတွေကို ခန့်ထား လုပ်ဆောင်ရမယ်'

ဟု အချို့ကဆို၏။

စည်သွတ်ဘူးထုတ်လုပ်သည့် လုပ်ငန်းတစ်ရပ်တွင် စက်ချွတ်ယွင်းမှု၊ ကုန်ကြမ်းအရည်အသွေးညံ့မှု မရှိဘဲ စီမံခန့်ခွဲမှုနှင့် ကျွမ်းကျင်မှုပါ ပြည့်စုံပါလျက် မိမိတို့ စက်ရုံမှ ထွက်သော စည်သွတ်ဘူးများ ဈေးကွက်တွင် ရောင်းပန်းမလှဖြစ်ပြီး ထုတ်လုပ်သမျှပစ္စည်းများ မရောင်း ရဘဲ ဖြစ်နေသည်ကို လေ့လာသောအခါ ထိုအလုပ်ရုံ သည် စည်သွတ်ဘူး ပြုလုပ်ရာတွင် အရည်အသွေးညံ့ သံဖြူပြားများ ဝယ်ယူအသုံးပြုမှုကြောင့် ဖြစ်ရသည် ကို တွေ့ရှိခဲ့ရပါ၏။

## ချွတ်ယွင်း ဖောက်ပြန်မှု သုံးည

အရည်အသွေးကောင်းပစ္စည်းများ ရရှိစေရန် စာရင်း အင်း သင်္ချာ ပညာရှင်များ၏ တွက်ချက်မှုများကိုလည်း ဂရုစိုက်ကြရမည် ဖြစ်သည်။ စက်ရုံတစ်ခု၏ စာရင်းအင်း သင်္ချာပညာရှင်များသည် ကုန်ထုတ်လုပ်မှု လုပ်ငန်း၏ ရောဂါရှာဖွေရေး သမားတော်ကြီးများ ဖြစ်သည်။ ထုတ်

http://swanbros.blogspot.com



လုပ်မှုစနစ်တိုင်းတွင် ချွတ်ယွင်းဖောက်ပြန်မှုသည် ရှိတတ်စမြဲဖြစ်သည်။ ရှိပါစေ။

သို့သော် ထိုချွတ်ယွင်းဖောက်ပြန်မှုနည်းပါးအောင် ချွတ်ယွင်းဖောက်ပြန်မှု (သုံည) ဖြစ်အောင် အမြဲလုပ်ဆောင်နေရမည်။ အရည်အသွေးဆိုင်ရာ စာရင်းအင်းသင်္ချာပညာကို ကုန်ထုတ်သူတိုင်းက လေးစားရမည်။ အရည်အသွေးထိန်းချုပ်မှုသည် စီမံခန့်ခွဲမှု၏ အဓိကတာဝန်ဖြစ်သည်။ အရာရာသည် အရည်အသွေး တိုးတက်ဖြစ်ပေါ်မှုကို ဦးတည်နေရမည်။ အရည်အသွေးသည် သုံးစွဲသူ ဖောက်သည်၏ လိုအင်နှင့် ကင်းကွာ၍မရ။ ဖောက်သည်၏ လိုအင်နှင့် တစ်ဆက်တည်းဖြစ်နေမှ အရည်အသွေးဆိုသည်မှာ အဓိပ္ပာယ်ရှိသည်။

ထို့ကြောင့် သုံးစွဲသူ ဖောက်သည်များနှင့် ပတ်သက်၍ သုတေသနပြုမှုများကိုလည်း ပြုလုပ်ရမည်။

ဥပမာအနေနှင့် တင်ပြရသော ၁၉၉၄ နှစ်က ကိုရီးယားနိုင်ငံတွင် ပြည်တွင်းဈေးကွက်အတွက် ရေခဲသေတ္တာများကို အပြိုင်အဆိုင် ထုတ်လုပ်ခဲ့ရာ စားသုံးသူဖောက်သည်ဆိုင်ရာ သုတေသနပြုမှုကို အလေးထားခဲ့သော **LUCKY GOLD STAR** ကုမ္ပဏီကြီးသည် မိမိတို့ကုမ္ပဏီမှ ထုတ်လုပ်သော ရေခဲသေတ္တာများတွင် ကိုရီးယား ကင်ချိ-ချဉ်ဖတ်ထည့်သည့်နေရာတစ်ခုကို တီထွင် ထည့်သွင်းပေးခဲ့ခြင်းဖြင့် ထိုနှစ်က **LG** မှ

http://swanbros.blogspot.com



ထုတ်လုပ်ရောင်းချသမျှသော ရေခဲသေတ္တာများ ရောင်းစွံ၍ အခြားရေခဲသေတ္တာများ 'အ' ခဲ့ရသော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့၏။

## ဒဲမ်းမင်း၏ အကြံပြုချက် ၆ ချက်

၂ဝရာစု၏ အရည်အသွေးဆိုင်ရာ ပါရဂူကြီးနှင့် ဂျပန်တို့၏ ဆရာဒဲမ်းမင်းသည် အရည်အသွေးရှိသော ပစ္စည်းများ ထုတ်လုပ်ရေးနှင့် ပတ်သက်၍ သူ၏ အကြံပြုချက် ၆ချက်နှင့် အရည်အသွေးဆိုင်ရာ မူ ၁၄ ရပ်ကို ထုတ်ပြန်ထားရှိခဲ့၏။ အကြံပြုချက် ၆ ရပ်မှာ အောက်ပါ အတိုင်း ဖြစ်သည်။

၁။ သုံးစွဲသူ ဖောက်သည်၏ အလိုကျ ကုန်ပစ္စည်း၏ အရည်အသွေးကို ဆုံးဖြတ်ရမည်။ ဖောက်သည်၏ အနာဂတ်လိုအပ်ချက်ကို ကြိုတင်မှန်းဆ တွက်ချက်ရည်မှန်းထုတ်လုပ်နိုင်ရမည်။ ထုတ်ကုန်နှင့် ထုတ်လုပ်မှုနည်းစနစ်ကို တိုးတက်ပြုပြင်နေရမည်။ ညံ့ဖျင်းသော ထုတ်လုပ်မှုနည်းစနစ်မှ ထွက်ရှိလာသော ပစ္စည်းညံ့များကို ဖယ်ထုတ်သော အလုပ်တစ်ခုတည်းဖြင့် အရည်အသွေးကို မဖော်ထုတ်နိုင်ပါ။

၂။ ထုတ်ကုန်ပြုလုပ်သော နည်းစနစ်တိုင်းတွင် ရှိတတ်သည့် မညီမညွတ်မှု၊ ဖောက်ပြန်မှု၊ ချွတ်ယွင်းမှုများကို အစဉ်သိအောင်လုပ်၍ ထိုအချက်များ လျော့နည်းအောင် အစဉ် စီမံနေရမည်။

http://swanbros.blogspot.com



၃။ ရေရှည် အရည်အသွေးတိုးတက်မှုသည် ထိပ်ပိုင်း စီမံခန့်ခွဲမှု၏ တာဝန်ယူမှုနှင့် စနစ်တကျ ပြုပြင်ပြောင်းလဲမှုတို့မှ ပေါ်ထွက်လာစမြဲဖြစ်သည်။ ပြုပြင်တိုးတက်မှုကို အလယ်အလတ် မန်နေဂျာနှင့် အလုပ်သမားများ၏ အားသွန်ခွန်စိုက် လုပ်ဆောင်မှုမှ မရနိုင်ပါ။ အရည်အသွေးနှင့် အကျိုးအမြတ်ကို လိုချင်တောင့်တမှု တစ်ခုတည်းနှင့်လည်း မရနိုင်။ ပန်းတိုင်နှင့် လိုချင်တောင်းတမှုကို စွမ်းဆောင်ရည်ဖြင့်သာ ရယူနိုင်သည်။

၄။ ကုန်ထုတ်လုပ်မှုအတွက် ပြုပြင်ပြောင်းလဲမှုနှင့် တိုးတက်မှုသည် အဆက်မပြတ် ဖြစ်ပေါ်နေပြီး လုပ်ငန်းခွင်တစ်ခုလုံး ပျံ့နှံ့နေရမည်။ အဖွဲ့အစည်းအတွင်းရှိ အဖွဲ့ဝင်တိုင်း လုပ်ငန်းတိုးတက်မှုထဲတွင် ပါဝင်လှုပ်ရှားပြီး ပြင်ပမှ ပံ့ပိုးသူများ၏ ပါဝင်ဆောင်ရွက်မှုများသည်လည်း လိုအပ်သည်။

၅။ အလုပ်သမားများအားလုံးကို ပညာပေးမှုနှင့် လေ့ကျင့်မှုကို ပြုလုပ်ပေးရမည်။

၆။ အလုပ်ခွင်၌ အလုပ်သမား တစ်ဦးချင်းစီ၏ လုပ်ဆောင်မှုကို တိုင်းတာသတ်မှတ်မှုသည် အကျိုးဖြစ်ထွန်းမှု မရှိတတ်။ စီမံခန့်ခွဲသူက အလုပ်သမားများ ကြိုးစားလာအောင် အခွင့်အလမ်းပေးလျှင် အလုပ်သမားအများစုသည် သူတို့၏အလုပ်ခွင်တွင် ဂုဏ်ယူအားတက်

http://swanbros.blogspot.com



ကာ ပြုပြင်ဆောင်ရွက်မှုများအတွက် အားသွန်ခွန်စိုက် ပါဝင် ကြိုးပမ်းလာမည်ဖြစ်သည်။

## ဒဲမ်းမင်း၏ မူ ၁၄ ချက်

ဒဲမ်းမင်းလည်း မိမိ၏အရည်အသွေးတိုးတက်မှု ဆိုင်ရာ အကြံပြုချက် ၆ ချက်ကို အခြေခံ၍ အရည် အသွေးတိုး တက်ရေးအတွက် မူ ၁၄ ချက်ကို ချမှတ်ခဲ့ သည်။ ထိုမူ ၁၄ ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ မိမိ၏ ကုန်ထုတ်လုပ်မှု ရည်ရွယ်ချက် ခိုင်မြဲတည်တံ့ အောင် တည်ဆောက်ပါ။

ရည်ရွယ်ချက် ခိုင်မြဲ တည်တံ့မှုဆိုသည်မှာ လုပ်ငန်း ကို ရေရှည် ရင်းနှီးမြှုပ်နှံမှု ပြုရမည်ဆိုသောအချက် ဖြစ်ပါသည်။ ခဏပန်း ငွေကြေး အမြတ်အစွန်းရသော ကားပွဲစား၊ မှောင်ခို အစရှိသောအလုပ်များတွင် မရင်းနှီး မမြှုပ်နှံရန် ဖြစ်၏။ ပေါ်ပင်အလုပ်များတွင် ရင်းနှီး မြှုပ်နှံမှုမပြုရန် ဖြစ်သည်။ ဒဲမ်းမင်း၏ ကုန်ပစ္စည်း ရေရှည်တည်တံ့ခိုင်မြဲမှုသဘောတွင် သုံးစွဲသူဖောက်သည် နှင့် စတင်ပြီးလျှင် ဖောက်သည်နှင့်သာ အဆုံးသတ်ရ မည်ဟူသောအချက် ပါဝင်သည်။

၂။ ကုန်ထုတ်လုပ်မှု **PRODUCTION** နှင့် ဝန်ဆောင်မှု **SERVICES** ကို ထာဝစဉ် ခိုင်မြဲတိုးတက်အောင် ပြုလုပ်ရမည်။ အစဉ်တိုးတက်အောင် ဒဲမ်းမင်း အသုံးပြု

http://swanbros.blogspot.com



ခဲ့သောနည်းကို ဂျပန်တို့က စက်ဝိုင်းပတ်နည်းဟု ခေါ်သည်။ ယင်းနည်းမှာ

(က) စီမံကိန်းချခြင်း

(ခ) လက်တွေ့လုပ်ဆောင်ခြင်း

(ဂ) စစ်ဆေးစိစစ်ခြင်း

(ဃ) အရေးယူဆောင်ရွက်ခြင်းတို့ဖြစ်သည်။

## ဒဲမ်းမင်း၏ စက်ဝိုင်းပတ်နည်း

ဂျပန်တို့သည် ဒဲမ်းမင်း၏ စက်ဝိုင်းပတ်နည်းကို တွင်တွင်ကျယ်ကျယ် သုံးခဲ့သည်။ စက်ဝိုင်းပတ်နည်းမှာ လုပ်ငန်းတစ်ခု လုပ်ဆောင်မည်ဆိုပါက ထိုလုပ်ငန်းအတွက်၊ ထိုပြဿနာအတွက် အချက်အလက်များကို ပြည့်စုံအောင် ရှာဖွေရသည်။ ထို့နောက် ယင်းပြဿနာသို့မဟုတ် လုပ်ငန်းနှင့်ပတ်သက်၍ ရည်မှန်းချက်ကို ထားရှိပြီး။ ရည်မှန်းချက်ရှိလာသောအခါ ထိုရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မည့် စီမံကိန်းကို ရေးဆွဲ၏။ ဖြစ်နိုင်ခြေရှိမှုပေါ်တွင် မူတည်၍ စီမံကိန်းကို ရေးဆွဲသည်။

**စီမံကိန်း** ရည်မှန်းချက် ရရှိလာသောအခါ ယင်းစီမံကိန်းကို စတင်အကောင်အထည်ဖော်သည်။ အကောင်အထည်ဖော်ရန် လူအင်အား စက်ကိရိယာပစ္စည်း စသည်တို့ကို စုဆောင်း၏။ စုဆောင်းပြီးသောအခါ အချိန်

http://swanbros.blogspot.com



အကန့်အသတ်အတွင်း အကောင်အထည်ဖော် လုပ်ဆောင်သည်။

စီမံကိန်းကို အကောင်အထည်ဖော် လုပ်ဆောင်နေသည့် ကာလအတွင်း လုပ်ငန်းအဆင့်ဆင့် တိုးတက်မှု ရှိ မရှိ၊ မှန်ကန်မှု ရှိ မရှိ စသည်တို့ကို **စစ်ဆေးစိစစ်**၏။ စစ်ဆေးရာတွင် စံနှုန်းများကို သတ်မှတ်စစ်ဆေးသည်။ အလုပ်လုပ်ရင်း တွေ့ကြုံလာရသော ပြဿနာများကို ဖြေရှင်းရာတွင် ပထမပြဿနာ၏ အကြောင်းရင်းကို ရှာဖွေကြသည်။ အစီရင်ခံစာများကို တင်ပြစေ၍ ထိုအစီရင်ခံစာများကို လေ့လာပြီး ပြဿနာကို အရင်းအမြစ်မှစ၍ ဖြေရှင်း၏။ နောင် အလားတူပြဿနာမျိုး မပေါ်ပေါက်အောင် လုပ်နည်းစနစ်များကို သတ်မှတ်၏။

ပြဿနာကိုသာ စိစစ်သည်မဟုတ်၊ လုပ်ငန်းခွင်ကိုလည်း အချိန်မှန် စိစစ်မှုပြု၏။ တစ်နှစ်ပတ်လုံး စိစစ်မှုရှိ၏။ စီမံခန့်ခွဲမှု ရလာဒ်များကိုလည်း စိစစ်။ လုပ်ငန်းအတွက် အကျိုးရှိစေမည့် အကြံဉာဏ်များကိုလည်း တောင်းခံသည်။ မန်နေဂျာများသည် လစဉ်လုပ်ငန်းသုံးသပ်ချက်၊ လဝက် သုံးသပ်ချက်များကို တင်ကြရ၍ ထိပ်ပိုင်းအရာရှိကြီးများသည် ထိုစီမံချက်များကို အမြဲ လေ့လာစိစစ်မှုများပြု၏။

http://swanbros.blogspot.com



စိစစ်မှုများမှ တွေ့ရှိချက်များ **အရေးယူဆောင်ရွက်**မှုပြု၏။ အရေးယူဆောင်ရွက်ရာတွင် အမိန့်ပေးစနစ်ထက် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်မှုကို ပြုသည်။ သို့ဖြင့် စီမံကိန်းများသည် အစဉ် ခေတ်မီနေ၍ နည်းဗျူဟာအသစ်များနှင့် စီမံကိန်းချ၊ လုပ်ဆောင်၊ စိစစ်၊ အရေးယူဟူသော စက်ဝိုင်းသံသရာတွင် လုပ်ငန်းခွင်အရပ်ရပ်က လည်ပတ်နေသည်။

## ကိန်းဂဏန်း လျာထားချက်များ

၃။ ကိန်းဂဏန်းလျာထားချက်များကို ပယ်ဖျက်ပါ။

လျာထားချက် ထား၍ စီမံခန့်ခွဲမှုကို ပယ်ဖျက်ပါဟု ဆို၏။

လျာထားချက်တစ်ခု အောင်မြင်အောင် မည်သည့်ကုမ္ပဏီမဆို လုပ်နိုင်သည်။ မည်သည့်လျာထားချက်မဆို အချိန်တိုတိုအတွင်း ပြီးမြောက်စေလိုပါက အကုန်အကျတန်ဖိုးကြီးကြီးမားမား ပေးရတတ်သည်။ မတန်တဆပေးရသောသဘော ဖြစ်သည်။ ထိုအဆမတန်ပေးရမှုသည် အဆုံးစွန်တွင် လုပ်ငန်းတစ်ခုလုံး ပျက်စီးသွားတတ်၍ လျာထားချက် ပြည့်မီအောင် ဖြစ်သည့်နည်းဖြင့် ဆောင်ရွက်မှုသည် လောလောဆယ်တွင် အောင်မြင်သော်လည်း ရေရှည်၌ ပျက်စီးရ၏။ လျာထားချက်၊ လိုလားချက်ကိုသာ အာရုံစိုက်ပြီး လုပ်ငန်းစနစ်ကို ဂရုမစိုက်ဘဲလည်း ဖြစ်တတ်သည်။

http://swanbros.blogspot.com



ဤနည်းသည် သာမန်ကြည့်လျှင် ကောင်းသည်ဟု ထင်ရသလောက်၊ အမြင်ကောင်းသလောက် လက်တွေ့တွင် အကျိုးထက် အပြစ်က များသည်။ လျာထားချက်နှင့် ပတ်သက်၍ ဒဲမ်းမင်းက

'ကိန်းဂဏန်း လျာထားတယ် ဆိုတာဟာ အရည်အသွေးနဲ့ ထုတ်လုပ်နိုင်စွမ်းတွေအတွက် အဟန့်အတား ခံရတယ်'

ဟု ဆို၏။

အလားတူပင် ဒဲမ်းမင်းက

'အလုပ်သမားများကို ဘယ်လောက်ပြီးရမယ်ဆိုပြီး အတိအကျ တရားသေကိန်းဂဏန်းများ သတ်မှတ်ပြီး မခိုင်းသင့်။ အလုပ်သမားများသည် အလုပ်၏စနစ်နှင့် အလုပ်၏ အခြေအနေက ခွင့်ပြုသမျှ စွမ်းနိုင်သမျှကိုသာ လုပ်ဆောင်နိုင်မှာဖြစ်၍ ကိန်းဂဏန်းတွေ လျာထားပြီး ကုန်ကြမ်းကမရ၊ ဝယ်သူကမရှိလျှင် လျာထားချက်သည် ဘာအကျိုးရှိမည်နည်း။

လေယာဉ်လက်မှတ်ရောင်းသူ ကလေးမလေးတစ်ဦးက တစ်နာရီတွင် တယ်လီဖုန်း ၂၅ ကြိမ် လက်ခံရမည်ဟု သတ်မှတ်ထားပါ၏။ တယ်လီဖုန်း လက်ခံသောအခါ ယဉ်ကျေးပျူငှာရှိဖို့လည်း လိုအပ်သည်။ ထိုအလုပ်ကို လုပ်ရာတွင် သူမသည် အဟန့်အတားများနှင့် ရင်ဆိုင်ရ၏။ သူမကမေးသည်ကို ကွန်ပျူတာက အဖြေ

http://swanbros.blogspot.com



နှေးကွေးစွာပေးသည်။ အချို့အမေးများကို ကွန်ပျူတာက မဖြေနိုင်။ ထိုအခါ အညွှန်းစာအုပ်တွင် ပင်ပန်းတကြီး ရှာဖွေရသောအခါ အချိန်ပို၍ကုန်သွားသည်။ ထိုကလေးမလေး၏ အလုပ်က ဘာလဲ။

- တစ်နာရီဖုန်းခေါ်ချိန် ၂၅ ကြိမ်က အဓိကလား။
- တယ်လီဖုန်းခေါ်သူ စိတ်ကျေနပ် ပျူငှာဖို့က အဓိကလား။
- အချက်အလက် မှန်မှန်ကန်ကန်ပေးနိုင်ဖို့က အဓိကလား။

ဒါတွေအားလုံးတော့ မဖြစ်နိုင်ပါ’

ဟု ဒဲမ်းမင်းက ဆိုသည်။

## အကြောက်တရားကို မောင်းထုတ်ပါ

၄။ အကြောက်တရားကို မောင်းထုတ်ပါ။ အလုပ်ရုံ

အလုပ်ခွင်တစ်ခုတွင် မန်နေဂျာရော၊ ပိုင်ရှင်ရော၊ အလုပ်သမားများပါ ကောင်းသတင်းများကို ကြားလိုကြသည်။ မကောင်းသတင်းများ၊ ရှုံးနိမ့်သည်သတင်းများကို ကြောက်ကြသည်။ မကြားလိုကြပါ။

ဂျပန်လူမျိုး အရည်အသွေးပါရဂူ အချီရိုမိယောချီက ပြောရာတွင်

http://swanbros.blogspot.com



'အမေရိကန် စီမံခန့်ခွဲသူတွေက မကောင်းသတင်းတွေကို မကြားချင်ကြဘူး။ ကြောက်ကြတယ်။ ဂျပန်စီမံခန့်ခွဲသူတွေက သတင်းဆိုးတွေကိုပဲ လိုက်ရှာပြီး ပြုပြင်နေကြတယ်'

ဟု ဆို၏။ ဂျပန် မန်နေဂျာတွေဟာ သတင်းဆိုးတွေကို စိတ်ဝင်စားကြသည်။ သတင်းဆိုးတွေကို မကြောက်ဘူးဟု ဆို၏။ သတင်းဆိုးများကို သူတို့လေ့လာသုံးသပ်ပြီး အမြန်ပြန်ပြုခြင်းဖြင့် အဆုံးအရှုံးနည်းပြီး သတင်းကောင်းများဖြစ်လာတတ်၏။ သတင်းဆိုးများမှ အခွင့်အလမ်းများကို သိမြင်နိုင်အောင် လေ့လာသင်ယူပါ။ ထို့ကြောင့် စက်ရုံအလုပ်ရုံ လုပ်ငန်းဌာနများတွင် သတင်းဆိုးယူလာသူတို့အား ဖိနှိပ်သည့် ဓလေ့ဆိုးကြီးကို ဖယ်ရှားရန်လိုသည်။ မိမိထင်မြင်ချက်များကို ဘယ်သူ့ကိုမှ ကြောက်မနေရဘဲ ရဲရဲဝံ့ဝံ့ တင်ပြနိုင်ခွင့်ရှိရန် လိုသည်။ ဘယ်သူကမေးမေး မေးချင်တာမေး၊ မေးသူရဲ့အကြိုက်ကိုလိုက်ပြီး ဖြေရတာမဟုတ်ဘဲ ကိုယ်ထင်မြင်ချက် အကြံဉာဏ်ကို ရဲရဲဝံ့ဝံ့ တင်ပြနိုင်တာမျိုးရှိမှ အရည်အသွေး ဖြစ်ထွန်းလာမှာဖြစ်သည်။ ဘယ်နေရာမှာပဲဖြစ်ဖြစ် ကြောက်လန့်ခြင်းရဲ့ အခြေခံက မပီမသ မသပ်မရပ်ဖြစ်သည့်လုပ်ဆောင်မှုတွေ ပေါ်ပေါက်ရတတ်သည်။

http://swanbros.blogspot.com



## ခေါင်းဆောင်မှု

၅။ ခေါင်းဆောင်မှုစွမ်းရည်ကို ဖော်ထုတ်ပါ။ ခေါင်းဆောင်မှုဆိုသည်မှာ ကြောက်ရွံ့မှုကင်းသော စီမံခန့်ခွဲမှု၏ ဂုဏ်ရည်တစ်ခုဟု ဆို၏။ ခေါင်းဆောင်မှုဆိုသည်မှာ

- လူ **MEN**
- ငွေ **MONEY**
- အချိန် **TIME**
- စက်ဆီ ဓာတ်ဆီ လောင်စာပစ္စည်း **ENERGY**
- ထုတ်ကုန်ပစ္စည်း **PRODUCT**
- လုပ်ငန်းသုံး ကိရိယာပစ္စည်း **EQUIPMENT**
- နည်းစနစ်များ **PROCEDURES** တို့ကို ပိုမိုကောင်းအောင်၊ ပိုအလုပ်လုပ်အောင်၊ ပိုမိုအသုံးကျလာအောင် အကူအညီပေးသည့် လုပ်ငန်းဖြစ်သည်။

ခေါင်းဆောင်မှုနှင့်ပတ်သက်၍ ဒဲမ်းမင်းက

'ခေါင်းဆောင်မှုဆိုတာ မန်နေဂျာနဲ့ အလုပ်ရုံကြီးကြပ်သူတွေကို ပုလိပ်ဘဝကနေ နည်းပြဆရာအဖြစ်သို့ ပြောင်းလဲပြုပြင်ပေးခြင်း'

ဟု ဆိုသည်။

ခေါင်းဆောင်သူသည် အဲဒီ စက်ရုံ အလုပ်ရုံ၏ ငွေကြေးအမြတ်အစွန်း တစ်ခုတည်းကိုသာ ဂရုပြုနေ

http://swanbros.blogspot.com



သည့်လူ မဟုတ်ဘဲ ပြဿနာများနှင့် ပြဿနာဖြစ်နိုင်ခြေရှိသည့် အရာတွေကို ဖြေရှင်းသူ၊ အဖြေရှာသူ၊ အလုပ်ရုံရဲ့ ဘက်စုံအရည်အသွေးကို ဖော်ဆောင်သူ၊ လုပ်ငန်းတိုးတက်အောင် စွမ်းဆောင်နိုင်သူပဲ ဖြစ်ရမည်။

ခေါင်းဆောင်သည် ကုမ္ပဏီ၏ ထွက်ကုန်များ၏ အားနည်းချက်များကို အစဉ် ဖော်ထုတ်နေနိုင်သူနှင့် သုံးစွဲသူ ဖောက်သည်များရဲ့ ပစ္စုပ္ပန် လိုအင်ကိုသာမက အနာဂတ်၏ လိုအင်ကိုလည်း ဖော်ထုတ်နိုင်သူ ဖြစ်ရမည်ဟု ဆို၏။

ထို့ပြင် မိမိလုပ်ငန်း၏ ရေတို ရေရှည် မဟာဗျူဟာကို ချမှတ်နိုင်သူလည်း ဖြစ်ဖို့လိုသည်။ အရည်အသွေးရှိသော မန်နေဂျာနှင့် အရည်အသွေးရှိသော စက်ရုံကြီးကြပ်သူများ ဖြစ်ပေါ်လာရေးအတွက် ဂျပန်ကုမ္ပဏီများသည် ပြင်ပမှ ကျွမ်းကျင်မှု ပါရဂူများကို ပင့်ဖိတ်၍ အပြင်းအထန် သင်ကြားလေ့ကျင့်မှုများကို ပေးတတ်၏။ ထိုအလေ့အကျင့်ကို ကိုရီးယားကုမ္ပဏီများလည်း ပြုလုပ်သည်။

## စျေးနှုန်းကို အခြေမခံပါနှင့်

၆။ စျေးနှုန်းကို အခြေခံသည့် ဓလေ့ကို ပယ်ဖျောက်ပါ။ အရည်အသွေးကောင်းပစ္စည်းများကို ထုတ်လုပ်ရန် စက်ရုံအလုပ်ရုံတစ်ခုသည် မိမိတို့အသုံးပြုသော

http://swanbros.blogspot.com



ကုန်ကြမ်းပစ္စည်းများ၊ စက်ကိရိယာပစ္စည်း အစိတ်အပိုင်းများ၏ ၈၀ ရာခိုင်နှုန်းသည် အမြဲတမ်း အရည်အသွေး ထိပ်တန်းဖြစ်ပါမှ ထိုအလုပ်ရုံ စက်ရုံမှ ထွက်ရှိသော ပစ္စည်းသည် အရည်အသွေးရှိနိုင်မည်ဟု ဆို၏။ ကုန်ကြမ်းပစ္စည်းများ၊ စက်ကိရိယာ အပိုပစ္စည်းများ ရရှိရေးအတွက် ဈေးမှန်ကို အခြေခံသော တင်သွင်းမှုကို ပယ်ဖျောက်ပစ်ရမည်။ မိမိ လိုချင်သော ကုန်ကြမ်းအတွက် တင်ဒါခေါ်၍ ဈေးအသက်သာဆုံး တင်သွင်းသူထံမှ ဝယ်ယူလျှင် ပစ္စည်းအညံ့ဆုံးလည်းဖြစ်တတ်၍ ဈေးနှုန်းကို အခြေခံသော ဓလေ့များကို ပယ်ပစ်ရန် လိုအပ်သည်။

ဒဲမ်းမင်းက

'ကုမ္ပဏီတွေအနေနဲ့ ကုန်ကြမ်းနဲ့ အစိတ်အပိုင်း ပေးသွင်းသူကို တစ်ဦးတည်းနဲ့သာ ဆက်သွယ်လုပ်ဆောင်သင့်သည်။ ထိုသို့ဖြင့် သစ္စာရှိမှုနှင့် စိတ်ချယုံကြည်မှု ရစေနိုင်သည်'

ဟု ဆိုခဲ့သော်လည်း လက်တွေ့တွင် ပစ္စည်းပေးသွင်းသူ တစ်ဦးတည်းနှင့် ဆက်သွယ်ရေးမှာ အခက်အခဲရှိတတ်ပါ၏။ ဈေးအနည်းဆုံးလူကို ကန်ထရိုက်ပေးသောစနစ်အား ဒဲမ်းမင်းက ဆန့်ကျင်၍ ဝယ်ယူတဲ့ ပစ္စည်းရဲ့ အရည်အသွေးကို မတိုင်းတာ မသတ်မှတ်နိုင်ဘဲ ဈေးမှန်ဆိုတာ ဘာမှ အဓိပ္ပာယ်မရှိဘူးဟု ဆိုပါ၏။

http://swanbros.blogspot.com



ကုမ္ပဏီများသည် ပစ္စည်းတင်သွင်းသူများနှင့် နီးကပ်စွာ ဆက်သွယ်မှုပြု၍ ပူးတွဲကာ ဆောင်ရွက်ဖို့လိုသည်။ စံချိန်စံညွှန်းမီ ပစ္စည်းပေးသွင်းရေးအတွက် အမေရိကန်နိုင်ငံတွင် ပစ္စည်းပေးသွင်းသူ အသင်းကြီးကို ဖွဲ့စည်းတည်ထောင်ထားသည်။ ထိုအသင်းဝင်များသည် မိမိတို့ပေးသွင်းသော ပစ္စည်းကုန်ကြမ်းများ အရည်အသွေးမြင့်မားအောင် ကြိုးစားကြသောကြောင့် ကုမ္ပဏီများကလည်း ထိုအသင်းဝင်များထဲမှ ပစ္စည်းများကို စိတ်ချစွာဖြင့် ဝယ်ယူ၏။

၇။ ဌာနအချင်းချင်း အဟန့်အတား ကင်းရမည်။

ညီညွတ်ဆက်သွယ်မှု ရှိရမည်။ ကုန်ပစ္စည်းများကို ထုတ်ဝေ ရာတွင် ကုန်ကြမ်းစုဆောင်းသည့်ဌာန၊ ထုတ်လုပ်သည့်ဌာန၊ စီမံသည့်ဌာန စသည်ဖြင့် ဌာနများရှိရာ ဌာနတစ်ခုနှင့်တစ်ခု အချင်းချင်း အကျိုးပြု အထောက်အကူဖြစ်ခြင်း၊ လုပ်ငန်းသဘာဝကို အချင်းချင်း နားလည်ခြင်း၊ အပြန်အလှန် ထိန်းသိမ်းမှုရှိခြင်းတို့ မဖြစ်မနေရှိရန်လိုသည်။ ညှိနှိုင်းပေးရမည်ဖြစ်သည်။

## အလုပ်ခွင်သင်တန်း

၈။ လုပ်ငန်းခွင် လေ့ကျင့်မှုသင်တန်းများ ရှိရမည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် အတွေးအခေါ် ညီညွတ်ရန်၊ လုပ်နည်းစနစ် ညီညွတ်ရန်၊ ကွဲလွဲမှုများကို အပြန်အလှန်ထိန်းကြောင်းရန်၊ အလုပ်သမားအချင်းချင်း

http://swanbros.blogspot.com



သော်လည်းကောင်း၊ စီမံခန့်ခွဲသူနှင့် အလုပ်သမားတို့ အပြန်အလှန် နားလည်ရန် လုပ်ငန်းခွင် လေ့ကျင့်မှု သင်တန်းများ အမြဲရှိရန် လိုအပ်သည်။

မန်နေဂျာများ၊ အင်ဂျင်နီယာများ၊ အလုပ်သမားများအား သင်တန်းပေးရာတွင် အဓိကအားဖြင့် ကုန်ထုတ်လုပ်မှုဆိုင်ရာ ချွတ်ယွင်းဖောက်ပြန်မှုများ၏ အကျိုးသက်ရောက်မှုများကို နားလည်သဘောပေါက်အောင် လေ့ကျင့်ရမည်။ သင်တန်းများသည် အတွေးအခေါ် ညီညွတ်မှုဖြစ်စေရုံသာမက ထွက်ကုန်လက်ရာညီညွတ်မှုကိုလည်း ဖြစ်စေသည်။ အလုပ်သမားများ ကျွမ်းကျင်ပြီး လက်ရာများ တိကျမှု၊ သပ်ရပ်မှု၊ ထွက်ကုန်အရည်အသွေး တိုးတက်ဖို့အတွက် သင်တန်းလိုအပ်သည်။

ယခုအခါ နိုင်ငံတကာတွင် စက်ရုံအလုပ်ရုံ လုပ်ငန်းဌာန၊ ဟိုတယ် ခရီးသွားလုပ်ငန်း၊ စားသောက်ဆိုင်၊ အလှပြင်ဆိုင်များ၌ပင် သင်တန်းများ ပြုလုပ်ပေးကြသည်။ အစိုးရဌာနများကလည်း သင်တန်းများ ပြုလုပ်ကြ၏။ ကျွန်တော်သည် ကိုရီးယားနိုင်ငံ LG ကုမ္ပဏီကြီး၏ အင်ဂျာဟန် လေ့ကျင့်ပညာပေး သင်တန်းကျောင်းကြီး၌ သင်တန်းတက်ဖူးရာ ယင်းကျောင်းကြီးတွင် အသက် ၆၀ ကျော် ဝန်ထမ်းများလည်း သင်တန်းတက်ကြရသည်။ အင်ဂျာဟန် သင်တန်းကျောင်းအုပ်ကြီးပင်လျှင် အမေရိကန်သို့သွား၍ သင်တန်းတက်ရသည်။ အလုပ်သမားတိုင်းသည် သုံးနှစ်တွင် သင်တန်း

http://swanbros.blogspot.com



တစ်ကြိမ် တက်ရမည်၊ သို့မဟုတ် ကုမ္ပဏီ၏ ဝင်ငွေ ၁၀ ရာခိုင်နှုန်းကို သင်တန်းအတွက် အသုံးပြုရမည် စသည်ဖြင့် ပြဋ္ဌာန်းချက်များ ပြုလုပ်ထားကြ၏။

## ဆုတံဆိပ်ချီးမြှင့်ခြင်း

၉။ အမေရိကန် စီးပွားရေးလုပ်ငန်းများတွင် လုပ်ငန်း

အောင်မြင်ပြီးစီးမှု၊ တိုးတက်မှု၊ ထူးချွန်စွာ လုပ်ဆောင်သူတို့အတွက် လုပ်အား စုကြေးများ ပေးတတ်ကြသည်။ ယင်းစနစ်ကို ဒဲမ်းမင်းက ဆန့်ကျင်သည်။ ဘောနပ်(စ) ပေးခြင်း၊ ဆုချီးမြှင့်ခြင်း၊ နှစ်စဉ် စံနှုန်းထား၍ ဂုဏ်ပြုသည့်စနစ်ကို ဒဲမ်းမင်းက ပယ်ဖျက်သည်။

ဒဲမ်းမင်း၏ မူ ၁၄ ချက်တွင် ဤအချက်သည် အငြင်းပွားဖွယ်အဖြစ်ဆုံး၊ လျှို့ဝှက်မှုအရှိဆုံးအချက်ဖြစ်သည်။ ဒဲမ်းမင်းက အချိန်ကာလနှင့် လုပ်ဆောင်မှုကို တန်ဖိုးဖြတ်၍ ဆုချီးမြှင့်ခြင်း၊ ဘောနပ်(စ)ပေးခြင်း၊ စံပြလုပ်သား သတ်မှတ်ခြင်းနှင့် အခြားဆုပေးခြင်းစနစ်အားလုံးသည် အလုပ်သမားအနည်းငယ်ကိုသာ အားတက်စေပြီး ကျန်အလုပ်သမားများကို စိတ်ဓာတ်ကျစေသည်။

တစ်ဖန် အလုပ်ရုံ လုပ်ငန်းဌာနများတွင် အလုပ်သမားများသည် များသောအားဖြင့် လက်ရည်တူကြသည်။ လူနည်းနည်းကသာ အလွန်ထူးချွန်၍ လူနည်း

http://swanbros.blogspot.com



နည်းကသာ အလွန်ညံ့ဖျင်းကြသည်။ ထို့ကြောင့် စံပြ အလုပ်သမားကောင်း ရွေးချယ်ရာတွင် မမှန်မကန်မှု၊ ဘက်လိုက်မှု၊ မှားယွင်းမှုတို့ ရှိတတ်၍ ထိုသို့သော အဖြစ်အပျက်များသည် လုပ်ငန်းအရည်အသွေးကို ကျစေ သည်။ အလုပ်သမားများကို သူတို့၏ အတွေ့အကြုံ၊ ဝါရင့်ကျွမ်းကျင်မှု၊ တာဝန်ဝတ္တရား ဆောင်ရွက်မှုတို့ အရသာ လုပ်အားခပေးပြီး လုပ်ငန်းပြီးစီးမှုကို အခြေခံ၍ တန်ဖိုးမဖြတ်သင့်ဟု ဆိုပါ၏။ အလုပ်သမားအားလုံးကို လေ့ကျင့်ပေးပြီး အလုပ်သမားအားလုံး၏ အရည်အသွေး တောက်ပြောင်လာအောင် အခြေအနေကို ဖန်တီးရမည် ဟု ဆိုပါသည်။

## ပညာပေး အစီအစဉ်

၁၀။ ပညာပေးအစီအစဉ်များနှင့် အလုပ်သမားတစ်ဦး ချင်းစီ၏ ကိုယ်ပိုင်တိုးတက်မှုကို ဖန်တီးပေးကြ ရမည်။ အလုပ်သမားများတွင် ပညာရည်ဖွံ့ဖြိုးမှုနှင့် ကိုယ်ပိုင်တိုးတက်မှု လိုအပ်သည်။ အလုပ်သမားများ၏ စေတနာ (စေ့ဆော်မှု)ကို အားကိုးအားထားမှု ပြုရမည်။ လူသားသည် သူ၏အလုပ်ကို အမြဲ ဂုဏ်ယူထိုက်သည်။ ဂုဏ်ယူမှုက တိုးတက်မှုကို ဖြစ်ပေါ်စေသည်။ အလုပ် သမားများ မိမိတို့ လုပ်ငန်းကို ဂုဏ်ယူစိတ် ပိုမိုလာစေရန် ကုမ္ပဏီက ဖန်တီး ပေးရမည်။ ကုမ္ပဏီနှင့် အလုပ်သမား

http://swanbros.blogspot.com



အကြား ခိုင်မာသော ရင်းနှီးတွဲဖက်မှုကို တည်ဆောက်ရမည်။ အလုပ်သမားက 'အလုပ်ကို အကောင်းဆုံးဖြစ်အောင်လုပ်ဖို့ တာဝန်ရှိသည်' ဟု ခံယူသကဲ့သို့ ကုမ္ပဏီဘက်မှလည်း 'အလုပ်သမားအား အဓိပ္ပာယ်ရှိသော အလုပ်ကို ပေးအပ်ခိုင်းစေရန်' လိုအပ်သည်။

## ကြွေးကြော်သံနှင့် တွန်းအားပေးခြင်း

၁၁။ ကြွေးကြော်သံများနှင့် တွန်းအားပေးခြင်းကို ရှောင်ရှားရန်လိုသည်။ အလုပ်သမား စွမ်းဆောင်ရည် သက်သက်ဖြင့် လုပ်ငန်းစနစ် ပြောင်းလဲရန် အနည်းငယ်မျှသာ စွမ်းဆောင်နိုင်သည်။ လုပ်ငန်းခွင် တိုးတက်ပြောင်းလဲမှုကို စီမံခန့်ခွဲသူတို့ကသာ အများအစား ပြောင်းလဲနိုင်သည်။ ကြွေးကြော်သံများ၊ တိုးတွန်းဖိအားပေးမှုများသည် တိုးတက်ဖွံ့ဖြိုးမှုအတွက် လိုအပ်သည်ဟု ထင်စရာရှိသည်သော်လည်း အမှန်စင်စစ် ထိုကိစ္စသည် မဖြစ်နိုင်သောကိစ္စဟု ဒဲမ်းမင်းက မှတ်ယူသည်။ ကြွေးကြော်သံများကို ထားရှိခြင်းဖြင့် အလုပ်ခွင်တိုးတက်မှုသည် အလုပ်သမားများ၏ လုပ်အားတစ်ခုတည်းကြောင့် ဖြစ်ရသည်ဟူသော အတွေးမှား ဝင်ရောက်လာစေနိုင်သည်။ အမှန်အားဖြင့် လုပ်ငန်းတိုးတက်ရေးမှာ လုပ်အားတိုးတက်ရုံမျှဖြင့် မဖြစ်နိုင်။ လုပ်ငန်းနည်းစနစ်စသော အခြားအကြောင်းအရာများ ရှိနိုင်သေးသည်။

http://swanbros.blogspot.com



ကြွေးကြော်သံများ၊ တိုက်တွန်းဖိအားပေးမှုများသည် အကျိုးသက်ရောက်မှုနည်း၍ ဟန်ပြကောင်းရုံ၊ အမြင်ကောင်းရုံ အလုပ်သာဖြစ်သည်။ အရည်အသွေး နိမ့်ကျမှုနှင့် ကုန်ပစ္စည်းအထွက် ကျဆင်းမှုကို လုပ်ငန်းစနစ်ကသာ ပိုမိုပြုပြင်နိုင်သည်။ အချို့သော ကုန်ထုတ်လုပ်မှုကိစ္စများသည် အလုပ်သမားများ လက်လှမ်းမမီသော မစွမ်းသာသည့်ကိစ္စများဖြစ်ပေရာ ယင်းတို့အား ကြွေးကြော်သံများနှင့် ဖိအားပေးမှုသည် အလုပ်သမားများအား ဝန်ထုပ်ဝန်ပိုး ဖြစ်စေသည်။

၁၂။ ထုတ်ကုန်ပစ္စည်းများအား နောက်ဆုံးအဆင့်မှ ကောင်း မကောင်း စစ်ဆေးသောအလုပ်အပေါ် မှီခိုမှုကို ရပ်တန့်က ရပ်ပါဟု ဒဲမ်းမင်းက ဆိုပါ၏။ အရည်အသွေး တိုးတက်စေရန် ပုံမှန် ရာနှုန်းပြည့် စစ်ဆေးနေရမည်။

ဥပမာ စားသောက်ဆိုင်တစ်ခုတွင် ဟင်းချက်ပြီးမှ မြည်း၍ စစ်ဆေးစိစစ်ခြင်းမျိုးမဟုတ်ဘဲ မူလ ဟင်းချက်ရန် သားငါးဝယ်ယူစဉ်ကပင် အရည်အသွေးကို စိစစ်ဝယ်ယူ၍ ကုန်ထုတ်လုပ်မှု ဖြစ်စဉ်တစ်လျှောက်လုံးတွင် စိစစ်မှု သဘောတရားသည် အဆင့်တိုင်း၌ နက်ရှိုင်းစွာပါဝင်ပြီးဖြစ်ရမည်။ ဟင်းဖြစ်လာသောအခါမှ စိစစ်၍ ထိုဟင်းခွက်က စားသုံး၍မရအောင် ဖြစ်နေလျှင် ကုန်ထုတ်လုပ်မှု ဖြစ်စဉ်ကြီး တစ်ခုလုံးကို လွှင့်ပစ်ရတော့မည်

http://swanbros.blogspot.com



ဖြစ်ပါ၏။ ထို့ကြောင့် စားသောက်ဖွယ်ရာတို့နှင့် ပတ်သက်၍ အရည်အသွေးထိန်းသိမ်းသူတို့က အရည်အသွေးကောင်း ပစ္စည်းတစ်မယ် ရရှိရန်

(က) ပစ္စည်း မှန်ကန်မှု၊

(ခ) အသုံးပြုသည့် ကိရိယာ မှန်ကန်မှု၊

(ဂ) နည်းစနစ် မှန်ကန်မှု

(ဃ) လုပ်ဆောင်သူ၏ စိတ်ရင်းစေတနာ မှန်ကန်မှု၊

(င) စားသုံးသူ၏ မျှော်လင့်ချက် ပြည့်စုံမှု၊

(စ) အခင်းအကျင်း သိုင်းဝန်းဖွဲ့စည်းမှု ပြည့်စုံမှု

တို့ လိုအပ်သည်ဟု ဆိုကြပါ၏။

ထို့ကြောင့် အရည်အသွေးတိုးတက်စေရန် အိမ်ရှင်မသည် ဟင်းကို မြည်းမကြည့်ဘဲ ထမင်းပွဲသို့ တန်း၍ ဟင်းခွက်ချပေးနိုင်လောက်အောင် စီစဉ်ရမည်ဖြစ်သည်။

## အတွေးသစ် အမြင်သစ်ကို လက်ခံပါ

၁၃။ အတွေးအမြင် ဒဿနအသစ်ကို လေ့လာပါ။

စက်မှုခေတ်တွင် ကမ္ဘာကြီးသည် အနှစ် ၁၀၀ အတွင်း အကြီးအကျယ် ပြောင်းလဲမှုများ ဖြစ်သလိုသတင်း အချက်အလက်ခေတ်တွင် တစ်လအတွင်း၊ တစ်ရက်အတွင်း အပြောင်းအလဲများ အလွန်မြန်ဆန်စွာ ဖြစ်ပေါ်နေချိန်တွင် မိမိတို့၏ ကုန်ထုတ်လုပ်ငန်းသည်

http://swanbros.blogspot.com



မိမိတို့ ကုမ္ပဏီ၏ ဒဿနအဟောင်းများကို တရားသေ စွဲကိုင်ထားမှုမရှိဘဲ အတွေးအမြင် ဒဿနအသစ်များ အမြဲလေ့လာ၍ လိုအပ်ပါက ပြောင်းလဲလက်ခံရန် လိုအပ်သည်။

ကုမ္ပဏီများသည် မိမိတို့နည်းစနစ်များနှင့် မိမိတို့ လုပ်ငန်းများကို ကြွပြားစွာ လုပ်ဆောင်နေကြချိန်တွင် အခြားသူများ၏ လုပ်ဆောင်မှုများကိုလည်း လေ့လာရန် လိုသည်။ ရိုးရာအစွဲအလမ်းကြီးခြင်း၊ တရားသေဆုပ်ကိုင် ထားခြင်းတို့ကို ရှောင်ရန်လိုသည်။

၁၄။ ပြုပြင်ပြောင်းလဲမှုများ အောင်မြင်စေရန် ထိပ်ပိုင်း စီမံခန့်ခွဲမှုကို တည်ဆောက်ရမည်။ ထိပ်ပိုင်း စီမံခန့်ခွဲမှုသည် ဒဲမ်းမင်း၏ စက်ဝိုင်းပတ်နည်းကို လက်ခံ၍ ပိုမိုကောင်းအောင် ဆောင်ရွက်ရမည်ဟု ဆိုသည်။

ဒဲမ်းမင်း၏ အရည်အသွေးဆိုင်ရာ မူ ၁၄ ချက်ကို အငြင်းပွားသူများလည်း ရှိသည်။ သို့သော် ထိုမူ ၁၄ ချက်ဖြင့် အလုံးစုံ အရည်အသွေးကို တည်ဆောက်နိုင်သည့် ကုမ္ပဏီ အများအပြားရှိသည်။

## အလုံးစုံ အရည်အသွေးနှင့် စီမံခန့်ခွဲမှု

၂၀ ရာစု နောက်ပိုင်းတွင် ကမ္ဘာပေါ်တွင် အရည်အသွေးဆိုသော စကားရပ် အရေးပါလာသလို ဒဲမ်းမင်း၏ အလုံးစုံအရည်အသွေး TQC သည်လည်း ရှေ့တန်း

http://swanbros.blogspot.com



သို့ ရောက်ရှိလာခဲ့၏။ ၁၉၉၁ ခုနှစ်၊ ဩဂုတ်လအတွင်းက ကမ္ဘာအနှံ့တွင် ဖြန့်ကျက် အလုပ်လုပ်ကိုင်နေကြသော နာမည်ကြီး ကုမ္ပဏီကြီးများ ဖြစ်ကြသော

- အမေရိကန် အိပ်(စ)ပရက်(စ)
- **AMERICAN EXPRESS**
- အိုင် ဘီ အမ် **IBM**
- မိုတိုရိုလာ **MOTOROLA**
- ဇီးရော့ **XEROX** နှင့် အခြားကုမ္ပဏီတစ်ခု တို့သည် အလုံးစုံ အရည်အသွေး ထိန်းသိမ်းရေး ဆွေးနွေးပွဲကြီးတစ်ခုကို ကျင်းပခဲ့သည်။

ယင်းကုမ္ပဏီကြီးခြောက်ခု၏အကြီးအကဲများက 'အလုံးစုံ အရည်အသွေးထိန်းသိမ်းမှု အရေးကြီးသည်ကို ခံယူ သဘောပေါက်ကြသည်။ စီးပွားရေးလုပ်ငန်းကြီးများနှင့် တက္ကသိုလ် ကောလိပ်များအနေဖြင့် ဘက်စုံ အရည်အသွေး စီမံခန့်ခွဲ **TOTAL QUANLITY MANAGEMENT** နှင့် စပ်လျဉ်းသောကိစ္စကို လေ့လာခြင်း၊ ပွားများခြင်း၊ သင်ကြားပေးခြင်း၊ လက်တွေ့ကျင့်သုံးလိုက်နာ တာဝန်ယူလုပ်ဆောင်ရန် လိုအပ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ပညာရေးနှင့် စီးပွားရေးတို့ကို ကမ္ဘာ့ထိပ်တန်းရောက်စေလိုပါက ဘက်စုံအရည်အသွေး စီမံခန့်ခွဲမှုကို ယခုထက် တိုးမြှင့်ကျင့်သုံး အားထုတ်သွားကြရမည် ဖြစ်သည်'

http://swanbros.blogspot.com



ဟု အိတ်ဖွင့်ပေးစာတစ်စောင်ကို ရေးသားဖြန့်ဝေခဲ့သည်။

အလုံးစုံ အရည်အသွေးကိစ္စကို အမေရိကန်နိုင်ငံကသာမက ဥရောပတိုက်မှလည်း အမှုမဲ့နေ၍မရတော့ဘဲ ၁၉၈၉ ခုနှစ်က ဥရောပအရည်အသွေး စီမံခန့်ခွဲမှုဖောင်ဒေးရှင်းကို စတင်ထူထောင်ခဲ့ရာ ၁၉၉၃ ခုနှစ်တွင် အဖွဲ့ဝင်ပေါင်း ၃၀၀ မျှ ရှိလာခဲ့ပြီး ထိုဖောင်ဒေးရှင်းကြီးက

'အလုံးစုံ အရည်အသွေး စီမံခန့်ခွဲမှု **TQC** ကို စနစ်တကျ သုံးခြင်းဖြင့် အနောက်ဥရောပသည် ကမ္ဘာဈေးကွက်တွင် ကြီးမားသော ထိပ်တန်းအင်အားတစ်ရပ်ဖြစ်လာမည်ဟု ယုံကြည်သည်။ အရည်အသွေးနှင့်ပတ်သက်၍ မဟာဗျူဟာများကို ချမှတ်ရာတွင် စီမံခန့်ခွဲမှုဇာတ္တာ ခိုင်မာအောင် ဆောင်ရွက်ခြင်းဖြင့် ဥရောပစက်မှုလုပ်ငန်း၏ အနေအထား ရှေ့တန်းသို့ ရောက်ရှိလာမည်'

ဟု ထုတ်ဖော်ကြေညာခဲ့၏။

အရည်အသွေး စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ဂျပန်တို့သည် အမြဲ တက်ကြွနေသူများဖြစ်၏။ ဂျပန်တို့သည် ဒုတိယကမ္ဘာစစ်ကြီး ပြီးချိန်မှစ၍ အရည်အသွေးကို ဂရုတစိုက်ရှိခဲ့သူများ ဖြစ်၏။ ဂျပန်တို့၏ အရည်အသွေး

http://swanbros.blogspot.com



စီမံခန့်ခွဲမှုအပေါ် အလေးထား ဂရုစိုက်မှုသည် အီလက်ထရွန်းနစ် ပစ္စည်းထုတ်လုပ်မှုတွင် အမေရိကန်၊ အင်္ဂလိပ်တို့ အပါအဝင် နိုင်ငံတကာကို ကျော်ဖြတ်တက်ခဲ့ပြီး မျက်မှောက်ကာလတွင် ဂျပန်သည် မော်တော်ကား ထုတ်လုပ်မှုတွင် အမေရိကန်နှင့် ဥရောပတိုက်ကို ပခုံးချင်းယှဉ်၍ စိန်ခေါ်မှုကို မည်သူမှ ဖယ်မချနိုင်သေးဘဲ ရှိပါသည်။

## ပဲနီ၏စိတ်ကူး ၇ ရပ်

၁၉၁၃ ခုနှစ်က မစ္စတာ **MR PENNEY** သည် ဂျေစီပဲနီကုမ္ပဏီကို ထူထောင်ခဲ့သည်။ ထိုကုမ္ပဏီကို ထူထောင်ခဲ့သူ မစ္စတာပဲနီက သူ၏ ကုမ္ပဏီ၏ခံယူချက် ၇ ချက်ကို ချမှတ်ခဲ့ရာ ကုမ္ပဏီသက်တမ်း ၈၀ ပြည့်လာသည့်တိုင် ယင်းအချက် ၇ချက်ကို ထိုကုမ္ပဏီက ထိန်းသိမ်းကျင့်သုံးနေဆဲ ဖြစ်ပါ၏။ ယင်းကုမ္ပဏီ၏ ခံယူချက်များတွင် အလုံးစုံအရည်အသွေး **TQC** ဆိုင်ရာ အချက်များ ပါဝင်လျက်ရှိသည်ကို တွေ့ရ၏။

ဂျေစီပဲနီကုမ္ပဏီ၏ ခံယူချက် ၇ ခုမှာ

၁။ ကျွန်ုပ်တို့သည် ပြည်သူများ အပြည့်အဝ ကျေနပ်မှု ရှိအောင် အတတ်နိုင်ဆုံး ဆောင်ရွက်မည်။

၂။ အစွမ်းကုန် အမြတ်ရရှိရေးအတွက် မဟုတ်ဘဲ ထိုက်တန်သော အခကြေးငွေကိုသာ မျှော်မှန်းမည်။

http://swanbros.blogspot.com



၃။ ဝယ်ယူသုံးစွဲသူတို့၏ ငွေကြေးတန်ဖိုးနှင့်အညီ ဖြည့်ဆည်းပေးရန် ကျွန်ုပ်တို့ အစွမ်းရှိသမျှ လုပ်ဆောင်မည်။

၄။ ပိုမိုထက်မြက် ကောင်းမွန်သော ဝန်ဆောင်မှုကို ပေးနိုင်ရန် ကျွန်ုပ်တို့အားလုံး လေ့ကျင့် သင်ကြားခံယူမည်။

၅။ ကျွန်ုပ်တို့လုပ်ငန်းတွင်ရှိသော ပုဂ္ဂိုလ်များအားလုံး စဉ်ဆက်မပြတ် တိုးတက်နေအောင် ဆောင်ရွက်မည်။

၆။ လုပ်ငန်းတွင် ပါဝင်သူ၏ အခွင့်အလမ်းများကို ဖန်တီးပေးမည်။ ကျွန်ုပ်တို့၏ ဝန်ထမ်းများကို ချီးမြှောက်မည်။

၇။ ကျွန်ုပ်တို့သည် မှန်ကန်ရဲ့လား၊ တရားမျှတရဲ့လား ဆိုသော မေးခွန်းများဖြင့် ကျွန်ုပ်တို့၏ မူများ၊ လုပ်ငန်းစဉ်များနှင့် လုပ်ရပ်များကို ဆန်းစစ်နေမည်ဟူ၍ ဖြစ်ပါသည်။

## ဂျပန်တို့၏ အရည်အသွေး တည်ဆောက်ဟန်များ

ဂျပန်တို့သည် မိမိတို့၏ အရည်အသွေးတည်ဆောက်မှုလုပ်ငန်းကို ၁၉၅၀ ခုနှစ်ကပင် ခပ်စောစော စနိုင်ကြ၏။ သို့သော် အရည်အသွေးကို ထိုစဉ်က စက်ရုံများအတွင်း၌သာ တည်ဆောက်နိုင်ခြင်း ဖြစ်သည်။

http://swanbros.blogspot.com



ထို့နောက် ဂျပန်တို့သည် အရည်အသွေးမြင့်မားရေး ကိစ္စကို အရည်အသွေးလေ့လာရေး၊ အသိုင်းအဝိုင်းများ၊ အသင်းများဖွဲ့၍ တိုးချဲ့ဆောင်ရွက်ခဲ့ကြ၏။ ယင်း တိုးချဲ့ ဆောင်ရွက်မှုသည် အရည်အသွေးနှင့် ပတ်သက်၍ ကုမ္ပဏီများ၊ ရုံးများ၊ ဈေးများ၊ စားသောက်ဆိုင်များ စသည့် လုပ်ငန်းနယ်ပယ်အားလုံးအထိ တိုးချဲ့ ဆောင်ရွက်လာနိုင်သည်။ လေ့လာရေးအသိုင်းအဝိုင်းများ၊ အသင်းများတွင် အရည်အသွေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြ၏။ ထိုအသိုင်းအဝိုင်း အသင်းများက အရည်အသွေးဆိုင်ရာ ဗဟုသုတများသာမက ကုမ္ပဏီဝန်ထမ်းများ၏ စွမ်းရည်၊ လုံ့လဝီရိယ၊ ဉာဏ်ရည်ဉာဏ်သွေး၊ ရည်မှန်းချက်များကိုပါ ပျိုးထောင်ပေးခဲ့ကြ၏။

အချို့သော အရည်အသွေးအသင်းများသည် စက်ရုံ အလုပ်ရုံများ၊ ကုမ္ပဏီများတွင် တွေ့ရသော လက်ငင်း ပြဿနာများကို ဖြေရှင်းပေးခဲ့ကြ၏။ အရည်အသွေး ပျိုးထောင်ရေးအသင်း အရေအတွက်သည် ၁၉၆၀ ပြည့် နှစ်က တစ်ထောင်မျှသာ ရှိခဲ့၏။

သို့သော် ၁၉၈၄ ခုနှစ်သို့ ရောက်ရှိလာသောအခါ အသင်းပေါင်း နှစ်သိန်းအထိ ရှိလာခဲ့သည်။ အရည်အသွေး လေ့လာရေးအသင်းများသည် အကြမ်းအားဖြင့် အဖွဲ့ဝင် ဆယ်ဦးမျှရှိ၍ မန်နေဂျာရော ဖိုမင်များသာမက အသင်းတွင် အလုပ်သမားများပါ ပါဝင်၏။

http://swanbros.blogspot.com



## စိတ်ထား

အရည်အသွေးတည်ဆောက်ရေး လုပ်ငန်းများတွင် ဂျပန်တို့သည် ဗဟုသုတလုပ်ငန်း ကျွမ်းကျင်မှုတို့အပြင် လူတစ်ဦးချင်းစီ၏ စိတ်စေတနာသည်လည်း အရေးကြီး ကြောင်း သိလာကြ၏။ အလုပ်သမားတွေ၊ မန်နေဂျာ အုပ်ချုပ်သူတွေရဲ့ စိတ်သဘောထားတွေကို ကောင်း အောင်လုပ်လိုက်ရင်း လုပ်ငန်းတွေလည်း တိုးတက်လာ တာ သေချာတယ်ဟု ဂျပန်တို့က ပြောဆိုလာကြ၏။

ဘက်စုံအရည်အသွေး တိုးတက်ရေးတွင် စိတ် ကောင်း သဘောကောင်း ထားရှိဖို့ လိုအပ်ကြောင်း ပြောဆိုသော်လည်း စိတ်ကောင်းတစ်ခုတည်းနှင့်လည်း မရချေ။ စိတ်ကောင်းတစ်ခုတည်းရှိတဲ့လူတွေဟာ စက်ရုံ တွေထဲမှာ၊ ရုံးခန်းတွေထဲမှာ ဟိုလူကခိုင်း ဒီလူကခိုင်းနဲ့ ခိုင်းဖတ်ဖြစ်ရတာ၊ လူသဘောကောင်းကြီးတွေ ဖြစ်လာ ရတာတွေ ရှိပါတယ်။ လူဟာ စိတ်ကောင်းသဘော ကောင်း ရှိရုံမျှမက ထက်မြက်ဖို့၊ ရည်မှန်းချက်ရှိဖို့၊ အခွင့်အလမ်းကို မြင်တတ်ဖို့များလည်း လိုအပ်တယ်ဟု ဆိုကြပါ၏။

ဂျပန်တို့၏ အရည်အသွေးမြှင့်တင်မှုသည် ဝန်ဆောင် မှုနယ်ပယ်တွင်လည်း တစ်နေ့တခြား ပိုမိုတိုးတက်မှု ရှိအောင် ဆောင်ရွက်ခဲ့ကြ၏။

http://swanbros.blogspot.com



## အပန်းဖြေ အနားယူမည့် ခေတ်

ယနေ့ခေတ်ကို သတင်းအချက်အလက်ခေတ်ဟု ခေါ်သည်။ အမေရိကန်နိုင်ငံသည် ၁၉၆၀ ပြည့်မတိုင်ခင်ကပင် သတင်းအချက်အလက်ခေတ်ထဲသို့ ဝင်ရောက်ခဲ့သည်ဟု ဆို၏။ သတင်းအချက်အလက်ခေတ်သည် ၂၀၀၀ ပြည့်ကျော်ကာလမှ စ၍ အလွန်လျင်မြန်စွာ တိုးတက်ကာ အထွတ်အထိပ်သို့ ရောက်ရှိခဲ့၏။

သို့သော် သတင်းအချက်အလက်ခေတ်ကြီးသည်လည်း အထွက်အထိပ်တွင် တာရှည်လေးမြင့်စွာ ရပ်တည်နေမည်မဟုတ်ဘဲ လာမည့် ၁၅ နှစ်မှ အနှစ် ၂၀ ကာလအထိသာ ခံမည်ဖြစ်ပြီး အခြားသိပ္ပံခေတ် တစ်ခေတ်၏ အစားထိုးမှုကို ခံရမည်ဟုဆိုသည်။

သတင်းအချက်အလက်ခေတ်၏ နောက်တွင် ဝင်ရောက်လည်မည့်ခေတ်သည်ကား ‘အပန်းဖြေ အနားယူခြင်းဆိုင်ရာ စက်ကိရိယာခေတ်’ **LESSURE TIME ERA** ကြီး ဖြစ်သည်။

နှစ်ပေါင်း ၆၀၀၀ လူ့သမိုင်းကို လူတို့သည် မမောနိုင် မပန်းနိုင် ဖြတ်သန်းခဲ့ကြသည်။ သဘာဝတရားကြီးအား ပင်ပန်းကြီးစွာ အန်တု ရင်ဆိုင်ခဲ့ရသည်။ တီထွင်မှု၊ စမ်းသပ်မှု အမြောက်အမြားကို ပြုလုပ်ခဲ့ကြသည်။ လူသားအချင်းချင်း သဘောကွဲလွဲမှုကြောင့် စစ်ပွဲကြီးများကိုလည်း ရင်ဆိုင်ခဲ့ကြသည်။ သတင်းအချက်အလက်

http://swanbros.blogspot.com



ခေတ်သို့ ရောက်သည်အထိ ဖြတ်သန်းခဲ့ရသော လူ့သမိုင်းတွင် လူတို့လှမ်းလျှောက်ခဲ့ရသောခရီးမှာ ကြမ်းတမ်းပင်ပန်း ခက်ထန်ထွန်းလှ၏။

ထို့ကြောင့် လာမည့်ခေတ်တွင် လူသားတို့သည် အနားယူ အပန်းဖြေကြမည် ဖြစ်၏။

ထို့ပြင် လူသားတို့၏ စက်ကိရိယာတီထွင်မှုများသည် ခေတ်မီလာခြင်းကြောင့် ယခင်က လူသားတို့၏ ကြွက်သားများနေရာတွင် စက်ကိရိယာများနှင့် စက်ရုပ်များက ဝင်ရောက်လာခဲ့သည်။ လူတို့၏ ဦးနှောက်နေရာတွင် ကွန်ပျူတာများက ဝင်ရောက်ကူညီခဲ့ရာ လူသားတို့သည် အနားယူရန် အချိန်များ ရရှိလာသည်။ ထို့ကြောင့် အခြေအနေ အရပ်ရပ်က လူသားတို့အား အပန်းဖြေအနားယူရန် အနေအထားကို မလွဲမသွေ ပေးအပ်နေပေသည်။

တစ်ဖန် လူ့သမိုင်းတွင် လူသားတို့သည် ပင်ပန်းကြီးစွာ လျှောက်လှမ်းခဲ့ပြီး ဖြစ်သည်နှင့်အညီ အနားယူအပန်းဖြေရန်လည်း သင့်တော်ပြီဖြစ်၏။ ထို့ပြင် လူသားတီထွင်ခဲ့သော အပန်းဖြေ အနားယူမှုဆိုင်ရာ စက်ကိရိယာများကလည်း ပြည့်စုံနေပြီဖြစ်သည်။ ထို့ကြောင့် ဤကမ္ဘာတွင် လာမည့်ဆယ်နှစ်မှ ဆယ့်ငါးနှစ်အတွင်း အပန်းဖြေ အနားယူမှုဆိုင်ရာ စက်ကိရိယာခေတ်ကြီးသည် မလွဲမသွေ ဝင်ရောက်လာပေတော့မည်။

http://swanbros.blogspot.com



လူသားတို့၏ အပန်းဖြေမှုသည် ၁၉၇၀ ပြည့်နှစ်ကျော် ကာလက ၂၀ ရာခိုင်နှုန်းမျှ တိုးတက်လာခဲ့ပြီး ၁၉၉၀ ပြည့်ကျော်ကာလတွင် ၄၀ ရာခိုင်နှုန်းအထိ တိုးလာ၏။ ၂၀၁၅ ခုနှစ်တွင် လူသားတို့၏ အပန်းဖြေအနားယူမှုသည် ၅၀ ရာခိုင်နှုန်းအထိ တိုးတက်လာမည်။ ထို့ကြောင့် လူသားတို့သည် အပန်းဖြေ အနားယူမည့်ခေတ်ကြီးကို မလွဲမသွေ စတင်ပေတော့မည်။

## အရည်အသွေးရှိသော ဝန်ဆောင်မှု

အပန်းဖြေဇိမ်ခံကာလ စတင်မည်ဟုဆိုပါက မဖြစ်မနေ လိုအပ်ချက်တစ်ရပ်ရှိ၏။ ထိုလိုအပ်ချက်အတွက်လည်း လူတို့သည် မိမိအိတ်ကပ်ထဲမှ ငွေကို အိတ်သွန်ဖာမှောက် သုံးကြရပေမည်။ လိုအပ်ချက်သည် ဘာလဲဟုဆိုပါက ထိုအရာသည် 'အရည်အသွေးရှိသော ဝန်ဆောင်မှု' **QUALITY SERVICES** ဖြစ်သည်။ အရည်အသွေးရှိသော ဝန်ဆောင်မှုများအတွက် ငွေပေါ်များသူတို့သည် မိမိတို့ပိုင် ငွေများကို ဖောဖောသီသီ သုံးစွဲနေသည်မှာလည်း ကြာခဲ့ပြီဖြစ်သည်။

အပန်းဖြေ အနားယူမှုဆိုင်ရာခေတ်ကြီးတွင် အရည်အသွေးရှိသော ဝန်ဆောင်မှုအတွက် လူသည် ငွေကို ပိုသုံးစွဲကြရပေမည်။

http://swanbros.blogspot.com



ဟိုတယ်များ၊ ခရီးသွားလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ ပို့ဆောင်ရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ဈေးဆိုင်များ၊ ရုပ်ရှင်ရုံ၊ ကပွဲ ၊ ဖျော်ဖြေပွဲများ စသည်ဖြင့် နေရာတကာတွင် လူတို့သည် အရည်အသွေးရှိသာ ဝန်ဆောင်မှုကို တောင်းဆိုလာကြမည်။ ဝန်ဆောင်မှုလုပ်ငန်းများသည် အရည်အသွေးရှိလေ ငွေ မြိုးမြိုးမြက်မြက် ပိုရလေဖြစ်၏။ ဝန်ဆောင်မှုနှင့် စီးပွားရှာခြင်းသည် ရောမ စီးပွားရေးလုပ်ငန်းကြီးလည်းဖြစ်၍ မမြင်ရသော ကုန်သွယ်မှုဟုလည်း ခေါ်ကြ၏။ အပန်းဖြေရင်းလူသားတို့သည် ခရီးသွားကြမည်ဖြစ်ရာ ဟိုတယ်၊ စားသောက်ဆိုင်နှင့် ခရီးသွားလုပ်ငန်းသည် လာမည့်ဆယ်နှစ်အတွင်း အဆများစွာ တိုးပွားလာရပေမည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုဆိုင်ရာ၊ သဘာဝဆိုင်ရာ၊ ခရီးသွားလုပ်ငန်းကို ရှေးရှုလုပ်ဆောင်မည့်နိုင်ငံတစ်နိုင်ငံ ဖြစ်လေရာ ထိုသို့ ရည်ရွယ်ရင်းရှိပါက အရည်အသွေးရှိသော ဝန်ဆောင်မှုကဏ္ဍကို ယခုအချိန်မှစ၍ ပြုစုပျိုးထောင်ကြရပေမည်။

၁၉၉၀ ပြည့် ဈေးကွက်စီးပွားရေးစနစ်ကို စတင်ချိန်တွင်မှ မြန်မာသည် ကမ္ဘာ့ဝန်ဆောင်မှု လောကထဲသို့ ဝင်ရောက်လာခဲ့သည်။ ဝန်ဆောင်မှု အတွေ့အကြုံသက်တမ်းအလွန်မှ နုနယ်လှသေး၏။ ဝန်ဆောင်မှု

http://swanbros.blogspot.com



ဆိုသည့်ကိစ္စသည် လေ့ကျင့်ယူ၍ရသည်။ သင်ကြား ယူ၍ ရသည်။ ကမ္ဘာ့ရွာဖြစ်မှုနှင့်အတူ ၂၁ ရာစုအတွင်းသို့ ကျွန်တော်တို့သည် အများနှင့်အတူ ဝင်ရောက်မည် ဟုဆိုပါက ဝန်ဆောင်မှုဆိုင်ရာ အရည်အသွေးကို မလွဲမသွေ တည်ဆောက်ကြရပေမည်။

## မက်မောစရာကောင်းသော ဝန်ဆောင်မှု

ဝန်ဆောင်မှုဆိုင်ရာ အရည်အသွေးကလည်း အလွန်မှ မက်မောစရာကောင်းသည်။

ဥပမာ ကော်ဖီတစ်ခွက်၊ လက်ဖက်ရည်တစ်ခွက်၏ ကုန်ကျစရိတ်သည် ၅၀ ကျပ် ဆိုကြပါဆို့။ ထိုအခါ ဆိုင်တစ်ဆိုင်သည် အမြတ် ၃၀ ကျပ်တင်က လက်ဖက်ရည်တစ်ခွက် ၈၀ ကျပ်နှင့် ရောင်းပါသည်။ ထိုလက်ဖက်ရည်ကိုပင် ဝန်ဆောင်မှုပြည့်စုံသော ဆိုင်တစ်ဆိုင်မှ ၃၀၀ ကျပ်နှင့် ရောင်းသည်။ ၃၀၀ ကျပ်နှင့်ရောင်းလျှင်လည်း ဝယ်ယူစားသုံးသူ ရှိပါသည်။ ၃၀၀ ကျပ်နှင့် ရောင်းချသည့် ထိုလက်ဖက်ရည်တစ်ခွက်ကိုပင် ဟိုတယ်ကြီးတစ်ခုပေါ်တွင် မှာသောက်ပါက ၁၀၀၀ ကျပ်လောက် ပေးရပါသည်။ လက်ဖက်ရည်တစ်ခွက် ၁၀၀၀ ဆိုလျှင်လည်း ဝယ်သောက်မည့်သူ ရှိပါသည်။ လက်ဖက်ရည်သက်သက်ရောင်းခြင်းမဟုတ်။ ဝန်ဆောင်မှုနှင့် ရောင်းခြင်းဖြစ်၏။

**ပန်းမျိုးတစ်ရာ စာပေ**

http://swanbros.blogspot.com



ထို့ကြောင့် ဝန်ဆောင်မှုသည် မက်မောစရာကောင်းသော အမြတ်အစွန်းများ၊ အခကြေးငွေများကို ဖန်တီးပေးနိုင်စွမ်းရှိသော လုပ်ငန်းတစ်ရပ်ဖြစ်၏။

ယခုအခါ ပုဂ္ဂလိကဘဏ်များတွင် ဝန်ဆောင်မှုများကို တွေ့မြင်ကြရ၏။ ထို့ကြောင့် လူအများအပြားသည် ဝန်ဆောင်မှုကောင်းသော၊ ဆက်ဆံမှု ကောင်းသော ပုဂ္ဂလိကဘဏ်များသို့ မိမိတို့၏ ငွေများကို ပြောင်းရွှေ့ထားခဲ့ကြ၏။ နောင်တွင် ဖောက်သည်များကိုယ်တိုင်က ဝန်ဆောင်မှုကို တောင်းဆိုလာကြမည်။ ဝန်ဆောင်မှုသည် လူပုဂ္ဂိုလ်တို့၏ မာနတရားကို အသိအမှတ်ပြုရုံသာမက ယဉ်ကျေးသိမ်မွေ့စွာ နှိမ့်ချပြီး ဂါရဝတရားပါသော၊ နှစ်လိုဖွယ်ကောင်းသော လူမှုဆက်ဆံရေးလည်း ဖြစ်စေသည်။ လူတို့သည် ဝန်ဆောင်မှုကောင်းသော စားသောက်ဆိုင်များ၊ ဟိုတယ်များ၊ ခရီးသွားလုပ်ငန်းများနှင့်သာ ဆက်သွယ်လာကြမည်။ နောင်တွင် ဝန်ဆောင်မှု မရှိလျှင် ဖောက်သည်လည်း ရှိတော့မည်မဟုတ်။ ဝန်ဆောင်မှုဆိုသည်မှာ မိမိဆိုင် မိမိလုပ်ငန်းဌာနသို့ ဝင်လာသူအား ခါးချိုး၍ အရိုအသေပေးကာ ကြိုဆိုသည်မှစ၍ မိမိရောင်းချပြီးသော ပစ္စည်းကို လှပသေသပ်စွာ ထုပ်၍ မက်မောစရာ အိတ်ကလေးများနှင့် ထည့်ပေးလိုက်သည်အထိ ပါဝင်သည်။ တိုးတက်ဖွံ့ဖြိုးပါသည်ဟုဆိုသော နိုင်ငံတိုင်းတွင် ဝန်ဆောင်မှုကို

http://swanbros.blogspot.com



အလွန်မှ ရှေ့တန်းထား၍ ဝန်ဆောင်မှုသည် ၂၁ ရာစု ဆိုင်ရာ ယဉ်ကျေးဖွဲ့စည်းမှု ကိစ္စတစ်ရပ်လည်းဖြစ်ပါ၏။

## ဟိုတယ် ဝန်ဆောင်မှု

ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းတွင် ဝန်ဆောင်မှု အရည်အသွေးကို တည်ဆောက်ရာတွင်

(က) ပစ္စည်းမှန်ကန်မှု၊

(ခ) အသုံးပြုသည့် ကိရိယာမှန်ကန်မှု

(ဂ) နည်းစနစ်မှန်ကန်မှု၊

(ဃ)လုပ်ဆောင်သူ၏ စိတ်ရင်းစေတနာမှန်ကန်မှု၊

(င) အခင်းအကျင်း သိုင်းဝန်းဖွဲ့စည်းခြင်း ပြည့်စုံမှု တို့ ရှိရမည်ဟု ဆိုပါ၏။

စားသောက်စရာ ဟင်းတစ်ခွက်ကို ရောင်းချမည်ဟု ဆိုပါက မူလ အသား အသီးအရွက်တို့၏ လတ်ဆတ်မှု ရှိရမည်။ ချက်ပြုတ်ရာတွင် အသုံးပြုသော ဟင်းခတ် အမွှေးအကြိုင်ပစ္စည်းနှင့် ချက်ပြုတ်သည့် အိုးခွက် ကိရိယာ မှန်ကန်မှု ရှိရမည်။ ချက်ပြုတ်သည့်နည်း မှန်ရမည်။ တည်ခင်းဧည့်ခံမှု စနစ်မှန်ရမည်။ လုပ်ဆောင်သူ၏ စိတ်စေတနာ မှန်ကန်ရုံသာမက စားသောက်သည့် အခန်း၏ဖွဲ့စည်းမှု၊ အသုံးပြုသည့် စားပွဲ၊ စားပွဲခင်း၊ ပန်းကန် အစရှိသောအရာများ အဆင့်အတန်းမြင့်မှုအထိ ပါဝင်ရမည်ဖြစ်ရာ အရည်အသွေးပြည့်ဝ

http://swanbros.blogspot.com



သော ဝန်ဆောင်မှုဟူသည် သာမန်ဖြင့် မရနိုင်။ တည်ဆောက်မှု၊ လေ့ကျင့်မှု၊ ကြိုးစားမှုရရှိမည့်ကိစ္စဖြစ်၏။

ကျွန်တော်တို့သည် ခေတ်သစ်ကမ္ဘာတွင် ငွေအရင်းနှီးပိုက်ဆံရှိ၍ လေကြောင်းလိုင်းကြီးတစ်ခု ထူထောင်မည်၊ ဘဏ်လုပ်ငန်းကြီးတစ်ခု မတည်မည်၊ ကုန်တိုက်ကြီးများဖွင့်လှစ်မည်၊ ခေတ်မီဟိုတယ်လုပ်ငန်းကြီးများကို လုပ်ဆောင်မည်ဟု ဆိုလျှင်ပင် အရည်အသွေးကောင်းမွန်သော ဝန်ဆောင်မှုလုပ်ငန်း မပါဝင်ဘဲ ၂၁ ရာစုတွင် ဘယ်လုပ်ငန်းမှ အောင်မြင်နိုင်မည် မဟုတ်ပါ။ ထို့ကြောင့် မကြာမီရောက်ရှိလာမည့် အပန်းဖြေ အနားယူမှုဆိုင်ရာ ပစ္စည်းကိရိယာခေတ်ကြီးကို ကြိုဆိုရင်း ဝန်ဆောင်မှု အရည်အသွေးပြည့်ဝသော လုပ်ငန်းရပ်များကို ထူထောင်ရန် ကျွန်တော်တို့သည် ကြိုတင် တည်ဆောက်ကြရပေတော့မည်။

## အရည်အသွေးနှင့် မန်နေဂျာ ကဏ္ဍ

အရည်အသွေးပျိုးထောင်မှုတွင် မန်နေဂျာ အကြီးအကဲ ကြီးကြပ်သူတို့၏ အခန်းကဏ္ဍသည် အလွန်မှ အရေးကြီးလွန်း၏။ မန်နေဂျာဆိုသော စကားရပ်ကို ရှေးအခါက လွယ်လွယ်ရှင်းရှင်း 'အလုပ်ဖြစ်အောင်လုပ်သူကို မန်နေဂျာဟု ခေါ်သည်' ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့၏။

http://swanbros.blogspot.com



၁၉၉၀ ပြည့်နှစ်သို့ ရောက်ရှိသောအခါ မန်နေဂျာ၏ အဓိပ္ပာယ်သည် 'စားသုံးသူတို့အား ထိုက်တန်သော တန်ဖိုးကို ပေးသူ' ဟု အဓိပ္ပာယ်ဖွင့်ဆို ခေါ်ခဲ့ကြ၏။ အထက်ပါ အယူအဆနှစ်ခုသည် ကွာခြားမှုရှိသည်။ အလုံးစုံ အရည်အသွေး ရှေ့တန်းသို့ရောက်ရှိလာသော အခါ မန်နေဂျာ စီမံခန့်ခွဲသူတို့၏ တာဝန်သည် သာမန် အောက်လက်ငယ်သားကို အုပ်ချုပ်ရန် မဟုတ်တော့ဘဲ စီမံခန့်ခွဲမှု၏ တာဝန်သည် ထုတ်ကုန်ပစ္စည်း **PROD-UCT** နှင့် ဝန်ဆောင်မှု **SERVICES** များ စဉ်ဆက် မပြတ် ကောင်းမွန်ရန်အထိ တာဝန်ရှိလာသည်။ အရည် အသွေးရှိသော မန်နေဂျာတို့ကို ပြောင်းလဲနေသော နည်း ပညာများ၊ စားသုံးသူတို့၏ ပိုမိုတောင်းဆိုမှုများ၊ ကမ္ဘာ နှင့်အဝှမ်း စီးပွားရေးပြိုင်မှုကြီးများအကြားတွင် မိမိတို့ ထုတ်လုပ်သောပစ္စည်းများ၊ မိမိတို့ပေးအပ်သော ဝန်ဆောင် မှုများကို စားသုံးသူ ဖောက်သည်နှင့် သဟဇာတဖြစ် အောင် စဉ်ဆက်မပြတ်အောင် ကြိုးပမ်းနေရမည့်အလုပ် သည် မန်နေဂျာတို့၏ အလုပ်ဖြစ်လာသည်။ ထိုအလုပ် ကို လုပ်ဆောင်နိုင်သူတို့ကို အရည်အသွေးရှိသော မန်နေဂျာ ဟု ခေါ်၍ ထိုသူလုပ်ဆောင်သော စီမံခန့်ခွဲမှုကိုလည်း အရည်အသွေးရှိသော စီမံခန့်ခွဲမှုဟု ခေါ်ဆိုကြ၏။ အရည်အသွေးရှိသော စီမံခန့်ခွဲမှုတစ်ရပ်တွင်

http://swanbros.blogspot.com



၁။ စီမံကိန်း **PLANNING**

၂။ စည်းရုံးဖွဲ့စည်းခြင်း **ORGANIZATION**

၃။ ညှိနှိုင်းဆောင်ရွက်ခြင်း **CO-ORDINATING**

၄။ နေရာချထားခြင်း **STAFFING**

၅။ ညွှန်ကြားခန့်ခွဲခြင်း **DIRECTING**

၆။ ထိန်းသိမ်းစီမံခြင်း **CONTROLLING**

၇။ ပြန်လည်သုံးသပ်ခြင်း **EVALUATING** တို့ ပါဝင်ရမည် ဖြစ်ပါသည်။

## အရည်အသွေးနှင့်ပတ်သက်၍ ထင်ရှားသူများ

အရည်အသွေး ထိန်းသိမ်းခြင်းနှင့် ပတ်သက်၍ ကမ္ဘာပေါ်တွင် ထင်ရှားသူ အများအပြား ရှိပါသည်။

**ဝေါ်လ်တာရှီဝှတ်** ဆိုသော ပုဂ္ဂိုလ်သည် ဒဲမ်းမင်း၏ ဆရာလည်း ဖြစ်သည်။ ရှီဝုတ်သည် အရည်အသွေး ပြုပြင်ပြောင်းလဲမှု တော်လှန်ရေးခေါင်းဆောင်လည်း ဖြစ်သည်။ ၁၉၃၁ ခုနှစ်တွင် ဝေါ်တာရှီဝှတ်သည် အရည်အသွေးကို စီးပွားရေးနည်းဖြင့် ထိန်းချုပ်ခြင်း ကျမ်းကို ရေးသားခဲ့သည်။ ရှီဝှတ်သည် ကုန်ထုတ်လုပ်မှုတွင် ချွတ်ယွင်း ဖောက်ပြန်မှုကို ထိန်းချုပ်ရန် ပထမဆုံး သတိပြုခဲ့သူလည်း ဖြစ်သည်။

http://swanbros.blogspot.com



စက်မှုစီးပွားရေးလုပ်ငန်းများတွင်လည်း စက်မှု ချွတ်ယွင်း ဖောက်ပြန်မှုများကို ဖယ်ရှားပစ်ရန် လိုအပ်သည်။ ယင်းကိစ္စသည် စီးပွားရေးလုပ်ငန်း၏ အသက်သွေးကြော ဖြစ်သည်ဟူသောအချက်ကို စောစီးစွာကပင် ရှီဝှတ်က ထုတ်ဖော်ပြောကြားခဲ့သည်။ ရှီဝှတ်သည် ခေတ်သစ်အရည်အသွေး တိုးတက်မှုသဘောတရား ဆရာကြီးလည်း ဖြစ်သည်။

အရည်အသွေး ထုတ်ဖော်သူများအနက် လုပ်ငန်းစနစ်နှင့် အစဉ်များ PROCESS များကို ဂရုစိုက်ရန် လိုကြောင်း ထုတ်ဖော်ပြောကြားသူ ပညာရှင်မှာ **ဂျိုးဆက်ဂျူရမ်း** JOSEPH JURAN ဖြစ်၏။ အရည်အသွေးအတွက် ချွတ်ယွင်းချက်များကို မဖြစ်မီက ကြိုတင်ရှာဖွေ တားဆီးရမည်ဟူသော အယူအဆကို ၁၉၅၀ ပြည့်နှစ်မှစ၍ အလေးထားတင်ပြခဲ့သူ အရည်အသွေးပညာရှင်မှာ **ကာရိုရု-အစ်ရှိကာဝါ** KAORU ISHIKAWA ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်ကာလများတွင် ကုန်ကျစရိတ်နှင့် အရည်အသွေးကို အဓိကထား တင်ပြခဲ့သော ပညာရှင်မှာ **ဖိလစ်ကရော့(စ)ဘီ** PHILUP CROSBY ဖြစ်ပါသည်။ ဖိလစ်ကရော့(စ)ဘီက ညံ့ဖျင်းသော ကုန်ကြမ်းနှင့် ညံ့ဖျင်းသော ဝန်ဆောင်မှုများကြောင့် အရည်အသွေးအတွက် ကုန်ကျစရိတ်သည် မြင့်မားပြီး မှန်ကန်သောစီစဉ်ဆောင်ရွက်မှုနှင့် ဝန်ဆောင်

http://swanbros.blogspot.com



မှုသည် အရည်အသွေး တက်လာရုံသာမက ကုန်ထုတ် လုပ်မှုစရိတ် ကျဆင်းစေကြောင်းကို အမေရိကန် မန်နေဂျာများအား နားလည်အောင် ရှင်းပြ၏။

**TQC** အလုံးစုံအရည်အသွေးဟူသော စကားရပ်တွင် စားသုံးသူ ကျေနပ်နှစ်သိမ့်မှုဟူသော စကားရပ်လည်း အကျုံးဝင် ပါရှိနေသည်။ ထို့ကြောင့် ထုတ်လုပ်ကုန်ပစ္စည်းသည် စားသုံးသူနှင့် အစပ်အဟပ်တည့်မှု၊ စားသုံးသူ အကြိုက်ဖြစ်ဖို့လည်း လိုအပ်သည်။ မြန်မာစားသုံးသူတို့အတွက် ချဉ်ငန်စပ်ဟင်း၊ အဆီများသော ဟင်းသည် စားသုံးသူအကြိုက်ဖြစ်သော်လည်း ထိုင်းလူမျိုးတို့အတွက်ကား အုန်းနို့ပါမှ စားသုံးသူအကြိုက် ဖြစ်ပါသည်။ လုံချည် ပုဆိုး အကွက်စိပ် အကွက်ဆန်းသည် မြန်မာဖောက်သည်တို့အတွက် လိုအပ်မှုအရည်အသွေး ဖြစ်သော်လည်း ဥရောပတိုက်သားတို့အတွက် လိုအပ်ချက် မဖြစ်နိုင်ပါ။

ယခုအခါ 'တစ်ကမ္ဘာလုံး ဆက်နွယ်မှု' **GLOBALIZATION** ဖြစ်တည်နေသောကာလတွင် မြန်မာကြိုက် မြန်မာအရသာဖြင့် လုံလောက်မှု မရှိတော့ဘဲ မိမိထုတ်ကုန်ဝယ်ယူမည့် ဖောက်သည်ကြိုက်ပစ္စည်းများ ထုတ်လုပ်နိုင်မှ ကမ္ဘာ့ဈေးကွက် ဝင်ဆံ့နိုင်မည်ဟူသော အချက်ကို မြန်မာထုတ်ကုန်လုပ်ငန်းရှင်တို့ အလေးပြုဖွယ်ရာ ဖြစ်ပါသည်။

http://swanbros.blogspot.com



ယနေ့ကမ္ဘာတွင် အရည်အသွေး အဆင့်မမီသော မည်သည့်ပစ္စည်းမှ ရောင်းစွံမည်မဟုတ်ဘဲ ထုတ်လုပ်မှု ပစ္စည်း၏ အင်္ဂါရပ်တွင် ဈေးနှုန်းဆိုသော အရာသည် လည်း ပါဝင်လျက်ရှိသည်။ ဈေးနှုန်းချိုသာမှုသည် ဝယ်ယူသူ ဖောက်သည်များအတွက် မက်လုံးရှိသော အရည်အသွေးတစ်ရပ်ဖြစ်ကြောင်း သဘောပေါက်ကြ ရမည်။ ထို့ကြောင့် ဖောက်သည်စွဲမက်စေသော အရည် အသွေးများတွင် ဒီဇိုင်း၊ အရောင်အသွေး ခေတ်မီ ဆန်းပြားမှု၊ အသုံးတည့်မှု၊ တာရှည်ခံမှု၊ အပိုပစ္စည်း အလွယ်တကူရရှိမှု၊ အဖိုးနှုန်းချိုသာမှုစသော အကြောင်း ခြင်းရာ အချက်အလက်များစွာ ပါဝင်သည်။

## မြန်မာ့နိုင်ငံနှင့် အရည်အသွေး

မြန်မာနိုင်ငံသည် ခေတ်မီတိုးတက်ဖွံ့ဖြိုးသော နိုင်ငံ တစ်နိုင်ငံဖြစ်စေရန် ဘက်စုံကြိုးစားနေသော နိုင်ငံ တစ်နိုင်ငံဖြစ်သည်။ ခေတ်မီ ဘက်စုံဖွံ့ဖြိုးသော နိုင်ငံ တစ်နိုင်ငံအဖြစ်ကို တည်ဆောက်ရာတွင် ၂၁ ရာစုတွင် အလုံးစုံအရည်အသွေးပြည့်ဝမှုဟူသော ကိစ္စကို ချန်လှပ် ထား၍ မရပေ။ ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံသည် ဗီဇအားဖြင့် အရည်အသွေးရှိသော နိုင်ငံ၊ အရည်အသွေးရှိသောလူမျိုး ဖြစ်သည်။ မြန်မာ

http://swanbros.blogspot.com



နိုင်ငံမြောက်ဖျားတွင် ရေခဲဖုံးနေသော တောင်ကြီးများ ရှိသည်။ မြန်မာနိုင်ငံ၏ မြောက်ပိုင်းတွင် မြစ်ဖျားခံ၍ မြစ်ဝကျွန်းပေါ်တိုင် စီးဆင်းလာသော ဧရာဝတီမြစ်ကြီး သည် ယခုတိုင် မြစ်ရေကို သောက်သုံး၍ ရရှိနေပြီး ငါးမျိုးစုံ ငှက်မျိုးစုံ ပျော်မြူးပေါက်ဖွားရာ မြစ်ကြီး တစ်မြစ်ဖြစ်၏။ ဧရာဝတီသည် မြန်မာနိုင်ငံ၏ အဝေးပြေး ရေကြောင်းလမ်းမကြီးလည်း ဖြစ်သည်။ မြန်မာနိုင်ငံ၏ ရခိုင်ရိုးမ၊ ပဲခူးရိုးမ၊ ရှမ်းတောင်တန်းကြီးများနှင့် တနင်္သာရီကမ်းရိုးတန်း၊ ရခိုင်ကမ်းမြောင်ဒေသတို့သည် အလွန်လှပ၍ ရှားပါးသောသစ်ပင်ပန်းပင် သစ်ခွမျိုးနွယ် များ၊ ဆေးဖက်ဝင်အပင်များ၊ သဘာဝအလှအပများဖြင့် အဖိုးတန်၍ ရှုကြည့်သာယာဖွယ်အတိကောင်းသော တောင်တန်း တောင်စွယ် တောအုပ် တောရိပ်များလည်း ရှိနေကြသည်။ သံလွင်၊ ချင်းတွင်း စသော မြစ်တို့သည် လည်း အလွန်အသုံးဝင်သောမြစ်များ ဖြစ်ကြသည်။

ဤသည်တို့မှာ မြန်မာနိုင်ငံ၏ ဗီဇအရည်အသွေး များ ဖြစ်သည်။ မြန်မာနိုင်ငံ၏ ငွေဆောင်ကမ်းရိုးတန်း ဆိုလျှင် နတ်မြစ်ဝမှ အင်ဒိုနီးရှားတိုင် ရှည်လျားသော ကမ်းရိုးတန်းတစ်လျှောက်တွင် လက်ဖျားနှင့်မျှပင် မတို့ရ သေးသော အလွန်လှပသွယ်လျားသော အပျိုစင် ပင်လယ် ကမ်းရိုးတန်းတစ်ခု ဖြစ်ပါ၏။

http://swanbros.blogspot.com



## သမိုင်းအစဉ်အလာနှင့် လူသား

မြန်မာနိုင်ငံသည် လွန်ခဲ့သော နှစ် သန်း ၄၀ လောက်မှစ၍ လူတူ ပရိုင်းမိတ်များ မှီတင်းနေထိုင်ရာ အရပ်ဖြစ်သည်။ ကျောက်ခေတ်ဦး၊ ခေတ်လတ်၊ ကျောက်ခေတ်နှောင်းလူများ နေထိုင်ရာဒေသကြီး ဖြစ်သည်။ ကြေးခေတ်၊ သံခေတ်တို့ ထင်ရှားစွာ ထွန်းကားခဲ့သည်။ ပုဂံသည် မြန်မာပြည်သားတို့အတွက် ဘက်စုံအရည်အသွေး ပြဆိုရာဒေသကြီး ဖြစ်သည်။

အထူးသဖြင့် ပုဂံတွင် မြန်မာတို့၏ ဗိသုကာအရည်အသွေးကို ထင်ရှားစွာ တွေ့မြင်နိုင်သည်။ မြန်မာတို့သည် အုပ်ချုပ်ရေး စီမံခန့်ခွဲရေးတွင်လည်း အရည်အသွေးရှိသော လူမျိုးတစ်မျိုးဖြစ်၏။ ပျူစောထီး၊ မောင်တင့်တယ်မှ စ၍ အနော်ရထာ၊ ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး စသည့် သူရဲကောင်းများ၊ တပင်ရွှေထီး၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလ၊ ဗိုလ်ချုပ်အောင်ဆန်း ကဲ့သို့သော စစ်ဗိုလ်ချုပ်များ၊ မင်းကြီးရန်နောင်၊ မင်းရဲကျော်စွာ၊ ပေါက်လှ၊ သမိန်ဗရမ်း စသော မြန်မာသူရဲကောင်းများသည် အရည်အသွေးရှိသူများဖြစ်ကြပြီး မြန်မာ့ဆင်တပ်၊ မြင်းတပ်ကြီးများသည် အာရှတွင် အရည်အသွေး ပြောင်မြောက်ကျော်ကြားသော ဆင်တပ်၊ မြင်တပ်ကြီးများ ဖြစ်ပါသည်။

http://swanbros.blogspot.com



အရှင်မဟာရဋ္ဌသာရ၊ ရှင်သီလဝံသ၊ မြဝတီမင်းကြီး ဦးစ၊ ဦးပုည အစရှိသော စာပေပညာရှင်များသည်လည်း အရည်အသွေးပြည့်ဝသော ပညာရှင်ကြီးများဖြစ်၍ ခေတ်ပြိုင် ကမ္ဘာ့စာပေ ပညာရှင်များထက် သာလွန်ပြောင်မြောက်သည့် စာပေများကို ရေးသားခဲ့ကြသူများဖြစ်သည်။

နိုင်ငံတကာ ပညာသင်ကြားမှုနယ်ပယ်တွင် မြန်မာတို့၏ ဉာဏ်ရည်ဉာဏ်သွေးကို လူမျိုးတိုင်းက အသိအမှတ်ပြု ချီးကျူးကြသည်။

## ကမ္ဘာ့အကြီးဆုံး ပုလဲပိုင်ရှင်

မြန်မာနိုင်ငံမှ ထွက်ရှိသော ကျွန်းသစ်သည် ကမ္ဘာတွင် အထူးထင်ရှား၍ အရည်အသွေးရှိသော သစ်ဘုရင်၊ သစ်မင်းဖြစ်သည်။ မြန်မာ့ကျောက်စိမ်းသည် အရည်အသွေးရှိ၍ လူတိုင်းမက်မောကြ၏။ မြန်မာပတ္တမြားသည် ပြိုင်သူမရှိနိုင်လောက်အောင် အရည်အသွေးကောင်းမွန်ကာ ကမ္ဘာပေါ်တွင် အကြီးဆုံးသော ပုလဲသည် မြန်မာ့ပင်လယ်မှ ထွက်ရှိသော ပုလဲဖြစ်၏။ မြန်မာနိုင်ငံမှထွက်ရှိသော သစ်မွှေး၊ မြန်မာ့သစ်တောထွက်ပစ္စည်းများ၊ မြန်မာ့ဆေးပြင်းလိပ်နှင့် ပဲမျိုးစုံသည် အရည်အသွေးရှိသော မြန်မာထွက်ကုန်များ ဖြစ်သည်။ မြန်မာ့ပင်လယ်ကမ်းရိုးတန်းမှ ထွက်သော မြန်မာ့

ပင်လယ်ငါးများနှင့် ပုစွန်ထုပ်ကြီးများသည် ပထမတန်း အရည်အသွေးရှိ မြန်မာထုတ်ကုန်များ ဖြစ်သည်။

ထို့ကြောင့် မြန်မာ့သမိုင်းတွင် အရည်အသွေး ရှိသော သမိုင်း၊ မြန်မာတို့သည် အရည်အသွေးပိုင်ရှင် များဖြစ်၍ မြန်မာထုတ်ကုန်များသည်လည်း ကမ္ဘာ့ အရည်အသွေးမီ ထုတ်ကုန်များဖြစ်သည်။

## မြန်မာတို့ အရည်အသွေး ချိုးနှိမ်ခံခဲ့ရခြင်း

ထိုကဲ့သို့ အရည်အသွေးရှိသော မြန်မာလူမျိုးတို့ သည် ၁၈၈၅ ခုနှစ်တွင် တစ်ပါးကျွန်ဖြစ်ခဲ့ရမှုနှင့်အတူ မြန်မာဦးစွန်းသည် အနောက်ဘက်သို့ ယွန်းခဲ့ရပြီး မြန်မာတို့၏ အရည်အသွေးသည်လည်း အချိုးနှိမ်ခံခဲ့ရ သည်။ ထီးကျိုးစည်ပေါက် ကျွန်သပေါက်ဘဝတွင် အနှစ် ၁၀၀ မျှ နေခဲ့ကြရသဖြင့် မြန်မာတို့၏ အရည် အသွေးသည် ဘက်စုံနိမ့်ကျမှုနှင့် ရင်ဆိုင်ခဲ့ရသည်။ အင်္ဂလိပ်တို့သည် မြန်မာတို့၏ အရည်အသွေးအရပ်ရပ် တို့ကို စနစ်တကျ စီစဉ် နှိပ်ကွပ်ခဲ့ကြသည်။ ဇာတိသွေး ဇာတိမာန်နှင့် မြန်မာ့အရည်အသွေးကို အင်္ဂလိပ်တို့သည် စစ်ရေးမဟာဗျူဟာ ချမှတ်၍ ချိုးနှိမ်ခဲ့ကြ၏။

သို့သော်လည်း မြန်မာတို့သည် ပြည်ထောင်စု စိတ်ဓာတ်၊ သူ့ကျွန်မခံသောစိတ်ဓာတ်ဖြင့် မြန်မာ့

http://swanbros.blogspot.com



လွတ်လပ်ရေးကို အရယူခဲ့ပြီး လွတ်လပ်ရေးရရှိပြီးသော နောက်ပိုင်းတွင် မြန်မာနိုင်ငံသည် အရည်အသွေးကို စနစ်တကျ ပြန်လည်မတည်ဆောက်နိုင်သေးမီ ပြည်တွင်း သောင်းကျန်းမှုနှင့် ရင်ဆိုင်ခဲ့ရသည်။ ဆိုရှယ်လစ်စနစ် တည်ဆောက်ခဲ့သော ကြားကာလတွင်လည်း အရည် အသွေးတည်ဆောက်မှုကို နေရာမပေးနိုင်ခဲ့ခြင်းများ ရှိခဲ့ရာ ယနေ့ မြန်မာတို့၏ အရည်အသွေးသည် ကမ္ဘာ ၏ တတိယနေရာတွင်သာ ရှိနေသေးသဖြင့် မြန်မာတို့ ၏ အရည်အသွေး နေရာမှန် ပုံမှန်ဖြစ်ရေးအတွက် မြန်မာတို့ပင် ကြိုးစားရမည် ဖြစ်ပါသည်။

## အရည်အသွေး ဖော်ထုတ်ရမည့် ကဏ္ဍနှစ်ရပ်

ယနေ့ကာလ မြန်မာတို့ တည်ဆောက်ကြရမည့် အရည်အသွေးဆိုင်ရာ ကဏ္ဍနှစ်ရပ်ရှိသည်။ ယင်းတို့မှာ

(က) ထုတ်ကုန် အရည်အသွေးမြင့်မားအောင် ကြိုးပမ်းရန်၊

(ခ) ဝန်ဆောင်မှုအရည်အသွေး မြင့်မားအောင် ကြိုးပမ်းရန်တို့ ဖြစ်သည်။

မြန်မာတို့၏ ထုတ်ကုန်အရည်အသွေးသည် တတိယ အဆင့်၌တွင်သာ ရှိနေရာမှ ဒုတိယအဆင့်သို့ လှမ်းမီ ရေးကို ကြိုးပမ်းကြရမည်။ မြန်မာနိုင်ငံတွင် ဝန်ဆောင်မှု

အရည်အသွေးသည် ထုတ်ကုန်အရည်အသွေးထက်နိမ့်ကျ လျက်ရှိနေ၏။ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေး ကာလတွင် မြန်မာနိုင်ငံ၏ ဈေးကွက်သည် ရောင်းသူ ဈေးကွက်သာဖြစ်ခဲ့သောကြောင့် **QUALITY OF SERV - ICES** ကို ထည့်သွင်းမစဉ်းစားသည်အထိ ဖြစ်ခဲ့သည်။ ယင်းကာလတစ်လျှောက်လုံး၌ ဝန်ဆောင်မှုအရည်အသွေး သည် ချောင်ထိုးထားခြင်း ခံခဲ့ရသည်။

ယခုအခါ အချို့သော မြန်မာ့ထုတ်ကုန်များသည် အရည်အသွေးမရှိရုံသာမက အန္တရာယ်ရှိသော အဆင့် သို့ပင် ရောက်ရှိနေသောကြောင့် မကြာခဏ နိုင်ငံတော် အစိုးရက

(က) ဆီးယို ဆီးထုပ် ယိုမျိုးစုံ၊
(ခ) ထိုးမုန့်၊ သရေစာမုန့်မျိုးစုံ၊
(ဂ) အချိုရည်မျိုးစုံ၊
(ဃ) သောက်ရေ၊ ရေသန့်မျိုးစုံနှင့်
(င) အချို့သော ဆေးဝါးများကို ပြည်သူတို့ စားသုံးရန် မသင့်သော စားစရာများအဖြစ် ကြေညာပေးနေရသည်။

ယနေ့ ကမ္ဘာပေါ်တွင် လူတို့စားသုံးမည့် မည်သည့် အစားအစာများကိုမဆို လက်ဖြင့် ကိုင်တွယ်၍ ရောင်းချ ခြင်း မပြုလုပ်ကြပေ။

http://swanbros.blogspot.com



သို့သော် မြန်မာတို့သည် စားစရာများကို မစားသုံးမီ လေးအထိ လက်ဖြင့် ပယ်ပယ်နယ်နယ် ကိုင်တွယ်နေဆဲ ဖြစ်သည်။ မုန့်ဟင်းခါးသည် မြန်မာရော ကမ္ဘာကပါ ကြိုက်နှစ်သက်စွာ စားသုံးနေသော စားစရာ တစ်မယ် ဖြစ်သည်။ သို့သော်လည်း ရောင်းချပုံ ဝန်ဆောင်မှု အဆင့်မမီ၍ မုန့်ဟင်းခါးကို ရှောင်သူများက ရှောင်ကြ ပြီး မရှောင်ဘဲ စားသုံးမိသူ နိုင်ငံခြားသားတို့ ဝမ်းလျှော ဝမ်းပျက်ရခြင်းများဖြစ်ကြရသည်။ မုန့်ဟင်းခါးရောင်းသူ တစ်ဦးသည် မုန့်ဟင်းခါးကို လက်ဖြင့် ကိုယ်တွယ် မုန့်ပွဲ ပြင်ပြီး ထိုလက်ဖြင့်ပင် ပိုက်ဆံအမ်း၍ စားပြီးသား ပန်းကန်အမြောက်အမြားကို ရေဇလုံလေးထဲတွင် ဆေး ကြောပြီး ထိုလက်ဖြင့်ပင် စားစရာကို ကိုင်လိုက်၊ ထဘီကိုသုတ်လိုက်၊ ဆံပင်ကိုပြန်ထုံးလိုက်၊ ဆေးလိပ်တို တစ်ဖွာသောက်လိုက်ဖြင့် ပြုမူရောင်းချနေလျက်ပင်ရှိနေ သောကြောင့် ဝန်ဆောင်မှုအဆင့် နိမ့်ကျလွန်းပါသည်။

၁၉၉၁ ခုနှစ်လွန်ကာလ မြန်မာနိုင်ငံတွင် ဈေးကွက် စီးပွားရေးစနစ်ကို စတင်ချိန်မှစ၍ မြန်မာနိုင်ငံတွင်းသို့ ဝန်ဆောင်မှု အရည်အသွေးလုပ်ငန်းများ ဝင်ရောက်ခဲ့ သည်။ ထိုအချိန်လောက်မှစ၍ တည်ဆောက်ခဲ့သော ဟိုတယ်ကြီးများ၊ စားသောက်ဆိုင်များ၊ ဘဏ်လုပ်ငန်း၊ စတိုးဆိုင်၊ ဆူပါမတ်ကတ်နှင့် ပလာဇာများ၊ ရုံးလုပ်ငန်း ဌာနများ ၊ ကုမ္ပဏီများ ၊ ခရီးသွားလုပ်ငန်းများတွင်

http://swanbros.blogspot.com



ဝန်ဆောင်မှု အရည်အသွေးများ တိုးတက်လာသည်ကို တွေ့ရသည်။

သို့သော်လည်း ဝန်ဆောင်မှုသင်တန်းများ နည်းပါးသောကြောင့် စံနှုန်းမီ ဝန်ဆောင်မှုများကား မပေါ်တတ်သေးဘဲ အချို့သော ဟိုတယ်ကြီးများ၊ ဘဏ်လုပ်ငန်းများတွင် ဝန်ဆောင်မှုနှင့် ပျော်လောင်နေမှု မကွဲသေးဘဲ ရှိနေ၏။

## ဆရာ ပေါ်ဦးသက်၏အယူအဆ

မြန်မာပန်းချီဆရာ အကျော်အမော်တစ်ဦးဖြစ်သူ ဆရာပေါ်ဦးသက်က မိမိသည် အကောင်းဆုံးပန်းချီကားများကို စိတ်အတည်ငြိမ်ဆုံးထားရှိရေးဆွဲသောအခါတွင်မှသာ ရရှိသည်။ ထို့ကြောင့် မိမိသည် မကြာခဏ တရားထိုင်၍ စိတ်တည်ငြိမ်မှုကိုရှာပြီး ပန်းချီရေးဆွဲသည်။ အနုပညာရှင်များ၏ အကောင်းဆုံးလက်ရာ **MASTER PIECE** များကို စိတ်အတည်ငြိမ်ဆုံးကာလများတွင်မှ ရတတ်သည်ဟု ဆိုဖူး၏။

စာရေးဆရာတစ်ဦး၏ အကောင်းဆုံးစာ၊ ပန်းပုဆရာတစ်ဦး၏ အကောင်းဆုံးပန်းပု၊ မည်သည့်အကောင်းဆုံး အနုပညာပစ္စည်းများမဆို ထိုအနုပညာရှင်၏ စိတ်အရှင်းဆုံးအချိန်၊ စိတ်အအေးချမ်းဆုံးအချိန်၌ ဖန်တီးမှုများသာ ဖြစ်တတ်သည်ဟု ဆရာပေါ်ဦးသက်က ဆို၏။

http://swanbros.blogspot.com



တစ်ခါက မိမိထံ ကြက်ခြေနီ ပန်းချီကားတစ်ချပ် လာရောက်အပ်နှံရာ ပထမ ဘာရေးရမှန်းမသိ၊ ကြက်ခြေနီတံဆိပ်ကိုပဲ ဆွဲရမှာလား၊ ကြက်ခြေနီဝတ်စုံနှင့် လူငယ်များပုံကိုပဲ ရေးရမလား၊ လမ်းကူးနေသော အဘွားအိုတစ်ဦးကို ကြက်ခြေနီမောင်မယ်များက ကူညီနေသည့်ပုံကိုပဲ ဆွဲရမည်လား၊ ဘာဆွဲရမည်ကို မဆုံးဖြတ်နိုင်ဘဲ စိတ်များ ထွေပြားနေပြီး ဆွဲရမည့်အကြောင်းအရာကို မဆုံးဖြတ်နိုင်ဘဲရှိ၏။

ထိုအခါ တရားစခန်းဝင်၍ တရားထိုင်ပြီး မိမိဘာဆွဲရမည်နည်းဟု စိတ်ကူးရာက စိတ်ကူးတစ်ခုပေါ်လာ၍ ယင်းပုံကိုဆွဲခဲ့ရာ မိမိလည်းကြိုက်၊ ပန်းချီအပ်နှံသူလည်း ကြိုက်နှစ်သက်ခဲ့သည့် အကောင်းဆုံးပန်းချီကားတစ်ချပ်ကို ရရှိခဲ့သည်ဟု ဆို၏။

မိမိရေးဆွဲသော ထိုပုံသည် တောလမ်းခရီးတစ်ခုတွင် အဘိုးအို၏ခြေထောက် ဆူးစူးနေသည်ကို မြေးဖြစ်သူက ဆူးထွင်နုတ်ပေးနေသောပုံဖြစ်၍ မြန်မာမှုလည်းပါ၊ အဘိုးနှင့် မြေးတို့၏ မေတ္တာတရားလည်း ပေါ်လွင်စေပြီး ကြက်ခြေနီစိတ်ဓာတ်လည်း ထိုပုံတွင် ပေါ်လွင်နေသည်ဟု ဆိုပါ၏။

ဆရာပေါ်ဦးသက် ပြောခဲ့သော စိတ်အတည်ငြိမ်ဆုံး၊ အအေးချမ်းဆုံး၊ သမာဓိအရှိဆုံးဆိုသည်မှာ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနဟူသော အမှောင်တရားများလည်း ကင်းစင်၍ ကြောက်စိတ်၊ စိုးရိမ်စိတ်၊ ပူပန်မှု

http://swanbros.blogspot.com



သောကကဗျာပါဒတရားများမှာလည်း လွတ်မြောက်နေချိန် ဖြစ်သည်။ ထိုအချိန်သည် စိတ်ကောင်းတည်ရှိနေချိန် ဖြစ်သည်။ ထိုအချိန်သည် စိတ်၌ ရိုးသားဖြူစင်မှု ကိန်းအောင်းနေချိန်ဖြစ်သည်။ ထိုအချိန်တွင် လုပ်ဆောင်သောအရာများ တိုးတက်အောင်မြင်မှုရကြသည်။ လောဘ၊ ဒေါသ၊ မောဟတို့ဖြင့် ဆောင်ရွက်သောကိစ္စများ၊ ပူပန်စိတ်၊ စိုးရိမ်စိတ် သောကဗျာပါဒ အကြောင်းတရားများဖြင့် ဆောင်ရွက်သောအခါများတွင် ပျက်စီးမှု၊ ဆုံးရှုံးမှု ရှိတတ်သည်။

ဆရာ ပေါ်ဦးသက်က အရည်အသွေးကို မြင့်မြတ်သည့် စိတ်ထားဖြင့် တည်ဆောက်ရမည်ဟု ဆိုခြင်း ဖြစ်၏။ တစ်နည်း မြင့်မြတ်သောစိတ်ထား ရှိပါက အရည်အသွေး ပေါ်ပေါက်လာမည်ဖြစ်၏။

## သောမတ်(စ)ကာလိုင်း၏စာအုပ်

စကော့လူမျိုး **သောမတ်(စ)ကာလိုင်း** ဆိုသူ စာရေးဆရာကြီးက **Hero and Hero-worship** ဆိုသော စာအုပ်တစ်အုပ်ကို ရေးဖူးသည်။ ထိုစာအုပ်သည် လူကဲခတ်နည်း စာအုပ်တစ်အုပ်ဖြစ်၍ ယင်းစာအုပ်သည် ကမ္ဘာ့ထိတ်ထိတ်ကြဲ အောင်ပွဲရပုဂ္ဂိုလ် တစ်ရာကျော် အကြောင်းကို ရေးထားသည်။ သူလေ့လာရေးသားထား

http://swanbros.blogspot.com



သော ပုဂ္ဂိုလ်များထဲတွင် စကင်ဒီနေးဗီးယားနိုင်ငံတွင် အလွန်ကျော်ကြားသည့် အိုဒင်၊ အီတလီမှ ကဗျာဆရာကြီး ဒန်တေ၊ ဗြိတိန်နိုင်ငံမှ စာရေးဆရာကြီး ရှိတ်စပီးယား၊ ပြင်သစ်နိုင်ငံမှ တွေးခေါ် ပညာရှင်ကြီး ရူးဆိုး၊ စစ်သူကြီး နပိုလီယံ၊ အိုလီဗာကရွန်းဝဲ အစရှိသော ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ ပါဝင်၏။

သောမတ်(စ)ကာလိုင်း၏ လေ့လာချက်အရ မိမိ လေ့လာခဲ့သော ယင်းကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ၊ ကမ္ဘာ့ဆင်ကြီးများအားလုံး၌ တူညီသောအရာတစ်ခု ရှိသည်။ ထိုအရာမှာ ယင်းပုဂ္ဂိုလ်ကြီးများအားလုံး၌ ဖြူစင်ရိုးသားမှုရှိခြင်းပင် ဖြစ်သည်ဟု ဆိုပါ၏။

ထို့ကြောင့် အကောင်းဆုံး အနုပညာလက်ရာပစ္စည်းများ၊ အရည်အသွေးရှိသော အနုပညာပစ္စည်းများ ပေါ်ထွက်လာဖို့ ရိုးသားဖြူစင်မှု လိုအပ်သလို အကောင်းဆုံး၊ အတော်ဆုံး၊ အထင်ရှားဆုံး၊ အရည်အသွေးအမြင့်မားဆုံး ပုဂ္ဂိုလ်များ၏ အပေါ်လွင်ဆုံး လက္ခဏာသည် ရိုးသားမှုပင် ဖြစ်ပါ၏။

## အရှင်ဇနကာဘိဝံသ၏ ဝါဒ

အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက် ကျေးဇူးရှင်ကျမ်းပြုဆရာတော်ကြီး အရှင်ဇနကာဘိဝံသက မိမိ၏

http://swanbros.blogspot.com



ကျောင်းတိုက်နေ စာသက်ရဟန်းပုဂ္ဂိုလ်တို့ လိုက်နာရမည့် စည်းမျဉ်း ၁၀ ချက်ကို သတ်မှတ်ထားရာတွင်

၁။ စိတ်ကောင်းရှိဖို့သည် ပထမ၊

၂။ ဝိနည်းလေးစားဖို့က ဒုတိယ၊

၃။ ကျန်းမာဖို့က တတိယ၊

၄။ သန့်ရှင်းဖို့က စတုတ္ထ၊

၅။ အဝတ်အစား ဝတ်တတ်ဖို့က ပဉ္စမ၊

၆။ အနေအထိုင်တတ်ဖို့က ဆဋ္ဌမ၊

၇။ အသွားအလာတတ်ဖို့က သတ္တမ၊

၈။ အပြောအဆိုတတ်ဖို့က အဋ္ဌမ၊

၉။ စည်းကမ်းလိုက်နာဖို့က နဝမ၊

၁၀။ စာတတ်ဖို့က ဒသမ ဟူ၍ သတ်မှတ်ထားပါ၏။

ကမ္ဘာသိ ကျော်ကြားသော ဗုဒ္ဓစာပေကျမ်းဂန် သင်ကြားမှု ကျောင်းတော်ကြီးတွင် စည်းကမ်းသတ်မှတ်ရာတွင် စိတ်ကောင်းရှိဖို့ကိစ္စကို ပထမ ထားရှိပါ၏။ စိတ်ကောင်းရှိဖို့ဆိုသော စကားရပ်ကို ရှင်းလင်းရာတွင် ဆရာတော်ကြီး အရှင်ဇနကာဘိဝံသက

'ထင်ရှားသော လောဘ၊ ဒေါသ၊ မာန၊ ဣဿာ မစ္ဆရိယ တစ်စွန်းတစ်စ မပေါ်အောင် စိတ်ကို အမြဲ စောင့်ရှောက်စေခြင်း၊ ဗုဒ္ဓနုဿတိ စသော ဘာဝနာ

http://swanbros.blogspot.com



တစ်မျိုးမျိုးဖြင့် ငယ်ရွယ်စဉ်မှစ၍ တဖြည်းဖြည်း စိတ်ကို ရင့်လာအောင် ပြုပြင်ခြင်း'

ဟု အဓိပ္ပာယ်ဖွင့်ဆို ရှင်းလင်းခဲ့ပါ၏။

မကြာသေးမီက စင်ကာပူနိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်း ဝါရင့် ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သူ လီကွမ်ယုက စင်ကာပူနိုင်ငံ၏ ပညာရေးစနစ်နှင့်ပတ်သက်၍ ပြောကြားရာတွင်

'မိမိတို့လူငယ်များသည် အဆင့်မြင့်နည်းပညာများကိုချည်း သင်ကြားနေရာမှ ခေတ်သစ်ကမ္ဘာတွင် ရုပ်ကြမ်းအယူအဆများ စွဲကပ်လာနိုင်သည်။ ထို့ကြောင့် လောကနီတိဆိုင်ရာ သင်ခန်းစာများကို ယခုကတည်းက လူငယ်များအား သင်ကြားပေးရန်'

ပြောဆိုခဲ့ပါ၏။ သို့တိုင်အောင် စင်ကာပူနိုင်ငံ၏ ပညာရေးစနစ်သည် အတတ်ပညာဖွံ့ဖြိုးရေး၊ စာရိတ္တကောင်းမွန်ရေး၊ ကိုယ်လက်ကြံ့ခိုင်ရေးတို့ကို ညီညွတ်မျှတ စွာ ဦးတည်ထားသော ပညာရေးစနစ် ဖြစ်ပါ၏။

ယနေ့ မြန်မာသည် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ဝင်ရောက်နိုင်ရန် ကြိုးစား အားထုတ်နေသော အချိန်ဖြစ်သည်။ ကမ္ဘာကလည်း မြန်မာဆိုတာ ဘာလဲဟု စတင်စူးစမ်းနေချိန်ဖြစ်သည်။ မြန်မာသည် ဇာတိသွေး ဇာတိမာန် ရှိသော၊ ထူးခြားသော ကိုယ်ရည်ကိုယ်သွေးရှိသော လူမျိုးဖြစ်သည်။

http://swanbros.blogspot.com



## ရိုးသားမှုရှိမှ အကောင်းဆုံးရ

ယခုကဲ့သို့ မြန်မာတို့ ကမ္ဘာ့နယ်ပယ်အသီးသီးသို့ ဝင်ဆံ့နိုင်ရေးအတွက် ကြိုးစားရာတွင် ရိုးသားမှု **SINCERITY** နှင့် အရင်းတည်ရမည်ဖြစ်သည်။ ရိုးသားမှု ဆိုသည်မှာ အကောင်းဆုံးဖြစ်ရုံသာမက အခြားရွေးချယ်ဖွယ်မရှိသည့် တစ်ကြောင်းတည်းသောလမ်း ဖြစ်ပါ၏။

ဒီနေ့ကာလတွင် ကမ္ဘာ့အလယ်တွင် ထည်ထည် ဝါဝါ ဝင်ရောက်လိုပါက ပထမဆုံး တည်ဆောက်ရမည့် အရာမှာ အရည်အသွေးပင် ဖြစ်သည်။ အကောင်းဆုံး အရည် အသွေးကို ရိုးသားမှုနှင့်မှတစ်ပါး အခြား ဘာနှင့်မျှ တည် ဆောက်၍ မရပေ။ ရိုးသားမှုသည် အရည်အသွေး ၏ တစ်ခုတည်းသော မှတ်ကျောက်ဖြစ်ပါ၏။ ရိုးသား မှုမှတ်ကျောက်တွင် အထင်မခံနိုင်သော မည်သည့်ကိစ္စ မည်သည့် ပစ္စည်းမျှ အရည်အသွေးကို တည်ဆောက်နိုင် မည် မဟုတ်ပါ။

နိုင်ငံတည်ဆောက်ရာတွင် သဘာဝ သယံဇာတ ပေါကြွယ်ဝမှုသည် အားသာချက်တစ်ခုဖြစ်သလို လူ့ အရင်းအမြစ် ဖွံ့ဖြိုးရေးမှာလည်း မရှိမဖြစ် အရေးကြီး သောအရာဖြစ်၏။ လူအရင်းအမြစ် ဖွံ့ဖြိုးမှုကို တည် ဆောက်ရန် မဖြစ်မနေ ပါဝင်ရမည့်အရာသည် ရိုးသား မှုဖြစ်၏။ ရိုးသားမှုမပါဘဲ လူ့အရင်းအမြစ်ဖွံ့ဖြိုးအောင် မည်သို့မှ တည်ဆောက်နိုင်မည် မဟုတ်။ လူ့အရင်း အမြစ် ဖွံ့ဖြိုးမှုကို ရိုးသားမှုဟူသော ပေတံနှင့်သာ တိုင်းတာကြရမည်။

http://swanbros.blogspot.com



ထို့ကြောင့် အမိနိုင်ငံအား ဖွံ့ဖြိုးအောင်၊ ကမ္ဘာ့အဆင့်မီ နိုင်ငံတစ်ခုဖြစ်အောင် တည်ဆောက်ကြရာတွင် အရိုးဆုံးနည်းဖြစ်သော ရိုးသားမှု တည်ဆောက်မှုကို စတင်လုပ်ဆောင်မှသာ အကောင်းဆုံး အရည်အသွေး ပြည့်အရာကို ရမည်ဖြစ်ပါသည်။

## အရည်အသွေး တည်ဆောက်ရာတွင် အဓိက လိုအပ်ချက်

မြန်မာနိုင်ငံတွင် အရည်အသွေးကို တည်ဆောက်မည်ဆိုပါက ပထမဆုံး လေ့ကျင့်ပေးရမည့်အရာသည် သီလ ဖြစ်ပါသည်။ သီလကို တစ်နည်းအားဖြင့် စေတနာဟုလည်းခေါ်နိုင်သည်။ စေတနာသည် စိတ်ကို စေ့ဆော်မှုပြုသည်။ သီလနှစ်မျိုးရှိ၍ ယင်းတို့မှာ -

(က) ရှောင်ကြဉ်ရမည့်သီလ - ဝါရိတ္တသီလနှင့်

(ခ) ပြုကျင့်ရမည့်သီလ - စာရိတ္တသီလတို့ ဖြစ်၏။

ရှောင်ကြဉ်ရမည့် သီလမှာ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ မုသားစကားပြောခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊ ဥပဒေအရ ပညတ်ထားသောအရာများကို မကျူးလွန်ခြင်းတို့သည် ရှောင်ကြဉ်ရမည့် သီလ ဝါရိတ္တသီလကို စောင့်ထိန်းခြင်းဖြစ်၏။

http://swanbros.blogspot.com



ပြုကျင့်ရမည့် သီလမှာ စာရိတ္တသီလဖြစ်၍ မိဘက မိဘဝတ္တရား၊ အုပ်ချုပ်သူက အုပ်ချုပ်သူ၏ တာဝန်၊ သားသမီးက သားသမီးဝတ္တရား၊ ကုန်သည်က ကုန်သည် တာဝန်၊ မင်းမှုထမ်းက မင်းမှုထမ်းတာဝန်၊ တပ်မတော် သားက မိမိပြုကျင့်ရမည့် တပ်မတော်သားတို့၏ ဝတ္တရား၊ ပြည်သူက ပြည်သူ့တာဝန်၊ ရှေ့နေက ရှေ့နေအလုပ်၊ တရားသူကြီးက တရားသူကြီး၏တာဝန်များကို ကျေပွန် ခြင်းသည် ပြုကျင့်ရမည့် သီလ စာရိတ္တသီလကို စောင့်ထိန်းခြင်း ဖြစ်ပါ၏။

အလုံးစုံအရည်အသွေး **TOTAL QUALITY CON-TROL** ၏ အဓိကတာဝန်မှာ သီလဆောက်တည်ရန် ဖြစ်သည်။ ဝန်ထမ်းသည် မိမိထမ်းဆောင်ရမည့် တာဝန် ကို တိကျစွာလိုက်နာခြင်းသည် သီလကို ဆောက်တည် ခြင်း၊ အရည်အသွေးကို တည်ဆောက်ခြင်းဖြစ်သည်။ ဝန်ထမ်းတစ်ဦးသည် ခိုကပ်မည်၊ လာဘ်လောဘမျှော်၍ လုပ်ဆောင်မည်၊ လက်ဆောင်ပစ္စည်းပေးမှ လုပ်မည် ဆိုပါက ထိုသူသည် တာဝန်ပျက်ခြင်း၊ သီလမဲ့ခြင်း၊ အရည်အသွေးမရှိခြင်း ဖြစ်၏။

ကုမ္ပဏီနှစ်ခု ဆက်စပ်လုပ်ဆောင်ကြရာတွင် သူ့ တာဝန်ကို ကိုယ့်တာဝန် ခွဲခြားထားရာ နှစ်ဖက်စလုံးက တာဝန်ကျေပွန်ရန်လိုသည်။ သို့မှသာ ထိုကုမ္ပဏီနှစ်ခု သည် အရည်အသွေးပြည့်ဝသော ကုမ္ပဏီများဟု ဆိုနိုင် သည်။

http://swanbros.blogspot.com



ပြည်သူများသည် မိမိတို့ လုပ်ဆောင်ရမည့် တာဝန်များကို ကျေပွန်၍ အစိုးရများသည်လည်း မိမိတို့ လုပ်ဆောင်ရမည့် တာဝန်များကို ကျေပွန်ပါမှ အရည်အသွေးရှိသော ပြည်သူနှင့် အစိုးရဟု ခေါ်ဆိုနိုင်ပါ၏။ အရည်အသွေး ပြည့်စုံရေးအတွက် (ဝါ) အကျင့်သီလ ပြည့်စုံရေးအတွက် လိုအပ်ချက်မှာ

(က) စေတနာ သဒ္ဓါတရား

(ခ) စောင့်ထိန်းရမည့် သစ္စာနှင့်

(ဂ) အားထုတ်လုပ်ဆောင်ရမည့် ဝီရိယဟု ဆိုပါ၏။

ကုန်ပစ္စည်းတစ်ခုကို ထုတ်လုပ်ရာတွင် စေတနာကလည်း မမှန်၊ စားသုံးသူအပေါ် ထားရှိရမည့် သဒ္ဓါတရားကလည်းမရှိ၊ အမှန်အကန် အသုံးပြုရမည့် ပစ္စည်းများကို မသုံး၊ သစ္စာမဲ့စွာ လုံ့လဝီရိယ ကြိုးစားမှု မရှိဘဲ ထုတ်ဝေသော မည်သည့်ပစ္စည်းမဆို အရည်အသွေးရှိသော ပစ္စည်းများ ဖြစ်မလာနိုင်ပါ။

**EVERY COUNTRY; HER glory depends on her citizens.** ခေတ်မီဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကျမ်းများကို ရေးခဲ့သူ **တွန်ဗဲလက်စီနီယာ Tom Valliette Sr.** က ဆိုခဲ့ရာ အမိမြန်မာနိုင်ငံတော်ကြီး အရည်အသွေးရှိလာရေးအတွက် ပြည်သူအပေါင်းက အထူးကြိုးစားကြံရမည် ဖြစ်ပါသည်။

http://swanbros.blogspot.com



## အလုပ်မှလစ်လာသည့် လူငယ်

တစ်နေ့တွင် ကျွန်တော်နှင့် မကင်းရာမကင်း ကြောင်း လူငယ်တစ်ယောက်သည် ကျွန်တော့်စာအုပ် တိုက်သို့ ရောက်ရှိလာပြီး သူ့ကုမ္ပဏီတွင် အလုပ်တွေ များနေသည့်ကြားမှ လစ်ထွက်လာခြင်းဖြစ်ကြောင်း မြိန်ရေရှက်ရေ ပြောနေပါသည်။ ပထမတော့ ခဏ သည်းခံ၍ နားထောင်နေသေးသော်လည်း လစ်ထွက် လာသောကိစ္စကို ထိုလူငယ်က မိမိ၏ အရည်အချင်း အဖြစ် ဂုဏ်ယူကာ ဆက်ပြောနေသဖြင့် ကျွန်တော် သည် ထိုလူငယ်နှင့် စကားပြောရတော့၏။

'ငါ့တူက အလုပ်ချိန်မှာ အလုပ်မလုပ်ဘဲ လစ်ထွက် လာတာကို ဂုဏ်ယူပြီး ပြောနေတယ်။ တကယ်တော့ အဲဒီကိစ္စဟာ ငါ့တူ သီလပျက်တဲ့ကိစ္စ၊ ဂုဏ်ယူရမယ့် ကိစ္စမှ မဟုတ်တာဘဲ'ဟု ကျွန်တော်က ဆိုတော့ 'အလုပ်ခွင်က လစ်လာတာနဲ့ သီလက ဘာဆိုင်လို့လဲ အန်ကယ်ရာ'ဟု ဆိုပါသည်။

ကျွန်တော်တို့သည် များသောအားဖြင့် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ စသည်ဖြင့် ရှောင်ကြဉ်ရ မည့် ကိစ္စများကိုသာ သီလဟု မှတ်ယူနေကြသည်။ တကယ် တမ်း လိုက်နာကျင့်သုံးဆောင်ရမည့် ကိစ္စအချို့ ကို သီလဟူ၍ မမှတ်ယူဘဲ အမှတ်မထင် နေကြပါ၏။ သီလတွင် နှစ်မျိုးရှိ၏။ တစ်မျိုးမှာ ရှောင်ကြဉ်ရမည့်

http://swanbros.blogspot.com



သီလဖြစ်၍ အခြားတစ်မျိုးမှာ ဆောင်ရမည့်သီလ၊ လိုက်နာပြုကျင့်ရ မည့်သီလ ဖြစ်၏။ ရှောင်ရမည့်သီလသည် ဝါရိတ္တသီလဖြစ်၍ ပြုကျင့်ရမည့် သီလသည် စာရိတ္တသီလ ဖြစ်သည်။

ရှောင်ရမည့်သီလကို လူတိုင်းသိကြသည်။ ဆောက်တည်ကြသည်။ သူ့ပစ္စည်း မခိုးယူရ၊ သူတစ်ပါးအသက်ကို မသတ်ရ၊ သူတစ်ပါးအိမ်ရာကို မကျူးကျော်ရ၊ သေရည်နှင့် မူးယစ်စေသောအရာကို မသုံးစွဲရ၊ လိမ်လည်လှည့်ဖြား၍ မပြောဆိုရဟူသော ငါးပါးသော ရှောင်ကြဉ်ရမည့်အရာကို ငါးပါးသီလဟုခေါ်၍ ယင်းသည် ဝါရိတ္တသီလဖြစ်၏။ မပြုလုပ်ရမည့် ထိုအရာများကို မပြုလုပ်ခြင်းသည် ဝါရိတ္တသီလကို ဆောက်တည်ခြင်းမည်၏။

## ဆောင်ရမည့် သီလ

တစ်ဖန် လူ့ဘဝတွင် မိမိတို့ပြုကျင့်ရမည့် တာဝန်များ၊ ဝတ္တရားများလည်း ရှိနေ၏။ သားသမီးက သားသမီးဝတ္တရား၊ မိဘက မိဘဝတ္တရား၊ လင့်ဝတ္တရား၊ မယားဝတ္တရား၊ မင်းပုဏ္ဏား အကြီးအကဲတို့၏ ဝတ္တရား၊ ရဟန်းသံဃာက ရဟန်းသံဃာတို့ ဆောင်ရွက်ရမည့် တာဝန်နှင့် ဝတ္တရား များရှိသလို အစိုးရကလည်း အစိုးရဝတ္တရား၊ ပြည်သူ ကလည်း ပြည်သူ့ဝတ္တရားများ ရှိကြသည်။ ဝန်ထမ်းကလည်း ဝန်ထမ်း၏ တာဝန်နှင့် ဝတ္တရား

http://swanbros.blogspot.com



များ ရှိကြပြီး ကုမ္ပဏီဝန်ထမ်း၊ စက်ရုံဝန်ထမ်း၊ နေ့စား အလုပ်သမား၊ စာရေးစာချီ၊ ဈေးသည် ဈေးရောင်း ခေါင်းရွက်ဗျက်ထိုးကအစ ဆိုင်ရာဆိုင်ရာ တာဝန်နှင့် ဝတ္တရားများ အသီးသီးရှိကြ၏။

တစ်ဖန် မန်နေဂျာများ၊ ဧည့်ကြို၊ ကြီးကြပ်သူ၊ ယာဉ်မောင်း၊ ညစောင့်ကအစ မိမိတို့တာဝန်၊ မိမိတို့ဝတ္တရားများ အသီးသီးရှိကြ၏။ ထိုကဲ့သို့ အသီးသီး အသက အသက တာဝန်နှင့် ဝတ္တရားများရှိရာတွင် မိမိတာဝန်ယူထားသည့် ရာထူးဌာနနှင့်အညီ ထိုတာဝန်နှင့် ဝတ္တရားများကို ကျေပွန်အောင် ထမ်းဆောင်ကြရမည်။ ထိုသို့ မထမ်းဆောင်ကြပါက ထိုမထမ်းဆောင်မှုသည် တာဝန်ပျက်မှု၊ ဝတ္တရား လစ်ဟင်းမှု၊ သီလပျက်မှုပင်ဖြစ်၏။ ထိုသီလပျက်မှုကို စာရိတ္တ သီလပျက်ခြင်းဟု ခေါ်၏။ စာရိတ္တသီလပျက်ခြင်းသည် အကျင့်ပျက်ခြင်းပင်ဖြစ်၍ အကျင့်မကောင်းခြင်းနှင့် အတူတူပင်ဖြစ်သည်။

မြန်မာလူငယ်တစ်ယောက်ဖြစ်ပါလျက် အလုပ်မှ လစ်ထွက်လာခြင်းကို မြိန် ရေရှက်ရေ ပြောဆိုနေသည်မှာ ရှက်စရာကောင်း၏။ ရှက်စရာကောင်းသည်ကို ထိုလူငယ်သည် ရှက်စရာကောင်းမှန်း မသိ၍ ပြောဆိုနေခြင်းပါ။ ဤသည်မှာ အရည်အသွေးမဲ့ခြင်း ဖြစ်၏။

တစ်ဖန် အဖွဲ့အစည်းများ၊ ရုံးဌာနများတွင် မိမိတို့ အဖွဲ့အစည်း၏ သီးခြားစည်းမျဉ်းများ ရှိကြ၏။ထိုစည်းမျဉ်း

http://swanbros.blogspot.com



တို့မှာ ငွေကို ဘယ်လိုထုတ်ရမည်၊ ငွေကို ဘယ်လိုသိမ်းရမည်ဆိုသော ဖွဲ့စည်းမှုစည်းမျဉ်းရှိရာ ထိုစည်းမျဉ်းများကို လိုက်နာမှုမရှိခြင်းသည်လည်း တာဝန်လစ်ဟင်းခြင်း၊ သီလပျက်ခြင်းပင် ဖြစ်သည်။

ဝန်ထမ်းတစ်ယောက်သည် အလုပ်ခိုကပ်ခြင်း၊ တာဝန်ကို ထိရောက်စွာ မထမ်းဆောင်ခြင်း၊ လာဘ်လာဘ မှေ့ာ်ကိုးလုပ်ဆောင်ခြင်းတို့သည် ပြုကျင့်လိုက်နာစောင့်ထိန်းရမည့် သီလပျက်ကွက်ခြင်း ဖြစ်၏။ မိမိ၏တာဝန်နှင့် ဝတ္တရားကို ကျေပွန်စွာထမ်းဆောင်မှုသည် စာရိတ္တသီလကို နေ့စည်မပြတ် စောင့်ရှောက်သူဖြစ်၍ နတ်ပြည် နတ်ရွာသို့ ရောက်၏။ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းဌာနများ၊ အလုပ်ခွင်များ၊ ကုမ္ပဏီများ၊ ကော်ပိုရေးရှင်းများတွင် အုပ်ချုပ်သူက အုပ်ချုပ်သူတာဝန်၊ ဝန်ထမ်းက ဝန်ထမ်းတာဝန် အသီးသီး တာဝန်ကျေရမည် ဖြစ်သည်။

မိမိနိုင်ငံကို မိမိမြတ်နိုးခြင်း၊ မိမိယဉ်ကျေးမှုကို မိမိမြတ်နိုးခြင်း၊ မိမိရပ်ရွာ၊ မိမိဇာတိကို စောင့်ရှောက်ခြင်း၊ အမျိုးကိုချစ်ခြင်း၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိခြင်းသည် သီလရှိခြင်းဖြစ်၍ မြန်မာနိုင်ငံသား ဖြစ်ပါလျက် မြန်မာ့ယဉ်ကျေးမှုကို အထင်သေးခြင်း၊ ဇာတိသွေး၊ ဇာတိမာန်မရှိခြင်းတို့သည်လည်း သီလပျက်ခြင်းမည်၏။

http://swanbros.blogspot.com



စာရိတ္တသီလနှင့် ပြီးပြည့်စုံရန် လူတစ်ယောက်တွင်

(၁) သဒ္ဓါတရား

(၂) သစ္စာတရားနှင့်

(၃) ဝီရိယတရားတို့ လိုအပ်ပါ၏။

သဒ္ဓါ သစ္စာနှင့် ဝီရိယမရှိဘဲ စာရိတ္တသီလသည် မခိုင်မြဲနိုင်ချေ။ ကုမ္ပဏီမှ လစ်ထွက်လာသော လူငယ်သည် လစ်ထွက်လာခြင်းသည် သဒ္ဓါနှင့်ဝီရိယပျက်သုဉ်းခြင်း ဖြစ်၍ မိမိ ထိုသို့ လစ်ထွက်လာမှုအား မြိန်ရေရှက်ရေ ပြောခြင်းသည် သစ္စာမဲ့ခြင်းဖြစ်သည်။

## ရစ်မသည် ဥကို စောင့်ဘိသကဲ့သို့

သီလဟူသည် လူတစ်ဦးခြင်း၏ ခွန်အားဖြစ်သလို အလှတရားလည်း ဖြစ်သည်။ သီလပျက်ခြင်းသည် လူ၏ အလှပျက်ခြင်းဖြစ်၏။ ပညာရှိ သူတော်ကောင်းတို့က

- ရစ်မသည် မိမိ၏အသက်ကို စွန့်၍ ဥကို စောင့်ရှောက်သကဲ့သို့၊
- စာမရီသားကောင်သည် မိမိအသက်ကိုစွန့်၍ မြီးဆံကို စောင့်ရှောက်သကဲ့သို့၊
- သားတစ်ယောက်တည်းရှိသူ မိခင်သည် တစ်ယောက်တည်းသော သားကို စောင့်ရှောက်သကဲ့သို့၊

http://swanbros.blogspot.com



- မျက်စိတစ်ဖက်တည်းသာ အကောင်းရှိသူသည် ထိုတစ်ဖက်တည်းသော မျက်စိကို အရေးယူစောင့်ရှောက်သကဲ့သို့
- လူသည် သီလကို စောင့်ထိန်းရာ၏ဟု ဆုံးမ၏။
- သီလပျက်သူတို့နှင့်ယှဉ်တွဲပူးပေါင်း၍ လုပ်ငန်းတစ်ရပ်ရပ်ကိုလည်းကောင်း၊ ကုမ္ပဏီတစ်ခုကိုလည်းကောင်း၊ ဘဝတစ်ခုကိုလည်းကောင်း၊ နိုင်ငံတစ်နိုင်ငံကိုသော်လည်းကောင်း မတည်ဆောက်နိုင်။ တည်ဆောက်မှု အရပ်ရပ်ကို သီလဖြင့်တည်ဆောက်မှ အောင်မြင်ရာ၏။

ရွှေ ငွေ ပတ္တမြား ပုလဲ စသော ရတနာများ၊ အဝတ်တန်ဆာများသည် အချိန်အားဖြင့် သာယာလှပတင့်တယ် ရှုချင်ဖွယ်ဖြစ်၏။ ဆန်းပြားလှပသော အဝတ်အထည်များသည် လူငယ်လူရွယ်တို့နှင့်သာ တင့်တယ်၏။ အိုမင်းရင့်ရော်သူတို့နှင့် မတင့်တယ်။ အိုမင်းသူတို့သည် မိမိတို့အရွယ်နှင့်လိုက်သော အဝတ်ကိုသာ ဝတ်ဆင်ရ၏။ ထိုသို့မဟုတ်ပါက ကဲ့ရဲ့ဖွယ်ဖြစ်၏။

သို့သော် သီလဆိုသော အရာသည်ကား လူကြီးလူငယ် လူလတ် ကျားမ အရွယ်မရွေး ဆင်မြန်း၍ တင့်တယ်သော အဆင်တန်ဆာဖြစ်သည်ဟု ပညာရှိတို့က ဆို၏။

http://swanbros.blogspot.com



သီလကို တစ်နည်းဖြင့် စေတနာဟုလည်း ခေါ်၏။ စေတနာမပါဘဲ သဒ္ဓါတရား၊ သစ္စာတရားနှင့် ဝီရိယတရားတို့ ဖြစ်ပေါ်ရန် ခဲယဉ်း၏။ စေတနာ၏ စေ့ဆော်မှုဖြင့် သဒ္ဓါတရားသည် ဖြစ်ရ၏။ သစ္စာတည်ကြည်မှုသည်ရ၏။ ဝီရိယသည် နိုးကြား၏။

ထို့ကြောင့် ကျွန်တော်တို့သည် သီလကို ဆောက်တည်ကြရမည် ဖြစ်သည်။ ပြုကျင့်မည့်သီလကို မပြုကျင့်ခြင်းသည် ငါးပါးသီလ၊ ဆယ်ပါးသီလ စသောခါးဝတ်ပုဆိုးကဲ့သို့ စွဲမြဲစွာ ဝတ်ဆင်ရမည့် သီလပျက်ခြင်းနှင့် ထပ်တူထပ်မျှပင် အပြစ်ကြီး၏။ ပြုကျင့်ရမည့် သီလ ပျက်ကွက်ပါက ပို၍ဆိုးသောအရာမှာ လုပ်ငန်းခွင် ပျက်ကွက်ခြင်း၊ ကျေးဇူးတရား ပျက်သုဉ်းခြင်း၊ သစ္စာမဲ့ခြင်းတို့ဖြစ်ရ၍ အရာရာ ယိုယွင်းဆုံးရှုံး ပျက်စီးတတ်ပါ၏။

ယနေ့အချိန်အခါသည် နိုင်ငံတော်ကိုတည်ဆောက်နေချိန်ဖြစ်သည်။ အားနှင့်ခွန်နှင့် လုံ့လဝီရိယ ဖွဲသတ္တိတို့ကို သုံး၍ ၂၁ ရာစု ရွှေကမ္ဘာတွင် 'မြန်မာဟေ့' ဟု ကြွေးကြော်လုပ်ဆောင်ရမည့် ကာလတွင် အလုပ်မှ လစ်ထွက်လာသည်ဟု ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုရမည့် အချိန် မဟုတ်။ နိုင်ငံတော် တစ်နံတစ်လျားတွင် အထက်အောက်မကျန် နိုင်ငံတော်၏ ဝန်ထမ်းများကလည်း နိုင်ငံတော်ဝန်ထမ်းအလျောက်၊ ကုမ္ပဏီဝန်ထမ်းများက

http://swanbros.blogspot.com



လည်း ကုမ္ပဏီဝန်ထမ်းအလျောက် မိမိတို့ ပြုကျင့်ရမည့် စာရိတ္တ သီလကို စောင့်ထိန်းပါမှ ၂၁ ရာစုတွင် နိုင်ငံ တကာနှင့် ရင်ပေါင်တန်းနိုင်၍ ကမ္ဘာမှာ မြန်မာဟု ဝင့်ကြွားနိုင်မည်သာ ဖြစ်ပါသည်။

## ပန်းထိမ်မတတ်ခင် ရွှေခိုးသင်

ကျွန်တော်သည် လူငယ်တစ်စုအား နိုင်ငံခြား ကုမ္ပဏီတစ်ခုနှင့် မိတ်ဆက်ပေးဖူးသည်။ မမျှော်လင့်ဘဲ သူတို့ အလုပ်ဖြစ်သွားကြသည်။ ထိုလူငယ်များက ယင်း နိုင်ငံခြားကုမ္ပဏီသို့ ငရုတ်သီးအမှုန့်များ တင်ပို့ပေးရ သည်။ ထို့ကြောင့် လူငယ်များသည် နိုင်ငံခြားငွေ မြိုးမြိုးမြက်မြက်လေး ရသည်။ တစ်နှစ်လောက်ကြာပြီး တော့ နိုင်ငံခြားကုမ္ပဏီက ထိုလူငယ်များထံမှ ငရုတ်သီး နှင့်နနွင်းမှုန့် ဝယ်ယူမှုကို ရပ်ဆိုင်းလိုက်သည်။ အကြောင်း ရင်းကို မေးကြည့်တော့ လူငယ်များသည် ပထမပိုင်းတွင် အရည်အသွေးရှိ ငရုတ်သီးမှုန့်များကို ပေးသွင်းသော် လည်း နောက်ပိုင်းတွင် ဖလံဖြူများရော၊ ငရုတ်သီး အညှာနှင့် အရိုးများကိုပါ ကြိတ်ထည့်ရောရာမှ အရည် အသွေးမမီတော့၍ မဝယ်ဟု ဆိုပါ၏။ အခုတော့ ထိုလူငယ်တစ်စုလည်း အလုပ်မရှိတော့။ ပြည်တွင်း၌ သာ ရှာစားနေကြရ၏။ ထိုသူတို့သည် ပန်းထိန်မတတ် ခင်က ရွှေခိုးသင်သူများဟု ဆိုနိုင်ပါ၏။

ပန်းမျိုးတစ်ရာ စာပေ

http://swanbros.blogspot.com



တခြားမိတ်ဆွေတစ်ဦး၏ မကြာသေးမီက အဖြစ်က မြန်မာပြည်က ပဲမျိုးစုံကို တောင်ကိုးရီးယားသို့ ပို့သည်။ တောင်ကိုးရီးယားရောက်တော့ ပေးပို့လိုက်သော ပဲများသည် ခဲများ၊ အမှိုက်များ မသန့်စင်၍ ပစ္စည်းများကို မြန်မာပြည်သို့ ပြန်ပို့သည်။ သန့်စင်အောင်လုပ်ပြီးမှ ကိုးရီးယားသို့ ပြန်ပို့ရန်ဖြစ်၏။ ပြန်ပို့စရိတ်ကို တစ်ယောက်တစ်ဝက်စီ ခံကြရမည်ဟု ဆို၏။ ထိုဖြစ်ရပ်က လုံးဝ မိတ်ပျက်မသွားသော်လည်း နှစ်ဖက်စလုံးအတွက် သင်္ဘောစရိတ် အပိုကုန်ခြင်း၊ အချိန်ကုန်ခြင်းများ ဖြစ်ရသည်။

ကြိမ်နှင့်ဝါးဖြင့်လုပ်သော တူများ တင်ပို့ရာတွင်လည်း အလားတူအဖြစ်အပျက်မျိုးများကို ကြားရသည်။

၂၁ ရာစုတွင် နိုင်ငံတကာနှင့် ဆက်ဆံရာတွင် အပြန်အလှန် ရိုးသားကြမှ၊ အစွမ်းကုန် အရည်အသွေးတည်ဆောက်ကြမှ အလုပ်ဖြစ်နိုင်ကြမည် ဖြစ်သည်။ သို့မဟုတ်ပါက ဖော်ပြပါအတိုင်း ဖောက်သည်ဆုံးရှုံးမှုကိစ္စများနှင့် မလွဲမသွေ ကြုံတွေ့ရမည်။ ဈေးကွက်စီးပွားရေးစနစ်တွင် ဖောက်သည်ဆုံးရှုံးခြင်းသည် စီးပွားပျက်ခြင်းဖြစ်သည်။ ကျွန်တော်တို့သည် ဖောက်သည်ကိုတည်ဆောက်ရာတွင် ရိုးသားမှု၊ အရည်အသွေးရှိမှုတို့ကို လက်ကိုင်ထားကာ တည်ဆောက်ပါက ရေရှည်ဖောက်သည်ရနိုင်မည်။

http://swanbros.blogspot.com



## ၂၁ ရာစု၏ ရင်းနှီးမြှုပ်နှံမှု

၂၁ ရာစုတွင် လူသားများသာ အသိဉာဏ်ရှိကြသည်မဟုတ်။ လူသားတို့နေထိုင်သော အဆောက်အအုံများပင်လျှင် အသိဉာဏ်ရှိကြသည်။ ခေတ်သစ်လူသားသည် **INTELIGENT BUILDING** ခေါ် အသိဉာဏ်ရှိသော အဆောက်အအုံများတွင်သာ နေကြမည်ဖြစ်၏။ လူသားတို့သည် ၂၁ ရာစုတွင် မိမိတို့နေထိုင်သော အဆောက်အအုံများ၊ နေအိမ်များကို တယ်လီဖုန်း၊ ဖက်(စ)၊ အင်တာနက်၊ အီးမေ(လ်)၊ တီွဗွီလိုင်းများ၊ လျှပ်စစ်လိုင်းများ တပ်ဆင်ထားကြမည် ဖြစ်၏။ ထို့ကြောင့်လည်း ဤကမ္ဘာကြီးကို 'ချိတ်ဆက်ထားသော ကမ္ဘာ' **WIRE WORLD** ဟု ခေါ်ဆိုကြခြင်းဖြစ်ကြောင်း တင်ပြခဲ့ပြီးဖြစ်၏။

ကမ္ဘာ့ဆက်သွယ်မှုကွန်ယက်သည် နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲလျက်ရှိ၏။ မကြာမီ လူသားသည် အလွန်အားကောင်းသော ဆက်သွယ်ရေးစနစ်များကို အသုံးပြုကာ ကမ္ဘာ့မည်သည့်နေရာတွင်မဆိုရှိသော မိမိတွေ့ဆုံလိုသည့်သူကို ဖန်သားပြင်ပေါ်မှတစ်ဆင့် အလွယ်တကူ မြင်တွေ့စကားပြောနိုင်မည်။ ကွန်ပျူတာတယ်လီဗေးရှင်းဖြင့် ဈေးဝယ်ခြင်း၊ ဆေးကုခြင်း၊ စည်းဝေးခြင်း၊ ကျောင်းသင်ခန်း စာပို့ချခြင်း၊ ဟောပြောခြင်းတို့ကို ပြုလုပ်လာနိုင်ကြတော့မည်။

http://swanbros.blogspot.com



အစည်းအဝေးများကို လူချင်းဆုံတွေ့စရာမလိုဘဲ ဗီဒီယိုကွန်ဖရင့်ဇင်းများ ပြုလုပ်လာကြမည်ဖြစ်ရာ မိမိတို့ကုမ္ပဏီ၊ မိမိတို့ကော်ပိုရေးရှင်းက အမှားတစ်ချက် ပြုလုပ်မိပါက ထိုအမှားကို ဆက်သွယ်မှုကွန်ယက်များမှတစ်ဆင့် ကမ္ဘာအရပ်ရပ်က ချက်ချင်းသိရှိကာ ထိုကုမ္ပဏီ ထိုကော် ပိုရေးရှင်းကို မည်သူမျှ ဆက်သွယ်တော့မည် မဟုတ်ပေ။

ဆက်သွယ်မှုစနစ်များကောင်းလေ ဤကမ္ဘာမြေတွင် ရိုးသားမှု ဖြောင့်မတ်မှုနှင့် အရည်အသွေး တည်ဆောက်မှုတို့သည် ပို၍လိုအပ်လေဖြစ်သည်။ မရိုးဖြောင့်ခြင်း၊ အရည်အသွေးမရှိခြင်းတို့ကို ဆက်သွယ်ရေးကွန်ယက်များမှတစ်ဆင့် လူတိုင်း သိရှိနိုင်မည်ဖြစ်ရာ မိမိတစ်ချက်မှားယွင်းရုံမျှဖြင့် ထိုအမှားသည် ချက်ချင်း ဆက်သွယ်ရေးကွန်ယက်များမှ တစ်ကမ္ဘာလုံးသို့ ဖော်ပြပါအတိုင်း ချက်ချင်း ပြန့်သွားမည်ဖြစ်၏။

ထိုအခါ မိမိ၏ ဖောက်သည်များသည်လည်း နာရီပိုင်းအတွင်း ပြတ်တောက်ကုန်စရာ ရှိ၏။ လောလောဆည်ဖြစ်ရပ်မှာ ကမ္ဘာပေါ်တွင် ဘရစ်စတုန်းတာယာသည် နာမည်ကြီး တာယာကုမ္ပဏီကြီးဖြစ်သည်။ ထိုကုမ္ပဏီမှ ထုတ်လုပ်နေသော ဖယားစတုန်းတာယာများ၏ အရည် အသွေးညံ့ဖျင်းမှုကြောင့် အနှစ် ၁၀၀ ကျော် ဆက်ဆံခဲ့သော ဖောက်သည်ကောင်း မိတ်ဆွေ

http://swanbros.blogspot.com



ဖို့ဒ်ကုမ္ပဏီနှင့် အိုးစားကွဲကာ စီးပွားပျက်သောဘဝနှင့် ကြုံခဲ့ရ၏။

ရှေးအခါက ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြရာတွင် ငွေကြေး၊ ပစ္စည်း၊ အိမ်ယာ၊ မြေ စသည်တို့သည် အရေးကြီးသော ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ ဖြစ်ကြသည်။ ၂၁ ရာစု၌ ရင်းနှီးမြှုပ်နှံမှုပြုကြရာတွင် ငွေ၊ ပစ္စည်း၊ အိမ်ယာ၊ မြေ စသည်တို့ထက်ပို၍ ရှေ့တန်းသို့ ရောက်လာသောအရာများ ပါရှိ၏။ ယင်းတို့မှာ

(က) ရိုးသားမှု

(ခ) အရည်အသွေးနှင့်

(ဂ) သတင်းအချက်အလက်တို့ ဖြစ်သည်။

ရိုးသားမှုသည် အကောင်းဆုံးဖြစ်ရုံသာမက ရှောင်လွှဲ၍မရသော မဖြစ်မနေ လုပ်ဆောင်ရမည့်ကိစ္စလည်း ဖြစ်သည်။ ရိုးသားမှုနှင့် နိုင်ငံတည်ဆောက်ရမည်ဖြစ်၏။

## လယ်တီဆရာတော်ကြီး၏ ဆုံးမစကား

ယနေ့ကမ္ဘာကြီးသည် တစ်နပ်စားပြုလုပ်၍ရသော ကမ္ဘာကြီး မဟုတ်တော့။ မြန်မာနိုင်ငံသည် ယခုမှ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးစနိုင်ငံဖြစ်သည်။ မြန်မာသည် ကမ္ဘာ့ဈေးကွက်တွင် မိမိဝေစုကို ကြိုးစားယူငင်နေရဆဲဖြစ်၏။ ထိုလိုအခါမျိုးတွင် ပန်းထိမ်မတတ်ခင်က ရွှေခိုးသင်သောဖြစ်ရပ်များကို သတိထားရှောင်ဖို့ လိုပါ၏။

ပန်းမျိုးတစ်ရာ စာပေ

http://swanbros.blogspot.com



လောကီစီးပွားရှာရာတွင် ရိုးသားမှုကို အခြေခံရမည်ဆိုသည့်အကြောင်းနှင့် စပ်လျဉ်း၍ လွန်ခဲ့သောအနှစ်တစ်ရာကျော်ကတည်းက လယ်တီဆရာတော်ကြီးသည်ပင် တပည့် ဒကာ ဒကာမတို့အား အလေးအနက်ထား ဆုံးမခဲ့သည်။

ဆရာတော်ကြီးက စီးပွားရေးလုပ်ရာတွင် ဆီထဲတွင် ရေနွေးရော၊ ဆေးရွက်ထဲ ရွက်ခြောက်ညှပ်၊ ရေနံတွင် ရေစွတ်၊ လက်ဖက်တွင် ရေထိုးပြီး ပါးစပ်ကတော့ မိမိတို့ရောင်းချသည့်ကုန် တကယ်ကောင်း အဟုတ်ကောင်း ကျိန်တွယ်၍ ပြောတတ်ကြသည်။ ထိုသို့ လိမ်လည် ကျိန်တွယ်ပြောဆိုသူများသည် အပလီဉာဏ် လောဘနှင့် ဝစီကံစောရများ ဖြစ်သည်ဟု လယ်တီဆရာတော်ကြီးက ရိုးရိုးနှင့် ရှင်းရှင်း ဆုံးမခဲ့၏။

'ဆီထဲမှ ရေနွေး
ဆေးရွက်မှာ ရွက်ချပ်
ဗျပ်ထဲမှာ မုရင်းဆန်
ရေနံမှာ ရေရော
လက်ဖက်မှာ ရေကူ
ဘယ်ကုန်မျိုး မတူပြီ
တူသာတူ ပေသာပေ
ညစ်နည်းတွေ ကိုယ်စီနှင့်
အပလီဉာဏ် လောဘ

http://swanbros.blogspot.com



ဝစီကံ စောရများ ’. . . ကဲ့သို့ဟူ၍ ဆုံးမရုံသာမက ဆရာတော်ကြီးက ထိုကဲ့သို့ လုပ်ဆောင်၍ စီးပွားရှာသူများကို

‘သပွတ်အူ အသက်မွေးမှုဖြင့်
အပြောက ဝတီဘုံ
မနောက ကလိမ်ချုံ
သူတော်ယောင် တစ်ဖက်လှ
ပါးစပ်ပြောက ပျားသကာ
စာတ်သဘောက ခါးတမာ
မပြုသာလျှင် ငရဲကြောက်
ပြုသာလျှင် အလဲအမှောက်
ပြုကြသည်ကိုရှောင်၍

အာဇီဝ ဖြူဖြူနှင့် တရားနှင့်ညီညွတ်သော အသက်မွေးမှုကို လုပ်ဆောင်ရန်’ ဆုံးမခဲ့၏။

ဆရာတော်ကြီး၏ မေတ္တာစာသည် လွန်ခဲ့သော အနှစ် ၁၀၀ ကျော်က တပည့်ဒကာများကို ဆုံးမခဲ့သော်လည်း ယနေ့ ကမ္ဘာ့စီးပွားရေးကြီးထဲသို့ မြန်မာတို့ တိုးဝင်လုပ်ဆောင်နေသည့် မျက်မှောက်ကာလကို ဆုံးမထားသည့်အလား ခေတ်မီ၍နေပါ၏။

ယနေ့ကာလသည် ကမ္ဘာ့စီးပွားရေးနယ်ပယ်သို့ တိုးဝင်ဆံ့နိုင်အောင် ကြိုးစားနေရသောကာလဖြစ်သည်။ ထိုအချိန်မျိုးတွင် ကမ္ဘာ့စီးပွားရေးနယ်ပယ်အရပ်ရပ်တွင် ဖောက်သည်သစ်များ တိုးပွားအောင်၊ ရရှိပြီးသား

http://swanbros.blogspot.com



ဖောက်သည်ဟောင်းများ မပျက်ရအောင် ကြိုးစားကြရမည် ဖြစ်၏။ ကမ္ဘာ့ဆက်သွယ်ရေး ကွန်ယက်များဖြင့် နတ်မျက်စိရနေသော မျက်မှောက်ခေတ်ကာလတွင် ကမ္ဘာ့စီးပွားရေးနယ်ပယ်၌ မိမိတို့ဝေစု၊ မိမိတို့နေရာကို ဝင်ရောက်တိုးချဲ့ နေရာယူကြရာတွင် လယ်တီဆရာတော်ကြီး ဆုံးမတော်မူခဲ့သည့်အတိုင်း အာဇီဝဖြူဖြူနှင့် တရားနှင့်ညီညွတ်သော အသက်မွေးမှုကိုပြုမှ ကမ္ဘာ့အလယ်တွင် မိမိတို့အတွက် ထိုက်တန်သည့် နေရာတစ်နေရာ ရနိုင်မည် ဖြစ်ပါသည်။

## ကိုရီးယားနိုင်ငံ၏ အရည်အသွေး တည်ဆောက်မှု

တောင်ကိုရီးယားနိုင်ငံသည် ထွန်းသစ်စ အရည်အသွေးရှိသော စက်မှုနိုင်ငံတစ်နိုင်ငံဖြစ်သည်။ တောင်ကိုရီးယားသည် အာရှ၏ သားကောင်တစ်ယောက်လည်းဖြစ်၍ သူသည် အရှေ့ပိုင်းမှ ကျား (သို့မဟုတ်) နဂါးတစ်ကောင်လည်း ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံ၏ ကျော်ကြားမှုသည် သူ့နိုင်ငံမှ ထုတ်ကုန်အရည်အသွေးမြင့်မားမှုကြောင့်ပင်ဖြစ်သည်။ ကိုရီးယားနိုင်ငံ၏ ရုတ်ခြည်း အရည်အသွေးမြင့်မားမှုကို 'ဟန်မြစ်ပေါ်က ဖြစ်ရပ်ဆန်း' **The Miracle on the Han river.** ဟု တင်စားခေါ်ဆိုခဲ့သည်။ မျှော်လင့်ချက်ကင်းနေသော

http://swanbros.blogspot.com



ဘဝမှ တိုတောင်းလှသော အချိန်တိုအတွင်း ထွန်းသစ်စ စက်မှုနိုင်ငံဘဝသို့ ကိုရီးယားနိုင်ငံ ရောက်ရှိလာခြင်း၏ အဓိကအချက်မှ အရည်အသွေးပင် ဖြစ်သည်။

၁၉၆၀ ဝန်းကျင်က ဆိုး(လ်)မြို့၏ ပန်းဆိုးတန်းနှင့် ဆူးလေဘုရားလမ်းကဲ့သို့သော လမ်းများပေါ်တွင် ရွံ့အလူးလူးဖြင့် တစ်ကောင်တပ် ကျွဲလှည်းများကို မောင်းနှင်နေဆဲကာလမှ တောင်ကိုရီးယားနိုင်ငံသည် ၁၉၇၅ခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံများကို ကျော်ဖြတ်လာနိုင်ခဲ့၏။

၁၉၈၀ ပြည့်နှစ်ကာလအတွင်း မက်ဆီကို၊ အာဂျင်တီးနား၊ ဘရာဇီး၊ ပေါ်တူကီ၊ ပိုလန်နှင့် ဟန်ဂေရီ အစရှိသော နိုင်ငံများကို ဖြတ်ကျော်တက်ခဲ့ပြီး ၁၉၈၀ မှ ၁၉၉၀ များတွင် ကိုရီးယားနိုင်ငံသည် ထွန်းသစ်စ နိုင်ငံများထဲတွင် ဝင်ငွေအကောင်းဆုံးဖြစ်ကာ ယခုအခါ ကိုရီးယားတို့သည် ဂျပန်နှင့် ပခုံးချင်းယှဉ်ရန် ကြိုးစားလျက်ရှိပါ၏။

ကိုရီးယားနိုင်ငံသည် ရှေ့တန်းသို့ တက်မည့်သာ တက်လာသော်လည်း ယင်းနိုင်ငံသည် သယံဇာတ နတ္ထိဖြစ်၏။ သူတို့၏ ခြေဖဝါးအောက်တွင် ထုံးကျောက်တောင်ကြီးများက နေရာယူထားကြပြီး နိုင်ငံတစ်ခုလုံးကို ဆားငန်ရည်တို့က ဝိုင်းဝန်းထားခြင်းကို ခံထားကြရ၏။ ကိုရီးယားတို့သည် မိမိတို့နိုင်ငံကို ဖွဲလုံ့လဝီရိယ

http://swanbros.blogspot.com



နှင့် တည်ဆောက်ခဲ့ကြ၏။ မိမိတို့ကိုယ်မိမိ အရည်အသွေးရှိအောင် တည်ဆောက်ခဲ့ကြ၏။ ကိုရီးယားနိုင်ငံ၏ အစိုးရဌာနတိုင်းတွင် လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းတိုင်းတွင်လည်းကောင်း သင်တန်းကျောင်းများ ရှိကြ၏။ **R&D** ခေါ် **RESEARCH & DEVELOPMENT CENTRE** များသည်လည်း အစိုးရဌာနတိုင်း၊ ကုန်ထုတ်လုပ်မှုဌာနတိုင်းတွင် ရှိသည်။

ကျွန်တော်တို့ လေ့လာခဲ့သော ကိုရီးယားနိုင်ငံမှ ရုပ်မြင်သံကြားကြည့်စက် ထုတ်လုပ်သည့် **R & D** ဌာနတစ်ခုတွင် ယင်းတို့သည် မိမိတို့စက်ရုံမှ ထုတ်လုပ်သော ရုပ်မြင်သံကြားကြည့်စက် အလုံးတစ်သောင်းတွင် တစ်လုံးကျကို စမ်းသပ်ကြည့်ရှုသည်။ မိမိစက်ရုံမှ ထုတ်လုပ်သည့် မော်ဒယ်အားလုံးကို တစ်မျိုးစီ သိမ်းဆည်းထားရှိသည်။

ထို့ပြင် မိမိတို့နှင့် အပြိုင်ထုတ်လုပ်သော ကိုရီးယားကုမ္ပဏီများ၊ ဂျပန်ကုမ္ပဏီများနှင့် အမေရိကနှင့် ဥရောပမှ ထုတ်လုပ်သည့် ရုပ်မြင်သံကြားစက်များ အားလုံးကို ဝယ်ယူကာ တစ်စစီ ဖြုတ်ကြည့်ပြီး မော်ဒယ်အသစ်ဒီဇိုင်းများကို လာမည့် ဆယ်နှစ်စာအထိ တီထွင်ထားကြသည်။ ထိုသို့ တီထွင်ထားသော ဆယ်နှစ်စာ ဒီဇိုင်းများကို နှစ်စဉ် ပြန်၍သုံးသပ်ကြပြီး စားသုံးသူ စိတ်တိုင်းကျ **Customer's Sa-tisfaction** ဌာနများလည်းရှိသည်။

http://swanbros.blogspot.com



သူတို့သည် စားသုံးသူ၊ ဖောက်သည်တို့၏ မကျေနပ်မှုများကို အစဉ်အမြဲ လိုက်လံတောင်းခံ နားစွင့်ကာ မကျေနပ်မှုများကို ချက်ချင်း အိမ်တိုင်ယာရောက် ပြုပြင်ပေး တတ်ကြ၏။ နာမည်ကြီး ကိုရီးယား သတင်းဌာနဖြစ်သော ယိုနပ် သတင်းဌာနကြီးမှာပင် မိမိတို့ ယနေ့ထုတ်လွှင့်သော သတင်းနှင့်ပတ်သက်၍ ကြည့်ရှုနားဆင်သူတို့၏ မကျေနပ်ချက်များကို ချက်ချင်း ပြင်ဆင်ကြောင်း ပြောကြားပါသည်။

## သတ္တိရှိ သူတော်ကောင်း လူတော် ပညာရှိ

မြန်မာနိုင်ငံသည် တိုးတက်ဖွံ့ဖြိုးမှုကို ရှေးရှု၍ ဘက်စုံတည်ဆောက်လျက်ရှိသော နိုင်ငံဖြစ်သည်။ ၂၁ ရာစုတွင် နိုင်ငံငယ်များစွာတို့သည် မြန်မာနိုင်ငံကဲ့သို့ပင် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတေက်အောင် အလုအယက် ကြိုးပမ်းလာကြမည်ဖြစ်၏။ ရွာကမ္ဘာဖြစ်နေသော ယနေ့ကာလတွင် ဖွံ့ဖြိုးတိုးတက်မှုသည် ဝါးလုံးခေါင်းထဲတွင် လသာနေ၍မရတော့ဘဲ ကမ္ဘာ့အဆင့်အတန်းနှင့်အညီ ရင်ပေါင်တန်းနိုင်မှ မိမိတို့ မျှော်မှန်းကြသော ဖွံ့ဖြိုးမှုတို့ကို ရရှိမည်ဖြစ်ရာ အရည်အသွေးမရှိဘဲ ဘယ်နိုင်ငံမှ ကမ္ဘာ့အဆင့်အတန်းနှင့်အညီ ရင်ပေါင်တန်းနိုင်ကြမည် မဟုတ်ပေ။ ၁၉ ရာစုမှ ကမ္ဘာ ပြည်သူတို့သည်

http://swanbros.blogspot.com



(က) ညီရင်းအစ်ကို ချစ်မြတ်နိုးရေး၊

(ခ) တန်းတူညီမျှရေး၊

(ဂ) လွတ်လပ်ရေး၊

ဟူသော အရေးများကို ထိပ်တန်းတင် တောင်းဆိုခဲ့ကြသလို ယနေ့ ၂၁ ရာစု မျက်မှောက်ခေတ်ကမ္ဘာတွင် လူသားတို့သည်

(က) အရည်အသွေး ပြည့်ဝရေး၊

(ခ) အလုံးစုံ အရည်အသွေး ပြည့်ဝရေး၊

(ဂ) အဆက်မပြတ် အရည်အသွေး ပြည့်ဝရေး

ဟူ၍ တောင်းဆိုကြတော့မည် ဖြစ်သည်။

အရည်အသွေးသည် အလုံးစုံ၊ ဘက်စုံ ပြည့်ဝရုံသာမက ထိုအရည်အသွေးသည် စဉ်ဆက်မပြတ် **Continuity** တိုးတက်ရန်လည်း လိုသည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်၊ ပညာတတ်သူတော်ကောင်း၊ လူတော်လူတတ် သစ္စာ သတ္တိရှိသူ **INTELLECTUAL** များလိုအပ်လျက်ရှိသည်။ ထိုသူများကို နိုင်ငံတိုင်းက မိမိတို့၏တိုးတက်သော ပညာသင်ကြားရေးစနစ်များမှ မွေးထုတ်ပေးကြရမည်ဖြစ်၏။

ထို့ကြောင့် အရည်အသွေးရှိသော ကုန်ပစ္စည်းများထုတ်လုပ်ရန်နှင့် အရည်အသွေးပြည့်ဝ ခေတ်မီသော ပညာရေးစနစ်များလည်း ထူထောင်ရန် လိုအပ်လှပေသည်။

http://swanbros.blogspot.com



## အရည်အသွေးရှိမှ မျိုးချစ်၍ရမည်

ယနေ့ကမ္ဘာတွင် အရည်အသွေးဟူသော ကိစ္စသည် အရာရာနှင့် ဆက်စပ်ပတ်သက်သော မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ဟူသည့် အမျိုးသားရေးတာဝန်အပေါ်တွင်လည်း အရည်အသွေးဟူသော ပေတံဖြင့် တိုင်းတာကြည့်နိုင်မှ ပေမီထောက်မီ ဖြစ်တော့မည်။

နိုင်ငံသားတစ်ဦးသည် မိမိနိုင်ငံ၊ မိမိလူမျိုးကို ချစ်မချစ်ဟူသော ကိစ္စရပ်တွင် ထိုသူသည် အဘယ်မျှ အရည်အသွေးရှိသည်။ တာဝန်နှင့် ဝတ္တရားကို မည်မျှ ကျေပွန်သည်ဟူသော အချက်နှင့်တိုင်းတာမှ ပြည့်စုံမည် ဖြစ်၏။

စာပေထုတ်လုပ်သူတို့က အရည်အသွေးရှိသော စာပေများကို ထုတ်လုပ်ပါမှ၊ လူသုံးကုန်ပစ္စည်း ထုတ်လုပ်သူတို့က အရည်အသွေးမီ ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်ကြပါမှ၊ ဝန်ဆောင်မှုပေးသူတို့ကလည်း စင်းလုံးချော ဝန်ဆောင်မှုများကို ပေးနိုင်ကြပါမှ ထိုသူတို့သည် နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်ရှိသူများဟု သတ်မှတ်နိုင်၏။ အညံ့စား ကုန်ပစ္စည်းများကိုသာ ထုတ်လုပ်သူများသည် မြန်မာ့သားကောင်းများ ဘယ်သောအခါမှ မဖြစ်နိုင်ပေ။

ထို့ကြောင့် ကျွန်တော်တို့သည် အညံ့စား၊ အပေါစား နေရာများကို အကောင်းစား၊ ပထမတန်းစား

http://swanbros.blogspot.com



အရာများနှင့် အစားထိုးကြရမည် ဖြစ်သည်။ တာဝန် မကျေသော ဝန်ထမ်းများနေရာတွင် တာဝန်ကျေသော ဝန်ထမ်းများနှင့် အစားထိုးကြရပေမည်။ အညံ့စားများ ကို အကောင်းစားများနှင့် အစားထိုးနိုင်ပါမှ သို့မဟုတ် အရည်အသွေးမဲ့နေခြင်းကို အရည်အသွေး ကောင်းမွန် တောက်ပအောင် ဆထက်တိုး ဖန်တီးရယူနိုင်ကြပါမှ ၂၁ ရာစုတွင် လူတိုင်း လူရာဝင်ကြမည် ဖြစ်ပါ၏။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကို အခြေခံ၍ စက်မှု ဖွံ့ဖြိုးအောင် ကြိုးပမ်းရာတွင် အရည်အသွေးရှိသော စိုက်ပင်၊ ပျိုးပင်များ၊ အရည်အသွေးရှိသော စိုက်နည်း စနစ်များနှင့် အစားထိုးကြရမည်။ ထိုင်းနိုင်ငံသည် မိမိတို့နိုင်ငံ ထုတ်လုပ်သော သီးနှံများကို မျိုးကောင်း မျိုးသန့်များနှင့် အစားထိုးခဲ့ပြီဖြစ်၏။ အရည်အသွေးမီ စိုက်နည်းစနစ်များကိုလည်း အသုံးပြုခဲ့ပြီဖြစ်ရာ ထိုင်း နိုင်ငံ၏ သီးနှံတင်ပို့မှုသည် အံ့မခန်းလောက်အောင်ပင် အလွန်မှ အားရဖွယ်ရာ ဖြစ်သည်။

ထိုင်းနိုင်ငံသည် ဥရောပတစ်တိုက်တည်းသို့ ဒူးရင်း သီးများကို ဘိုးရင်း ၇၄၇ နှင့် နှစ်စဉ် အခေါက်ပေါင်း ၂၀၀ ကျော်မက တင်ပို့ရောင်းချနေသည်။ ထိုင်းနိုင်ငံ သည် မိမိ၏ အရည်အသွေးကောင်း ဒူးရင်းသီး ထုတ် လုပ်မှုကြောင့် ဤသို့ ရောင်းချနိုင်ခြင်းဖြစ်သည်။

http://swanbros.blogspot.com



ကျွန်တော်တို့သည် ထိုင်းနိုင်ငံလောက်ကောင်းသော ဒူးရင်းသီးကို မထုတ်လုပ်နိုင်ဘဲ ဥရောပဈေးကွက်တွင် ဒူးရင်းသီးရောင်းချ၍ မရနိုင်ပါ။ အလားတူပင် ဆန်စပါး ထုတ်လုပ်ရေး၊ ပဲမျိုးစုံထုတ်လုပ်ရေး၊ သားငါး ထုတ်ဝေရေး စသော ဘက်စုံကဏ္ဍအသီးသီးတွင် ပြိုင်ဘက်များနှင့် ပုခုံးချင်း ယှဉ်ပြိုင်ထုတ်လုပ်နိုင်ရန် မိမိတို့ ကြိုးစားကြရမည်။

အမှန်စင်စစ် အလုံးစုံ ဘက်စုံ အရည်အသွေး တိုးတက်ရေးအတွက် ဤစာအုပ်ငယ်မျှဖြင့် ပြည့်စုံမည် မဟုတ်ပါ။ စာတမ်းတစ်ကြိမ်ဖတ်၊ ဆွေးနွေးမှု တစ်ကြိမ်ပြု၊ ဆောင်းပါးတစ်ပုဒ်၊ စာတစ်အုပ်မျှဖြင့်လည်း ပြည့်စုံမည် မဟုတ်ပါ။ ကျွန်တော်တို့နိုင်ငံတွင် ဤစာအုပ်ငယ်ကို ဖတ်မိသည်မှ အစပြု၍ အရည်အသွေးဟူသော စကားရပ်ကို မပြတ်မလပ် စဉ်းစားတွေးတော လက်တွေ့လုပ်ဆောင်ကြရမည် ဖြစ်ပါ၏။ အရည်အသွေးဆိုင်ရာ ဆွေးနွေးပွဲများလည်း တစ်ရံမလပ် ရှိသင့်ပါသည်။

## အရည်အသွေးနှင့်စပ်ဆိုင်သော ကိစ္စတစ်ရပ်

အလုံးစုံ အရည်အသွေးဆိုင်ရာ ကိစ္စတစ်ရပ်ကို ကျွန်တော် ဆက်လက်တင်ပြလိုပါသည်။ ကိုရီးယား သံအမတ်ကြီး အစဉ်အဆက်သည် ကျွန်တော်နှင့် ရင်းနှီးခင်မင်ကြသူများ ဖြစ်ပါသည်။ တစ်ကြိမ်တွင် ကိုရီးယား

http://swanbros.blogspot.com



သံအမတ်ကြီး မစ္စတာကျွမ်ဘိုချိုင်းက သူသည် မြန်မာဆန်သော မိသားစုတစ်စုနှင့် ရင်းနှီးလိုပါသည်။ မြန်မာ့ရိုးရာစရိုက်များနှင့် နေထိုင်သော မြန်မာမိသားစု တစ်စုနှင့် အတူတကွ ရက်အတန်ကြာ လျော်ညီစွာ နေလိုပါသည်ဟု ဆိုပါ၏။

ထို့ကြောင့် ကျွန်တော်က သံအမတ်ကြီး မိသားစုကို မြန်မာမှုအစဉ်အလာ မြို့တော်ကြီးဖြစ်သည့် မန္တလေးမြို့သို့ ပို့ပေးကာ အစ်ကိုကြီး အရီးတောင်း ဦးကျော်သိန်းနှင့် အစ်မကြီး ဒေါ်ကြွယ်ကြွယ်တို့၏အိမ်တွင် သံအမတ်ကြီးမိသားစုကို တည်းခိုနေထိုင်စေခဲ့ပါ၏။

အရီးတောင်း ဦးကျော်သိန်းသည် သတင်းစာသမား၊ စာပေသမားတစ်ဦးဖြစ်၍ စာပေလောကအပေါ် အစ်ကိုကြီးဇနီးမောင်နှံတို့က သံယောဇဉ်ကြီးမားကြပါသည်။ အရီးတောင်းလက်ဖက်မျိုးရိုးဖြစ်သော အစ်မကြီး ဒေါ်ကြွယ်ကြွယ်မှာ မန္တလေးသူဟု ပြောရလောက်အောင် ချောမော၍ အလှဝေဆာနေသူ အမျိုးသမီးကြီး တစ်ဦး ဖြစ်ပါသည်။ အစ်မကြီးသည် နေ့စဉ် ကြော့ရှင်းလှပအောင် ဖြီးလိမ်းဝတ်စား၍ ကတ္တီပါ ဖိနပ်၊ ချိတ်ထဘီ၊ ပိုးအင်္ကျီတို့ကို ဝတ်ပြီး အဖိုးတန် ကျောက်မျက်ရတနာတို့ကို ဆင်မြန်းကာ သံအမတ်ကြီးတို့ မိသားစုအား ဧည့်ဝတ်ပြုပါသည်။

ယင်းသို့ လေးစားစရာကောင်းသော မြန်မာဇနီးမောင်နှံ၏ မြန်မာဆန်သော လိုက်ဖက်ညီစွာ ပြုစုမှုနှင့်

http://swanbros.blogspot.com



ပတ်သက်၍ သံအမတ်ကြီးက ဂုဏ်ပြု ချီးကျူးသော စကားများကို ကျွန်တော့်အား အကြိမ်ကြိမ် ပြောဆိုခဲ့ပါ၏။ သို့သော်လည်း အစ်မကြီး ဒေါ်ကြွယ်ကြွယ်နှင့် ပတ်သက်၍ မရှင်းလင်းနိုင်သောကိစ္စတစ်ရပ်ကို သံအမတ်ကြီးက ကျွန်တော့်အား မေးလိုသော်လည်း သံကြီးတမန်ကြီးတို့ဆိုင်ရာ ကျင့်ဝတ်များကို စောင့်စည်း၍ ပထမပိုင်းတွင် မမေးဘဲ နေခဲ့ပါ၏။

သို့သော် မနေနိုင်တော့သည့် တစ်နေ့တွင်တော့ သံအမတ်ကြီးက 'ဦးချစ်စံ ခွင့်ပြုမယ်ဆိုရင် မေးခွန်းတစ်ခု မေးပါရစေ' ဟု ဆိုပါ၏။

ကျွန်တော်က 'မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စရိုက်၊ မြန်မာမိသားစုများနှင့် ပတ်သက်၍ သံအမတ်ကြီး ကြိုက်တာမေးပါ' ဟု ဆိုသောအခါ သံအမတ်ကြီးက 'အစ်မကြီး ဒေါ်ကြွယ်ကြွယ်ဟာ အလွန်မှ ချောမော၍ ရုပ်ရည်ကလည်း သန့်ပြန့်ပြီး အသက် ၇၀ မျှ ရှိသည့်တိုင် အသားအရည် စိုပြည်လှပ နုဖတ်နေပါလျက် ဘာပြုလို့ အစ်မကြီးရဲ့ လက်ချောင်းလေးတွေဟု ဆိုကာ သံအမတ်ကြီးက သူ၏သံတမံဆိုင်ရာ စည်းကမ်းအရ ရှေ့ဆက်မမေးဘဲ နေပါ၏။

ပထမတွင် ကျွန်တော်သည် သူ့အမေးနှင့်ပတ်သက်၍ ဘာဖြေရမှန်းမသိဘဲ ဖြစ်ခဲ့ရပါ၏။ ဘာမေးမှန်းလည်း မသိဘဲ ဖြစ်နေ၏။ သို့သော် သူမေးသည်ကို သေသေချာချာ စဉ်းစားမိပြီးမှ -

http://swanbros.blogspot.com



'သံအမတ်ကြီးခင်ဗျား၊ အစ်မကြီး ဒေါ်ကြွယ်ကြွယ် ရဲ့ လက်ချောင်းလေးတွေက လက်ဖက်ဆီဝေ့နေတာ။ ဒါဟာ အရီးတောင်းလက်ဖက်ရဲ့ အလုံးစုံအရည်အသွေး **TOTAL QUALITY CONTROL** ရဲ့ လက္ခဏာပဲ' ဟု ပြောလိုက်၏။

သို့သော် သံအမတ်ကြီးက ကျွန်တော့်စကားကို သူက ထပ်၍ မရှင်း မရှင်းဖြစ်နေကာ ထပ်ရှင်းပြပါဦး ဆိုပါ၏။

## အရီးတောင်းလက်ဖက်

တကယ်တော့ အရီးတောင်း ဦးကျော်သိန်းသည် လက်ဖက်မျိုးရိုး မဟုတ်။ အစ်မကြီး ဒေါ်ကြွယ်ကြွယ် ကသာ လက်ဖက်မျိုးရိုးဖြစ်သည်။ အရီးတောင်းလက်ဖက် သမိုင်းအစသည် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ ပုဂံမင်း လက်ထက်က စခဲ့သည်။ စတင်ခဲ့သူမှာ နန်းတွင်းသူ မျိုးရိုး 'မတောင်း' ဆိုသော မိန်းကလေးဖြစ်၏။

'မတောင်း'၏ မိဘများသည် နန်းတွင်းသူဖြစ်၍ လက်ဖက်ဆက်ရသည်။ မိခင်ဖြစ်သူက 'မတောင်း' ကို နန်းတွင်း လက်ဖက်သုပ်နည်း၊ လက်ဖက်စပ်နည်းကို သင်ပေးခဲ့၏။

လက်ဖက်သုံးဆောင်ခြင်းအလေ့သည် မြန်မာတို့၏ နန်းတွင်းယဉ်ကျေးမှုတစ်ရပ် ဖြစ်သည်။ အရီးတောင်း၏ ဒုတိယမျိုးဆက်ခေတ်ကို မြေးဖြစ်သူ ဦးထွန်းအောင်က

http://swanbros.blogspot.com



ထိန်းထားခဲ့ပြီး ဦးကျော်သိန်း-ဒေါ်ကြွယ်ကြွယ်သည် အရှိးတောင်း၏ တတိယမျိုးဆက်ခေတ် ဖြစ်သည်။

ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ထွက်သော လက်ဖက်များသည် ရှေးနန်းတွင်းသုံး လက်ဖက်များဖြစ်သည်။ အရှိးတောင်း လက်ဖက်၏ တတိယမျိုးဆက်ဖြစ်သော ဦးကျော်သိန်းနှင့် ဒေါ်ကြွယ်ကြွယ်တို့၏ခေတ်တွင် အရှိးတောင်းလက်ဖက်ကို ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ် ဇရမ်းကြီးရွာမှ သီးသန့်စိုက်ပျိုးသော အရည်အသွေးကောင်း လက်ဖက်ကိုသာ အသုံးပြုသည်။

အရှိးတောင်းလက်ဖက်ကို နံနက်နေ ရရှိပြီး မွန်းလွဲနေ အထိုးမခံရသည့် ပေ ၃၀၀၀ နှင့် ၄၀၀၀ အကြား မြေဆီဓာတ်ကောင်းမွန်သည့် ဇရမ်းကြီးရွာတစ်ဝိုက်တောင်များမှ ထွက်သော လက်ဖက်အညွန့်များနှင့် ပြုလုပ်သည်။

ဇရမ်းကြီးရွာတောင်ကြောတို့မှထွက်သော လက်ဖက်သည် နူးညံ့ရုံသာမက အဖန် အငန် အဆိမ့် အချိုနှင့် အဆီဓာတ်တို့ မျှတစွာပါဝင်သည်။ စနစ်တကျ ထုပ်ပိုးခြင်း၊ တာရှည်ခံအောင် ထိန်းသိမ်းခြင်းတို့ကို ပြုလုပ်၍ ယင်းလက်ဖက်ကို နှမ်း၊ မြေပဲ၊ ကြက်သွန်ကြော်၊ ချင်း၊ ပုစွန်ခြောက်၊ အုန်းသီးခြောက်တို့ဖြင့် ရောနှောစားသုံးစေသည်။ အစ်ကိုကြီးတို့ နီးမောင်နှံသည် လက်ဖက်

http://swanbros.blogspot.com



နှင့်အတူ ရောဖက် စားသုံးရသော အကြော်များကိုလည်း ကိုယ်တိုင်ပြုလုပ်သည်။

ဇနီးမောင်နှံနှစ်ဦးတို့သည် နေ့စဉ် နံနက် ၄ နာရီခွဲတွင် ထ၍ ဘုရားရှိခိုးပြီး နံနက် ၅ နာရီအရောက် အလုပ်ခွင်သို့ သွားကြသည်။ အလုပ်ခွင်၌ စီမံစရာများကို စီမံ၍ ၆ နာရီတွင် ကုန်စည်ဒိုင်သို့ သွားသည်။ ကုန်ကြမ်းပစ္စည်း အလုံးစုံကို ကိုယ်တိုင်ဝယ်၍ ကြော်လှော်ခြင်း၊ သိုလှောင်ခြင်း၊ ထိန်းသိမ်းခြင်း လုပ်ငန်းများကို သူတို့ကိုယ်တိုင် သူတို့၏ သားသမီးများ၊ မြေးများ အပါအဝင် စိတ်ချရသော ဝန်ထမ်းများနှင့် ပြုလုပ်ကာ နောက်တစ်နေ့ရောင်းချမည့် လက်ဖက်များကို ဒေါ်ကြွယ်ကြွယ်က ကိုယ်တိုင်သုပ်၍ ကိုယ်တိုင်မြည်းကြည့်ပြီး ည ၉ နာရီထိုးမှ အိမ်သို့ပြန်သည်။

ဒေါ်ကြွယ်ကြွယ်သည် တစ်သက်တာပတ်လုံး လက်ဖက်သုပ်၊ လက်ဖက်မြည်းခဲ့သောကြောင့် ပင်ကိုဝါဝင်းနေသော လက်ချောင်းများသည် လက်ဖက်ဆီတက်ခြင်း အတွေ့အကြုံကို ကာလနှစ်ပေါင်း ရှည်ကြာစွာ ခံခဲ့ရသည်။ လက်ချောင်းများ ဘာကြောင့်ညိုမည်းနေရသည့် အဖြစ်ကို မသိရှာသော သံအမတ်ကြီး မစ္စတာကျွမ်ဘိုချိုင်းအား

'အရီးတောင်း ဒေါ်ကြွယ်ကြွယ်လက်ဟာ **TQC** ၏ အမှတ်အသား၊ တစ်နည်းအားဖြင့် ပြောရရင် အရီး

http://swanbros.blogspot.com



တောင်း လက်ဖက်လုပ်ငန်းကြီးအပေါ်မှာ ဒေါ်ကြွယ်ကြွယ် ကိုယ်တိုင်ကိုယ်ကျ ဘယ်လောက် အလေးထား ပါဝင်ဆောင်ရွက်ခဲ့တယ်ဆိုတဲ့ သက်သေခံ အထောက်အထား၊ အင်း . . . လက်ဖက်အရည်အသွေးတက်တာကို ပြတဲ့ သက်သေပဲ ဖြစ်ပါတယ်' ဟု ကျွန်တော်က ပြောကြားရသောအခါ ကိုရီးယား သံအမတ်ကြီးက

'အနှစ် ၁၅၀ ကြာမြင့်ခဲ့ပြီဖြစ်သော လုပ်ငန်းတစ်ရပ်၏ အလုံးစုံ အရည်အသွေးကို ယခုကဲ့သို့ ထိန်းသိမ်းမှုသည် အလွန်လေးစားဖွယ်ရာ ဖြစ်သည်။ ဤကဲ့သို့သော မိသားစုနှင့် မိတ်ဆွေဖြစ်ရ၍ အထူးဝမ်းမြောက်ဖွယ်ရာ ဖြစ်သည်။ မြန်မာလူမျိုးတို့၏ အရည်အသွေး ထိန်းသိမ်းမှုကို လေးစားရပါသည်'

ဟု ထုတ်ဖော်ပြောဆိုခဲ့ပါ၏။

## နိဂုံး

မျက်မှောက်ခေတ်ကာ အလုံးစုံအရည်အသွေး ထိန်းသိမ်းမှုဆိုသော စကားရပ် ရုပ်လုံးပေါ်ပေါက်လာစေရန် တတ်နိုင်သမျှသော ရှုထောင့်များမှနေ၍ အတိုချုံးပြီး ကြိုးစားတင်ပြခဲ့ပါသည်။

ကျွန်တော် အထက်ကပြောခဲ့သည့် အလုံးစုံအရည်အသွေး ထိန်းသိမ်းရေး ပညာရပ်သည် ဤမျှဖြင့် ပြည့်စုံပြီဟု မဆိုနိုင်ပါ။ အရည်အသွေးဟူသော စကားရပ်ကို

http://swanbros.blogspot.com



မြန်မာပြည်သူတို့ အကျွမ်းတဝင်ရှိလာ၍ မိမိတို့လူမျိုး၊ မိမိတို့တိုင်းပြည် အရည်အသွေးရှိလာစေရန် ယခုအချိန်မှ စတင်လုပ်ဆောင်လျှင်လည်း ဟန်မြစ်ဘေးက အံ့ဩဖွယ် ဖြစ်ရပ်ဆန်း ဆိုသလို ဧရာဝတီမြစ်ဘေးမှ အရည်အသွေးဆိုင်ရာ ဖြစ်ရပ်ဆန်းတစ်ခုကို တည်ဆောက် ဖန်တီးနိုင်မည်မှာ အမှန်ပင်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

http://swanbros.blogspot.com



## ရည်ညွှန်း စာအုပ်စာတမ်းများ


၁။ **The Man Who Discovered Quality.**
**Andrea Gabor**

၂။ အရည်အသွေးကို ဖော်ထုတ်သူ
ဘာသာပြန် - မောင်လှစိုး။

၃။ **TOTAL QUALITY MANAGEMENT**
ဆောင်းပါး - ပြည်စိုး။

၄။ ကိုရီးယား (သို့မဟုတ်)
ဟန်မြစ်ပေါ်က ကိုးတောင်ကျား
ချစ်စံဝင်း။

၅။ အင်ဝှာဝန် **INWHAWON** ၏
သင်တန်းမှတ်စုများ။

၆။ **FUTURE SHOCK**
**Alvin Toffler**

၇။ **GLOBALISATION ON OVERVIEW**
**DR. HIRU BIJLANI. 1994. SINGAPORE**


ပန်းမျိုးတစ်ရာ စာပေ

http://swanbros.blogspot.com



၈။ **ASIAN TRADITIONS AND MODERNIZATION**
**Perspectives, from SINGAPORE-1992**
**Edited by - Yong Mun Cheo-ng.**

၉။ **HOW TO DO BUSINESS WITH THE JAPANESE**

၁၀။ **MYANMAR-KOREA ECONOMIC COOPERATION.**
**Edited by Than Nyun, Dalchoong kim seoul press**

၁၁။ **THE RISE OF THE KOREAN ECONOMY**
**Byung-Nak Song-Oxford. New york.**

http://swanbros.blogspot.com

